www.burmeseclassic.com

T H O E   S A U N G

# သိုးဆောင်း



BURMESE CLASSIC .com

SHWE THAMIEE PUBLISHING HOUSE

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက် တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


သားသား စီစဉ်သည်။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၂၀၄၀၁၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၀၂၆၀၁၁၂

ထုတ်ဝေသူ
ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)
အမှတ်-၁၆၀၊ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၂ ခုနှစ်၊ ဧပြီလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၂၀၀၀ ကျပ်

သိုးဆောင်း
(လှိုင်ဝက်မြို့ရိုး၏နောက်ဆုံးအုတ်ချပ်) / သိုးဆောင်း၊ ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ၂၀၁၂
၂၂၂-စာ၊ ၁၂.၅၊ ၁၉.၅ စင်တီ။
(၁) လှိုင်ဝက်မြို့ရိုး၏နောက်ဆုံးအုတ်


www.burmeseclassic.com

www.burmeseclassic.com

# I

ကားပေါ်ကဆင်းဆင်းချင်း ပထမဆုံးမြင်လိုက်ရသည်က အေးစက်ထုံကျင်နေသော လေတွေပါပဲ။ တဟူးဟူးတိုက်ခတ်နေသည့်ကြောင့် အကျႌလွတ်နေသောလက်ဖျားတွေပင် ကျင်စက်စက်ဖြစ်သွားရသည်။ ညာဘက်လက်မှကိုင်ထားသော ခရီးဆောင်အိတ်ကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်မိ၏။

ကားအောက်မှ စောင့်ဆိုင်းနေသူများထံမှ လူတစ်ယောက်အနားကပ်လာကာ . . .

"ညီလေး . . . ဘယ်သွားမလို့လဲ"

သူ အဖြေပြန်မပေးမိ။ ခရီးဆောင်အိတ်ကိုဆွဲကာ ကားဂိတ်အတွင်းသို့ ခပ်သွက်သွက်ဝင်သွားလိုက်သည်။ ကားဂိတ်အတွင်း လေကွယ်ရာရောက်မှ လူက အနည်းငယ်နွေးသာထိုင်သာရှိသွား၏။ ခုံလွတ်တစ်လုံးတွင်ဝင်ထိုင်ကာ ဆင်းလာခဲ့သောအဝေးပြေးကားကြီးဆီ လှမ်းကြည့်မိပါသည်။

ခရီးသည်တွေ ဆင်းနေတုန်းပင်ရှိသေးသည်။ အောက်ဖက်မှာကားကြိုတင်စောင့်ဆိုင်းနေသော Taxi သမားတွေ၊ သုံးဘီးဆိုင်ကယ်သမားတွေမှာ ခရီးသည်များကို အလုအယက်ခေါ်ငင်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မှမောင်းနှင်လာသော ခရီးသည်တင် အဝေးပြေးကားကြီး တစ်စီး ထိုးဆိုက်လာမှုကြောင့် အိပ်စက်နေသောကားဂိတ်လေးမှာ သက်ဝင်လှုပ်ရှားလာခြင်းဖြစ်သည်။ ထိုင်ခုံမှာထိုင်ပြီးတော့ ပုခုံးမှာလွယ်လာသော ကျောပိုးအိတ်ကိုချွတ်ကာ ပေါင်ပေါ်တင်လိုက်သည်။ ယူဆောင်လာသော ပစ္စည်းပစ္စယများအနက် ထိုကျောပိုးအိတ်မှာ အရေးအကြီးဆုံးဖြစ်ပါ၏။

"ညီလေး . . .၊ ဘယ်သွားမလို့လဲ။ အစ်ကို ဘယ်လိုက်ပို့ပေးရမလဲ"

ယခုချိန်ထိ ရစ်သီရစ်သီလုပ်နေသေးသော အနားမှာကပ်ပါလာသူ့စကားကြောင့် လက်မှနာရီကို တစ်ချက်ပင့်ကြည့်လိုက်သည်။

မနက် (၅:၃၀)။

မိုးလင်းခါနီးပြီဖြစ်ပေမဲ့ ပတ်ဝန်းကျင်က မှောင်အားကြီးဆဲပင် ရှိနေသေးသည်။ ကားဂိတ်တွင်းမှာတော့ မီးရောင်တွေဖြင့် လင်းထိန်နေသည်။ လှုပ်ရှားသံ၊ ပြေးလွှားသံ၊ ခရီးသည်နှင့် Taxi သမားများ ဈေးစကားပြောသံ၊ သူ့ထက်ငါ အလုအယက်ခေါ်ငင်သံတွေဖြင့် ဆူညံနေသည်။

"အစ်ကိုက ကားလား၊ ဆိုင်ကယ်လား"

"ဆိုင်ကယ် ညီလေး။ ကားနဲ့သွားချင်လည်းရတယ်"

"ရပါတယ်။ ကျွန်တော် ဆိုင်ကယ်နဲ့ပဲသွားမှာပါ"

သူ့စကားကြောင့် ဆိုင်ကယ်သမားမှာ အနားတိုးလာသည်။

"ညီလေး ဘယ်သွားချင်လို့လဲ"

ဟိုတယ်တစ်ခုနာမည်ကို ပြောပြလိုက်တော့ . . .

"သိတယ် ညီလေ။ နှစ်ထောင်ပဲပေး"

နှစ်ခါသုံးခါရောက်ဖူးထားသော နေရာတစ်ခုမို့ ဈေးတော်ကြောင်းသိလိုက်သည်။ ထို့ကြောင့် . . .

"အဲ့ဒါဆိုလည်း သွားတာပေါ့။ ဒါပေမဲ့ ကျွန်တော် ဆေးလိပ်တစ်လိပ်လောက်တော့ သောက်ဦးမယ်"



"ရတယ်ညီလေး။ အေးဆေးလုပ်၊ ရတယ်"

ဆိုင်ကယ်သမားကို ခေါင်းညိတ်ပြရင်း ဘောင်းဘီအိတ်ထဲမှ ဆေးလိပ်ဘူးကိုထုတ်လိုက်သည်။ ပြီးတော့ တစ်လိပ်ထုတ်ကာ မီးညှိလိုက်၏။ နှစ်ဖွာ၊ သုံးဖွာလောက်ဖွာပြီးသွားတော့ လူက အနည်းငယ် နေသာထိုင်သာရှိသွား၏။ အချမ်းပေါ့သွားသလိုလည်း ခံစားလိုက်ရသည်။

ဆိုင်ကယ်သမားကတော့ ဘေးနားဝင်ထိုင်ကာ သူ့ကိုစောင့်စားနေသည်။ ကားဂိတ်တွင်းမှာက ယခုထက်တိုင် လူတွေရှုပ်ထွေးဆဲ။ သူစီးနင်းလိုက်ပါလာရာကားကြီးကတော့ ခရီးသည်ရှင်းသွားပြီမို့ မီးမှိတ်၊ တံခါးပိတ်နေတာတွေ့ရသည်။

တော်သေး၏။ အနွေးထည်ထူထူဝတ်ထားလို့။ မဟုတ်လျှင် မလွယ်။ ပြင်ဦးလွင်ရဲ့ဆောင်းမနက်ခင်းကို သူ အထင်မသေးရဲတော့။ ဆေးလိပ်တစ်လိပ်ကုန်လုလုမှာ သူ မတ်တပ်ထရပ်လိုက်ပါသည်။

"သွားရအောင် အစ်ကို"

"အိုကေ . . . ညီလေး"

ဆိုင်ကယ်သမားက ကားဂိတ်အတွင်းမှတစ်ဆင့် သူ့ကို အပြင်ခေါ်ထုတ်သွားသည်။ အပြင်မှာလည်း ကားတွေ၊ ဆိုင်ကယ်တွေ၊ တုတ်တုတ် (ခေါ်) သုံးဘီးဆိုင်ကယ်တွေဖြင့် ရှုပ်ထွေးနေသည်။ မကြာလိုက် ဆိုင်ကယ်တစ်စီး သူ့ရှေ့ရောက်လာပါ၏။ ခရီးဆောင်အိတ်ကိုဆွဲကာ တက်ထိုင်မည်ပြုတော့ . . .

"ပေး . . . ပေး ညီလေး။ အိတ် အစ်ကို့ကိုပေး"

ပေးလိုက်တော့ ဆိုင်ကယ်သမားက ခရီးဆောင်အိတ်ကို သူ့ရှေ့မှာချသည်။ ပြီးတော့မှ . . .

"ရပြီ။ တက်တော့ ညီလေး"

ဆိုင်ကယ်ပေါ်တက်ထိုင်လိုက်တော့ ဂျင်းဘောင်းဘီထူထူဝတ်ထားပေမဲ့ တင်ပါးတွေအေးသွားရ၏။ စိုစွတ်စွတ်အထိတွေ့ကိုလည်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ခံစားလိုက်ရသည်။ ဆိုက်ကယ်ခုံပေါ်မှာ နှင်းတွေကျထားသည်ထင်၏။ သူ သတိမပြုမိလိုက်။ မတတ်နိုင်တော့။ ဟိုတယ်ရောက်မှပဲ သောင်းဘိလဲရတော့မည်။

ထိုစဉ်မှာပဲ ဆိုင်ကယ်သမားက စက်ကိုနှိုးကာ ကားဂိတ်အတွင်းမှ မောင်းထွက်သွားပါသည်။ အေးစက်စက်လေငွေ့တွေ မျက်နှာကိုလာစင်တော့ ချစ်စရာဒေသကို သူနှုတ်ခွန်းဆက်သလိုက်သည်။

'မင်္ဂလာပါ ပြင်ဦးလွင်ရေ . . ."

မြို့လေးက အိပ်မောကျလျက်ပင်ရှိသေး၏။ ဆိုင်ကယ်လေးတစ်စီးမှာ ဦးတည်ရာဟိုတယ်ဆီသို့ တရိပ်ရိပ်ပြေးနေသည်။ တိုးဝင်လာသောလေတွေမှာ နှင်းစက်တွေပေကျံနေပါသည်။ မျက်နှာကို အရှိန်နဲ့လာတိုက်သည်မို့ ရေခဲရေနှင့်ပက်သလောက်နီးနီး ခံစားရ၏။

ဆယ်မိနစ်လောက် မောင်းပြီးသွားချိန်မှာတော့ မီးရောင်ဝါဝါနှင့် ဟိုတယ်ဆိုင်းဘုတ်ကြီးတစ်ခုကို တွေ့လိုက်ရလေသည်။ မနက်လင်းခါနီးပြီမို့လားမသိ။ ဟိုတယ်ခြံဝန်းတံခါးမှာ ဖွင့်ထားသည်။ ဆိုင်ကယ်သမားက ဟိုတယ်ဝင်ပေါက်ရှေ့ရောက်အောင် မောင်းဝင်လာ၏။ ဝင်ပေါက်ရှေ့ရောက်တော့ ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်သည်။

ပြီးတော့ ဆိုင်ကယ်သမားကို ပိုက်ဆံရှင်းပေးလိုက်ပါသည်။ သို့ပေမဲ့ ဆိုင်ကယ်သမားက ခရီးဆောင်အိတ်ဆွဲကာ ဟိုတယ်တွင်းရောက်အောင်ပို့ပေး၏။ သူတို့ကိုမြင်တော့ reception ဝန်ထမ်းနှစ်ယောက်အိပ်မှုန်စုံမွှားဖြင့် ခေါင်းထောင်လာကာ . . .

"မင်္ဂလာပါ ခင်ဗျာ"

လေးလေးပင်ပင် နှုတ်ဆက်မှုကို ခေါင်းညိတ်ပြရင်း . . .

"အခန်းရဦးမလား"

"ဟုတ်ကဲ့၊ ရပါတယ်။ ဘယ်နှယောက်လဲ မသိဘူး"

"တစ်ယောက်တည်းပါ"



ပြောပြီး မှတ်ပုံတင်ကို စားပွဲပေါ်တင်ပေးလိုက်တော့ ဝန်ထမ်းတစ်ယောက်က နောက်ကိုလှည့်ကြည့်ကာ . . .

"တစ်ယောက်ခန်းက (107)ရယ်၊ (110)ရယ်ကျန်သေးတယ် အစ်ကို"

စကားဆုံးအောင်မစောင့်နိုင်တော့ပဲ လိုချင်သောအခန်းကို ပြောလိုက်သည်။

"(107)ကိုပေး"

သူ့စကားကြောင့် ဝန်ထမ်းက နောက်ဘက်မှာချိတ်ဆွဲထားသောသော့တွဲတွေထဲမှ အခန်းသော့တစ်ခုကိုဖြုတ်ကာ သူ့ရှေ့ချပေးသည်။ အဆင်ပြေသွားပြီမို့ ဆိုင်ကယ်သမားလည်း နှုတ်ဆက်ကာပြန်သွားသည်။ ပိုက်ဆံကိုထုတ်ကာ reception မှာ နှစ်ရက်ခ ရှင်းပေးထားလိုက်၏။

ဘယ်လိုပဲဖြစ်ဖြစ် ပြင်ဦးလွင်မှာ တစ်ပတ်လောက်နေဖြစ်ဦးမည်မဟုတ်ပါလား။ နှစ်ခါလောက်တည်းဖူးထားသည်မို့ ဒီဟိုတယ်က သူနဲ့ အစိမ်းသက်သက်မဟုတ်။ ဒါပေမဲ့ ဝန်ထမ်းဦးဆောင်ရာနောက်သို့ပဲ လိုက်သွားလိုက်သည်။ သူယူထားသောအခန်းမှာ ဒုတိယထပ်တွင်ရှိနေပါသည်။ ဝန်ထမ်းက တံခါးကိုဖွင့်ကာ အခန်းတွင်း ဦးဆောင်ဝင်သွား၏။

သူ့စိတ်ကြိုက် အခန်းလေးပါပဲ။ မကျယ်လွန်း၊ မကျဉ်းလွန်းပဲ အနေတော်ရှိသည်။ ပြီးတော့ အခန်းနံရံကို ကြက်ဥနှစ်ရောင်သုတ်ထားသည်။ ဟိုတယ်အခန်းတစ်ခုတွင် ရှိသင့်ရှိထိုက်သောပစ္စည်းများမှာလည်း သူ့နေရာနှင့်သူရှိနေပါသည်။ လိုက်ကာဖယ်ကာ အပြင်ကိုကြည့်လိုက်တော့ မှောင်လို့ကောင်းတုန်း။

ဝန်ထမ်းလေးထွက်သွားတော့ သူတစ်ယောက်တည်း ကျန်ခဲ့သည်။ မိုးမလင်းသေးသည်မို့ တစ်ရေးလောက်အိပ်ဖို့ ဆုံးဖြတ်လိုက်၏။ (မိုးလင်းလျှင်လည်း အိပ်မှာပါပဲ။)



www.burmeseclassic.com

www.burmeseclassic.com

အရင်ဆုံး ပခုံးမှကျောပိုးအိတ်ကိုချွတ်ကာ စားပွဲပေါ်တယုတယတင်လိုက်သည်။ ပြီး . . . ခရီးဆောင်အိတ်ကိုဖွင့်ကာ ညဝတ်အင်္ကျီတစ်စုံထုတ်လိုက်၏။ အချမ်းမပြေသေးသည်မို့ အလျှင်အမြန်ပင် အဝတ်လဲလိုက်ပါသည်။

အဝတ်လဲပြီးတော့ ခုတင်ပေါ်တက်ကာ စောင်ထူထူကို လည်ပင်းထိရောက်အောင် ဆွဲခြုံလိုက်သည်။

ခရီးပမ်းနေလို့လားမသိ။

ခဏချင်းပင် အိပ်ပျော်သွားပါ၏။

ᨀ ᨀ ᨀ



ချယ်ရီတောသို့ ရောက်ခဲ့ပြီ
မနက်ခင်းရေ
ထွက်ခဲ့တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

## II

အိပ်ရာကနိုးတော့ ဆယ်နာရီခွဲ။ ဗိုက်ဆာသလိုရှိသည်ကြောင့် လှဲနေရာမှ ထ,ထိုင်လိုက်သည်။ ပြီး ကုတင်ခေါင်းမှဆင်းကာ ပြတင်းတံခါး ဆီသွားလိုက်၏။ လိုက်ကာကိုဆွဲဖယ်လိုက်တော့ လင်းချင်းဝင်းပနေသော နေရောင်က အိမ်ခေါင်မိုးများပေါ်နှင့် သစ်ပင်ထိပ်များတွေမှာ ကုပ်ကပ်နေ ရာယူနေသည်။

ပြတင်းတံခါးကိုဆွဲဖွင့်စဉ် လေအေးတစ်သိုက်က သူ့ကိုနှုတ်ဆက်လာသည်။ 'မင်္ဂလာပါ ပြင်ဦးလွင်ရေ'ဟု စိတ်ထဲမှ နှုတ်ဆက်ဖြစ်လိုက်ပေမဲ့ 'မင်္ဂလာပါ သော်ဖြိုးဆေရေ'ဟုတော့ သူ့ကို ပြန်မနှုတ်ဆက်ပါ။ သူ့နာမည်ကိုမသိတာလည်း ပါပါလိမ့်မည်။ နာမည်သိလျှင်တော့ နှုတ်ဆက်ကောင်းနှုတ်ဆက်နိုင်ပါသည်။

အပြင်ဘက်မှာက အထပ်နိမ့်တိုက်ပုလေးတွေ။ ထင်းရှူးပင်ပေါက်တွေ လေတိုက်တိုင်းယိမ်းထိုးနေသည့် အားပျော့ပျော့သစ်ပင်လေးတွေမှာ သူ့နေရာနှင့် သူ့အလှေ့ကျပေါက်ရောက်နေပါသည်။ တမင်တကာစိုက်ထားခြင်းလည်း ဖြစ်လောက်သည်။ ဘာပဲပြောပြော မြင်ကွင်းက သူလိုလူတစ်ယောက်အတွက် မရိုက်ပဲ သဘာဝကျသည့် ဓာတ်ပုံတစ်ကားပါပဲ။



ပတ်ဝန်းကျင်ရဲ့ အလှေ့ကျဓာတ်ပုံတစ်ကားကို သော်ဖြိုး ငေးကြည့်နေရာမှ တစ်စုံတစ်ယောက်ကို သတိရလိုက်သည်။

စောထူးကို ဖုန်းဆက်ရဦးမည်။ မနေ့က ဖုန်းကြိုဆက်ထားသည့်အတွက် ယခုချိန်ဆို သူ့ကိုမျှော်နေလောက်ပြီဖြစ်၏။ အခန်းတွင်းပြန်ဝင်ကာ လဲထားသောဘောင်းဘီအိတ်တွင်းမှ ဖုန်းကိုထုတ်လိုက်သည်။ ဝတ္တရားမပျက် သုံးခါလောက်ခေါ်ပြီးသွားတော့မှ ဖုန်းက မဝင်ချင်ဝင်ချင်နှင့်ဝင်သွား၏။

ဝင်ဝင်ချင်းကြားရသည်ကား . . .

"ဟယ်လို . . ."

"ဟော့ကောင် စောထူး၊ ငါ သော်ဖြိုး"

"ဟာ . . . သော်ဖြိုး၊ မင်းရောက်နေပြီလား"

"အေး . . . မနက်ကရောက်တယ်။ မင်း အခုဘယ်မှာလဲ"

"ငါ အခု ပြင်ဦးလွင်နဲ့ မန္တလေးကြားလမ်းမှာ"

စကားက တစ်ဝက်တစ်ပျက်နှင့်ရပ်ပြီး မကြားတစ်ချက်၊ ကြားတစ်ချက်ဖြစ်နေသည်။ လေတိုးသံတွေဆူညံသွားပြီး တစ်အောင့်ကြာတော့မှ စောထူးအသံကို ပုံမှန်ပြန်ကြားရ၏။

"ဟော့ကောင် . . . သော်ဖြိုး၊ ငါပြောတာ ကြားလား"

"အေး . . . မကြားလိုက်ဖူး။ ဖုန်းက လိုင်းမမိဘူးဖြစ်နေတယ်။ မင်းဘာပြောလိုက်တာလဲ"

"ငါ့အမေ ကုန်ကားတစ်စီး (၂၁)မိုင်နားမှာပျက်နေလို့။ ငါဆင်းပြီးသွားကြည့်ပေးနေတာ။ မနက်က မင်းဖုန်းကိုခေါ်မလို့ဘဲ။ မင်း ပင်ပန်းပြီးအိပ်နေမယ်ထင်လို့ မခေါ်လိုက်တာ"

"ဟုတ်တယ်၊ ငါ ဟိုတယ်ရောက်ရောက်ချင်း အိပ်လိုက်တာ အခုမှနိုးတယ်။ နိုးနိုးချင်း မင်းဆီဖုန်းဆက်လိုက်တာပဲ။ မင်း အခုမအားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

စကားဆုံးတော့ စောထူး၏ အားနာဟန်ဖျော့ဖျော့ကို ကြားရသည်။

"အေးကွာ၊ အားနာလိုက်တာ သူငယ်ချင်းရာ။ အလုပ်က အမှတ်မထင်ပေါ်လာလို့။ ညနေတော့ ပြီးမယ်ထင်တာပဲ"

"ရတယ် . . . ရတယ်ဟေ့ကောင်၊ ကိစ္စမရှိဘူး။ မင်းအလုပ်သာ မင်းပြီးအောင်လုပ်။ ငါလည်း ခရီးပမ်းလာတာနဲ့ အတော်ပဲ။ ဒီနေ့တစ်နေ့တော့ ဟိုတယ်မှာပဲ အောင်းနေလိုက်မယ်။ ဒါနဲ့ ငါ့အတွက် ရှုခင်းကောင်းကောင်းလေးကိုတော့ ကြည့်ပေးထားမယ်မလား"

"ကြည့်ပေးထားတာပေါ့ကွ။ မင်းသာ ပုံကောင်းရရင် ငါ့ကိုမမေ့နဲ့"

စောထူးစကားကြောင့် သူ ပြုံးလိုက်မိသည်။

"အေးပါကွာ၊ အဲ့လိုဆို မင်း ငါ့ဆီဘယ်တော့လာမှာလဲ"

"ညနေ ငါပြန်ရောက်ရင် ဖုန်းဆက်လိုက်မယ်လေ။ အ[illegible] တည်းနေကျ ဟိုတယ်ပဲမလား"

"အေး . . . ဟုတ်တယ်"

"အိုကေ . . . အိုကေ ဟေ့ကောင်။ ဒီတစ်နေ့ခင်းတော့ မင်း ဟိုတယ်မှာပဲအောင်းနေလိုက်တော့။ ငါ ကားပစ္စည်းဝယ်စရာရှိလို့ မန္တလေးဆင်းလိုက်ဦးမယ်"

"အေး . . . အေး . . ."

ဖုန်းချပြီးတော့ ဗိုက်မှာတကြုတ်ကြုတ်မြည်လာသည်။ စောထူးအားမနာရအောင် ဒီတစ်နေ့ ဟိုတယ်မှာပဲအောင်းနေမည်ဟု ပြောလိုက်ပေမဲ့ တကယ့်တကယ် သူမလုပ်နိုင်ပါချေ။ ဟိုတယ်အခန်းတွင်းအောင်းနေတာထက်စာလျှင် အပြင်ထွက်တာက သူ့အတွက် တစ်စုံတစ်ရာ အကျိုးဖြစ်နိုင်မည်ထင်သည်။ စိတ်ကြိုက်ပုံတစ်ပုံလောက်ရလျှင် မနည်း။

ရေမိုးချိုးပြီးတော့မှ မြို့ထဲဘက်သွားလိုက်ဦးမည်။ ဘာကြောင့်မှန်းမသိ။ ဟိုတယ်အစာတွေကို သူ ခံတွင်းမတွေ့။ အပြင်မှာပဲ တစ်ခုခုစားလိုက်တော့မည်။ အရေးကြီးတာတစ်ခုလည်း ရှိသေးသည်။ ပြင်ဦးလွင်ဆောင်းကို ရေရှည်အန်တုဖို့ အနွေးထည်လည်း ထပ်ဝယ်ရဦးမည်လေ။

သူ့မှာပါလာသောအနွေးထည်ဖြင့် ဒီဆောင်းကို ရေရှည်အန်တုဖို့ ဖြစ်နိုင်မည်မထင်။

စောထူးမှာ တက္ကသိုလ်တက်စဉ်က ခင်မင်ခဲ့သော သူငယ်ချင်းဖြစ်ပါသည်။ အဖေမရှိတော့သည်မို့ မိသားစုပွဲရုံလုပ်ငန်းကို ဦးစီးလုပ်ကိုင်နေသူလည်းဖြစ်သည်။ သူကတော့ ကျောင်းပြီးကတည်းက ကင်မရာတစ်လုံးဖြင့် အလုပ်ရှုပ်နေခဲ့သူပေါ့။ ယခု ပြင်ဦးလွင်လာခြင်းမှာလည်း အပျော်ဘမ်းဓာတ်ပုံရိုက်ရန်အတွက် ရောက်လာခြင်းဖြစ်သည်။

ရောက်တုန်းရောက်ခိုက် နှိပ်စက်ရန်ပုဂ္ဂိုလ်ကတော့ ပြင်ဦးလွင်သား စောထူးပင်ဖြစ်တော့၏။ လောလောဆယ်ကတော့ ရေအရင်ချိုးရပေမည်။ ပြီး မြို့ထဲဖက်သွားကာ ဟာနေသောဝမ်းကို ဖြည့်ရမည်။ အတွေးဆုံးသော ရေချိုးခန်းဝင်လိုက်ပါသည်။

ခလုတ်ကိုလှည့်လိုက်တော့ ရေမှုန်တွေ ဖွဲခနဲ သူ့အပေါ်ကျလာ၏။

"အားပါး . . . အေးလိုက်သည့်ဖြစ်ခြင်း"

• • •

ရေချိုးပြီးတော့ မြင်းလှည်းတစ်စီးငှားကာ မြို့ထဲဘက် ထွက်ခဲ့လိုက်သည်။ နှစ်ခါ၊ သုံးခါရောက်ဖူးထားသည်မို့ အရာရာက သူနှင့်အစိမ်းသက်သက်မဟုတ်ပါ။ မြို့ထဲရောက်တော့ အရင်ဆုံး ဗိုက်ကိုဖြည့်လိုက်၏။ ပြီးတော့ ဆွယ်တာဆိုင်တစ်ဆိုင်သို့ဝင်ကာ စိတ်ကြိုက်အကျီနှစ်ထည်ကို ဝယ်လိုက်ပါသည်။

ဒီလောက်ဆိုလျှင်ဖြင့် အအေးဓာတ်ကိုအန်တုဖို့ ရနိုင်ကောင်းပေပြီ။ အကျီဝယ်ပြီးတော့ ဟိုတယ်လည်း မပြန်ချင်သေးသည်မို့ ခြေဦး





www.burmeseclassic.com

www.burmeseclassic.com

တည့်ရာ လျှောက်လာခဲ့လိုက်၏။ ဒီအချိန်ဆို ရန်ကုန်မှာ နေပူကောင်းတုန်းဖြစ်ပေမဲ့ ပြင်ဦးလွင်ကတော့ အေးမြလတ်ဆတ်လျက်။

ပင်လယ်ပြင်မှ အမြင့်ပေသုံးထောင်ကျော်မှာ တဖြုံးဖြုံးတိုက်ခတ်နေသည့်လေ။ တဝီဝီမောင်းနှင်နေကြသော ဆိုင်ကယ်များနှင့် ကြည့်လို့အလွန်ကောင်းနေပါသည်။ လမ်းလျှောက်ရတာပင် ရန်ကုန်နှင့်မတူ လတ်ဆတ်ညွတ်နူးကာနေ၏။ လျှောက်လာရင်း တစ်နေရာရောက်တော့ သူ့အာရုံကို ဦးစိုက်ဆွဲခေါ်သွားသည့် အခင်းအကျင်းတစ်ခုကို တွေ့လိုက်ရပါသည်။

စာအုပ်ဟောင်းအရောင်းဆိုင်လေးတစ်ဆိုင်။ မြေပေါ်တွင် အခင်းတစ်ချပ်နှင့် ဖြန့်ကျဲပြသထားသော လမ်းဘေးစာအုပ်ဆိုင်လေးပါပဲ။ ဓာတ်ပုံရိုက်တာ ဝါသနာပါသလို စာဖတ်ရတာကိုလည်း ဝါသနာပါသည်။

ပြီးတော့ စာအုပ်အဟောင်းဆိုင်လေးတွေမှာ စာအုပ်ကောင်းသွားရွေးရသည့်ခံစားမှုကိုလည်း နှစ်ခြိုက်၏။ ထို့ကြောင့် ခပ်သွက်သွက်ပင် စာအုပ်ဆိုင်လေးရှိရာသို့ လျှောက်လှမ်းသွားလိုက်သည်။ ရှေ့ကိုရောက်တော့ ဖြန့်ခင်းထားသောစာအုပ်များကို တစ်အုပ်ချင်း ကြည့်ရှုနေလိုက်၏။

ပိုင်ရှင်မှာ အဘိုးကြီးတစ်ယောက်ဖြစ်လေသည်။ နောက်မှာ ကျုံ့ကျုံ့ထိုင်ရင်း စာအုပ်ကြီးတစ်အုပ်အား သဲကြီးမဲကြီးဖတ်နေ၏။ ရှေ့တွင် သူရောက်နေတာကိုတောင် သတိပြုမိပုံမပေါ်။ တစ်အောင့်ကြာတော့ သော်ဖြိုး ငုတ်တုတ်ထိုင်ချကာ စာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်သည်။

ဗင်းဆင့်ဗန်ဂိုးရေးခဲ့သမျှ ပုံကြမ်း(ကောက်ကြောင်းပန်းချီကားများ)ဆိုသည့် စာအုပ်။ တစ်ရွက်နှစ်ရွက် လှန်ကြည့်ပြီးစဉ်မှာပင် ရှားပါးစာအုပ်တစ်အုပ်ဖြစ်မှန်း သိလိုက်ပါသည်။ ထို့ကြောင့် ယူဖို့ဆုံးဖြတ်လိုက်၏။

ပြီးတော့ ကြည့်နေရင်းနဲ့ နောက်ထပ်စိတ်ဝင်စားဖွယ်ကောင်းသော စာအုပ်တစ်အုပ်ကို ထပ်တွေ့ရသည်။ ကမ္ဘာကျော်ဘာသာပြန်စာ



အုပ်တစ်အုပ်ပါ။ တော်တော်ဟောင်းနေပြီဖြစ်ပေမဲ့ ဖတ်လို့တော့ရနေသေး၏။ ပြန်ရိုက်ထားတာတွေရှိပေမဲ့ မူရင်းစာအုပ်ဖြစ်နေသည်မို့ ယူရပေဦးမည်။

ဘာပဲပြောပြော ဟိုတယ်ပြန်ရောက်လျှင် ပျင်းရန်မရှိနိုင်တော့။

"ဦးလေး . . . ဒီနှစ်အုပ် ဘယ်လောက်လဲ"

စာအုပ်နဲ့မျက်နှာ ကပ်လုလုနီးနီးဖြစ်နေရာမှ လူကြီး ခေါင်းမော့လာသည်။ ပြီး သူထောင်ပြသောစာအုပ်နှစ်အုပ်ကိုကြည့်ကာ . . .

"လေးထောင်"

အသံက လူနဲ့မလိုက်စွာ မာတင်းနေသည်မို့ . . .

"မလျှော့တော့ဘူးလား"

"မယူချင် ပြန်ချထားခဲ့လေ"

သော်ဖြိုးဝေဆိုသောချာတိတ် အနည်းငယ်တော့ ဖြုံသွားရ၏။ ဈေးရောင်းပုံက လွန်လွန်ကျူးကျူးကို ကောင်းမွန်နေသည်။ အပြစ်တော့မဆိုသာပါ။ စာအုပ်ချစ်သော လူတော်တော်များများမှာ ထိုသဘောအတိုင်းပင်ဖြစ်ကြောင်း သူနားလည်သည်။ ပုံစံကြည့်ရတာ ဒီအဘိုးကြီးမှာ အနှစ်နှစ်အလလ သူစုဆောင်းထားသောစာအုပ်များကို အခြေနေတစ်ရပ်ကြောင့် ချရောင်းနေခြင်း ဖြစ်ဟန်တူသည်။ ဈေးသည်သက်သက် မဟုတ်နိုင်။ အနည်းငယ်ဈေးများပေမဲ့ ယူဖို့ဆုံးဖြတ်လိုက်ပါသည်။

မယူလည်း ထိုအဘိုးကြီးပြောသလို ထားခဲ့ရုံသာရှိသည်။ ဈေးလျှော့မည့်အရိပ်အယောင်က မြူမှုန်တစ်စလောက်ပင် မတွေ့ရသည် မဟုတ်ပါလား။ ပိုက်ဆံရှင်းပြီးတော့ အခင်းပေါ်တွင်ယူလိုက်သော စာအုပ်နှစ်အုပ်နေရာမှာ လွတ်သွား၏။ ထိုနေရာသို့ အဘိုးကြီးက နောက်ထပ်စာအုပ်နှစ်အုပ်ကို အိတ်တွင်းမှ ထုတ်ကာချသည်။

ချခင်းလာသောနှစ်အုပ်အနက် တစ်အုပ်အားမြင်လိုက်ရချိန်မှာတော့ . . .

'လှို့ဝှက်မြို့ရိုး'



www.burmeseclassic.com

www.burmeseclassic.com

နာမည်လေးက လှပသပ်ရပ်ကာ နှလုံးအိမ်တွင်းသို့ စီးမျောကာ သွားသည်။ နာမည်နှင့်အတူ စာအုပ်မျက်နှာဖုံးလေးမှာလည်း စွဲဆောင်အားကောင်းလွန်းလှ၏။ ဓာတ်ပုံရိုက်နေသူမို့ ပစ္စည်းတစ်ခု၏ အနုပညာ အရည်အသွေးကို သူ ကောင်းကောင်းကြည့်ရှုတတ်ပါသည်။

ဆတ်ခနဲပြန်ထိုင်ချကာ ထိုစာအုပ်လေးအား ကောက်ယူကြည့်လိုက်တော့ . . . စာအုပ်မှာ သာမန်အရွယ်အစားထက် အနည်းငယ်ကြီးနေ၏။ ငယ်ငယ်ကသင်ခဲ့ရသော ကျောင်းသုံးပုံနှိပ်စာအုပ် အရွယ်အစားမျိုးဖြစ်သည်။ ဒါပေမဲ့ . . .

ပြောင်မြောက်လွန်းသော ပန်းချီကားတစ်ချပ်ကို အနီးကပ်ကြည့်ရှုလိုက်ရသလို . . . ပုစွန်ဆီရောင်အောက်ခံပေါ်မှာ အညိုကွက်အုတ်ချပ်များဖြင့် မြို့ရိုးတစ်ခုပုံကိုဖော်ထား၏။ မြို့ရိုးကိုကြည့်ရုံနှင့် ရှေးကျသော သက္ကရာဇ်တစ်ခု၏ မြို့ဟောင်းကြီးတစ်မြို့ပုံစံဖြစ်သည်။

ပြီးတော့ အလယ်တည့်တည့်မှာ ဝင်ပေါက်မုခ်ဦးတစ်ခု။ ထိုမုခ်ဦးအပေါ်ဘက်မှာမှ အနက်ရောင် စာလုံးကြီးများဖြင့် 'လျှို့ဝှက်မြို့ရိုး'ဟု ခန့်ခန့်ထည်ထည် ရေးထိုးထားပါသည်။ ပုံစံကိုကြည့်ရတာ ရှေးဟောင်းမြို့တစ်မြို့၏ဝင်ပေါက်အား ပုံတူကူးဆွဲထားသလို။

အနက်ရောင် 'လျှို့ဝှက်မြို့ရိုး'၏ ဘေးဖက်တစ်ဖက်တစ်ချက်မှာလည်း ပန်းခက်ပန်းနွယ်များ ရေးဆွဲထားသည်ကို တွေ့ရသည်။ ဘယ်လိုပဲကြည့်ကြည့် ပုံစံက နန်းစိုက်ခဲ့သော တစ်ခေတ်တစ်ခါက မြို့တစ်မြို့ပုံစံမျိုး။

စာအုပ်မှာ မျက်နှာဖုံးနှင့်ပင် လက်ကမချချင်လောက်အောင် ဆွဲဆောင်လိုက်ပေပြီ။ ညို့အားပြင်းလွန်းလှသော မျက်နှာဖုံးပန်းချီလေးကို တမေ့တမောကြည့်နေရာမှ အတွင်းကိုလှန်လိုက်တော့ . . .

ဝါကျင့်ကျင့်စာမျက်နှာတစ်ခုမှလွဲ၍ အားလုံးမှာ ရှင်းလင်းလင်း၊ စာလုံးမပါ၊ မျဉ်းကြောင်းမပါ၊ ဗလာရောင် စာမျက်နှာတစ်ခုဖြစ်သည်။ နောက်တစ်ရွက်မှာလည်း ထိုအတိုင်း။ ပြီးတော့ နောက်ထပ်တစ်ရွက် ...



စာအုပ်လွတ်တစ်အုပ်မျှသာ ဖြစ်ပါသည်။ ထို့ကြောင့် . . .

"ဦးလေး . . .၊ ဒီစာအုပ်က ဘယ်လိုကြီးလဲ"

အဘိုးကြီးက စိတ်မပါစွာခေါင်းမော့လာပြီး သူ့လက်တွင်းမှစာအုပ်ကိုကြည့်ကာ . . .

"မင်းမြင်တဲ့အတိုင်းပဲလေ"

တော်တော်ခွကျသည့် အဘိုးကြီးပဲဟု တွေးမိကာ သူလည်း အားကျမခံတော့။

"မြင်တော့မြင်တာပေါ့။ စာအုပ်က အထဲမှာ ဘာမှမပါလို့"

"ဘာမှမပါရင် ဗလာစာအုပ်ပေါ့ကွ"

"ကျွတ် . . ."

ခက်တော့ခက်နေပါပြီ။ သူ စိတ်ပျက်လက်ပျက်ဖြင့်သာ စုတ်သပ်လိုက်မိတော့သည်။ ဒီအဘိုးကြီးနှင့် စကားပြောရတာ လုံးဝအဆင်မပြေပါ။

"ဗလာစာအုပ်ကြီးဆို ဘာလို့ရှေ့မှာ 'လျှို့ဝှက်မြို့ရိုး'လို့ နာမည်တပ်ထားတာလဲ။ နာမည်တပ်ထားရင် အဲ့ဒါနဲ့ပတ်သတ်တဲ့ အကြောင်းအရာကတော့ အတွင်းမှာပါရမှာပေါ့။ ဦးလေးပြောသလို ဗလာစာအုပ်ဆို ဒီစာအုပ်က ကလေးတွေပုံဆွဲဖို့လား"

ဘာမဆိုင်ညာမဆိုင် သူလည်း မြင်ပြင်းကပ်ကပ်ဖြင့် ဂျစ်တိုက်လိုက်တော့ . . .

"ဟုတ်တယ်ကွ၊ ပုံဆွဲဖို့။ မင်းလည်း ပုံဆွဲချင် ဝယ်သွားလိုက်"

ပြီးလေပြီ။ အဘိုးကြီးက ဂရုမစိုက်သောပုံစံဖြင့် ခေါင်းကိုငုံ့ကာ စာပြန်ဖတ်နေသည်။ နောက်ဆုံးတော့ စာအုပ်ကိုင်ပြီး ကြောင်တောင်တောင်ကျန်ခဲ့ရသူက သူပင်ဖြစ်တော့၏။

အဘိုးကြီးပြောသလို ပုံဆွဲစာအုပ်မဟုတ်တာတော့ သေချာပါသည်။ မျက်နှာဖုံးကိုကြည့်ရုံနဲ့ ကြက်သီးထလောက်အောင် ကြိုးစားထားတာကိုတွေ့ရသည်။ ပြီးတော့ စာအုပ်မှာ အထူကြီးမဟုတ်။ အတွင်းစာ



www.burmeseclassic.com

www.burmeseclassic.com

ရွက်များမှာ ခန့်မှန်းချေ ဆယ်ရွက်ဝန်းကျင်လောက်သာ ရှိလိမ့်မည်။

ဘာပဲဖြစ်ဖြစ် စာအုပ်ကိုပြန်ချမပေးနိုင်တော့။ ဗလာစာအုပ်ဖြစ်ပေမဲ့ မျက်နှာဖုံးနှင့်ပင် ပြည့်စုံနေပါပြီ။ ထို့အတွက် . . .

"ဘယ်လောက်လဲ ဦးလေး"

အဘိုးကြီးက မော့၍ပင်မကြည့်ပါ။

"ရောင်းဈေးကတော့ တစ်ထောင့်ငါးရာပဲ။ ဒါပေမဲ့ မင်း လျှာရှည်တဲ့အတွက် ဈေးတက်သွားပြီ။ သုံးထောင်ရမှရောင်းမယ်။ မလိုချင်ပြန်ချထားခဲ့"

မတတ်နိုင်တော့ပါချေ။

နောက်ဆုံးတော့ အင်တင်တင်ဖြင့်သာ ငွေသုံးထောင် ထုတ်ပေးလိုက်ရတော့သည်။

လောကဓမ္မတာ တစ်ခုပါပဲ။

ဝယ်သူရှိလျှင် ဈေးတက်တတ်သော သဘာဝပင်မဟုတ်ပါလား။



# III

လမ်းလျှောက်ပြန်ခဲ့သည်မို့ ဟိုတယ်ရောက်တော့ ညနေမှောင်ရီပျိုးနေပါပြီ။ မနှစ်သက်ပေမဲ့ ညနေစာကို ဟိုတယ်မှာပင် စားရတော့မည်။ အပြင်ပြန်မထွက်ချင်တော့။ ပြင်ဦးလွင်က ဆိုင်ကယ်တစ်စီးမရှိလျှင် သွားရလာရ သိပ်အဆင်ပြေလှသည်မဟုတ်။ နောက်ပြီး စောထူးရောက်အလာကိုလည်း စောင့်ရဦးမည်။

အခန်းတွင်းဝင်လိုက်တော့ အနည်းငယ်နွေးသွားသလို ခံစားရသည်။ မှောင်ရိပ်ကျနေပြီမို့ အခန်းမီးကို ဖွင့်လိုက်ပါသည်။ ဝယ်လာသောစာအုပ်များကို စားပွဲပေါ်တင်ကာ ဖိနပ်ကိုချွတ်လိုက်၏။ ပြီးတော့ ကျောပိုးအိတ်လေးကိုယူကာ ဇစ်ဖွင့်လိုက်သည်။

သူနှင့် လက်ပွန်းတတီးနေထိုင်ခဲ့သော ကင်မရာလေးက အတွင်းမှ သူ့ကိုမော့ကြည့်နေသည်။ မနက်ဖြန်မှပဲ ဒီကောင့်ကို အလုပ်ပေးတော့မည်ဟုတွေးကာ အတွင်းအိတ်ထဲမှ ဘောပင်ကိုထုတ်လိုက်၏။ ပြီး ခုံတွင်ထိုင်ကာ ဝယ်လာသောစာအုပ်များကို နာမည်နှင့် ရက်စွဲထိုးလိုက်သည်။

ကိုယ်တိုင်ဝယ်လို့ပဲဖြစ်ဖြစ်၊ လက်ဆောင်ရလို့ပဲဖြစ်ဖြစ် လက်တွင်းရောက်လာသော စာအုပ်တိုင်းကို နာမည်နှင့် ရရှိသည့်ရက်စွဲထိုး



www.burmeseclassic.com

www.burmeseclassic.com

တတ်တာ သူ့အကျင့်ဖြစ်သည်။ လျှို့ဝှက်မြို့ရိုး စာအုပ်လေးကိုတော့ နာမည်မတပ်ခင် တစိမ့်စိမ့်ကြည့်နေမိသေး၏။ ပြီးတော့မှ အတွင်းကို လှန်ကာ စာမျက်နှာညာဘက်ထောင့်တွင် နာမည်နှင့် ဒီနေ့ရက်စွဲကို ရေးလိုက်သည်။

နာမည်တပ်ပြီး ပါရှိသောစာရွက်လွတ်များကို တစ်ရွက်ချင်းရေကြည့်လိုက်တော့ အားလုံးပေါင်း ဆယ့်တစ်ရွက်တိတိ။ ထိုဆယ့်တစ်ရွက်လုံးကလည်း ဗလာသက်သက်။ ဘာပဲဖြစ်ဖြစ် မှတ်စုစာအုပ်တော့ လုပ်လို့ရကောင်းပါသည်။

ထို့နောက်မှာ ခုတင်ပေါ်ထိုင်ချပြီး ဘာသာပြန်စာအုပ်လေးကို ဖတ်နေလိုက်သည်။ အရင်ကတည်းက စိတ်ဝင်စားသော စာအုပ်ဖြစ်သည်မို့ ခဏချင်းပင် အာရုံအားလုံးက စာအုပ်တွင်း ဝင်ရောက်သွားပါသည်။ မည်မျှကြာကြာ ဖတ်မိသွားသည်မသိလိုက်။

ဖုန်းမြည်သံကြားမှ လူက သတိဝင်သွားကာ . . .

"စောထူး . . . ပြော . . ."

သူ့စကားဆုံးဆုံးချင်းမှာပင် စောထူးရဲ့ အီလည်လည်အသံကြီး ထွက်ပေါ်လာသည်။

"သော်ဖြိုးရေ . . . အားနာလိုက်တာကွာ"

"ဟောကောင် ဘာဖြစ်လို့လဲ"

"ကားက အခုမှပြင်လို့ပြီးတယ် ဟေ့ကောင်ရေ။ နောက်တစ်နာရီခွဲလောက်နေမှ မင်းဆီရောက်မယ်ထင်တယ်"

သော်ဖြိုး နာရီကိုကြည့်လိုက်တော့ ညရှစ်နာရီထိုးတော့မည်။

"မင်း . . . အခုဘယ်မှာလဲ"

"၂၁မိုင်မှာပဲရှိသေးတယ်။ ခရီးကတော့ မဝေးပါဘူး။ ဒါပေမဲ့ သိတဲ့အတိုင်းပဲ ညဘက်ဆိုတော့ကွာ"

သဘောပေါက်လိုက်ပါသည်။ ထိုအတူ အကောင်းဆုံးအကြံ တစ်ခုကိုလည်း ပေးလိုက်သည်။



"အဲ့ဒါဆို ဒီလိုလုပ်ကွာ။ မင်းလည်း တစ်နေကုန်ပင်ပန်းလာတာဆိုတော့ ငါ့ဆီမလာနဲ့တော့။ မနက်ဖြန်မှပဲလာခဲ့။ ဟေ့ကောင် . . . ငါ့ကိုဘာမှအားမနာနဲ့နော်။ အလုပ်ကိစ္စပဲ၊ ဒါမျိုးက ဖြစ်တတ်ပါတယ်"

သူ့စကားဆုံးတော့ အားနာသံတွေ စောထူးဆီမှ လျှံကျလာပြန်သည်။

"အေးပါကွာ။ ဒါဆိုလည်း မနက်ကျမှပဲ မင်းဆီလာခဲ့တော့မယ်။ သော်ဖြိုး . . . ငါ့ကို စိတ်မရှိနဲ့နော်"

"အာ . . . မင်းကလည်း မဟုတ်တာ"

ဗွေယူလို့မရပါ။ ဒါမျိုးက ဖြစ်တတ်ပါသည်။ စောထူး ဒီညရောက်မလာရုံနှင့်လည်း ဘာမှအကျိုးထူးမလာနိုင်ပါပေ။ ဒီလိုဆိုတော့လည်း ညစာအတွက် ဟိုတယ်ကိုသာ အားကိုးရပေတော့မည်။

reception ကိုဖုန်းဆက်ပြီးတော့ စာအုပ်ကိုပြန်ဖတ်နေလိုက်၏။ ခဏအကြာမှာတော့ တံခါးခေါက်သံကို ကြားရသည်။ ဖွင့်ပေးလိုက်တော့ မှာထားသောစားစရာကိုကိုင်ပြီး waiter လေးတစ်ယောက် ဝင်လာ၏။ မနက်က သူ့ကို အခန်းလိုက်ပို့ပေးသော ဝန်ထမ်းပင်ဖြစ်ပါသည်။

လက်မှတ်ထိုးပေးပြီးတော့ ပြန်ထွက်သွားသည်။ ဗိုက်ဆာနေလို့လားမသိ။ အရသာမှာ မဆိုး။ စားသောက်ပြီးသွားချိန်မှာတော့ ထင်မှတ်မထားသော ကိစ္စတစ်ခုမှာ ချက်ချင်းလက်ငင်း ဖြစ်ပျက်လာပါတော့သည်။

တစ်ခန်းလုံး မှောင်ကျသွား၏။

ထူးဆန်းသွားသော အခြေအနေကြောင့် ခဏတာ ကြောင်သွားပါသည်။ ဒါပေမဲ့ ချက်ချင်းပင် သဘောပေါက်လိုက်ပါသည်။ မီးပျက်သွားတာပါ။ အတော်ကြာအောင် စောင့်ကြည့်လိုက်ပေမဲ့ မီးမှာ ပြန်လင်းမလာခဲ့။

ထိုစဥ်မှာပဲ . . .

"ဒေါက် . . . ဒေါက် . . ."



www.burmeseclassic.com

www.burmeseclassic.com

မှောင်မည်းကြီးထဲ ကြားလိုက်ရသော တံခါးခေါက်သံကြောင့် စိတ်ထဲမှာ ထင့်ခနဲတစ်ချက်ဖြစ်သွား၏။

"ဒေါက် . . . ဒေါက် . . ."

ဒုတိယမြောက် ထွက်ပေါ်လာပြန်သည်။ ဒီတစ်ခါတော့ ထိုင်ရာမှထ,ရပ်လိုက်မိသည်။ ပြီး အမှောင်ထဲစမ်းကာ တံခါးဆီသို့ ခြေသံလုံလုံဖြင့် လျှောက်လှမ်းသွားလိုက်၏။ တံခါးဆီရောက်တော့ . . .

"ဘယ်သူလဲ"

မတိုးမကျယ်ထွက်သွားသော သူ့စကားသံနောက်မှာ . . .

"ကျွန်တော် ထူးအောင်ပါ။ ဒီဟိုတယ်က ဝန်ထမ်းပါ။ မီးပျက်သွားလို့ ဖယောင်းတိုင်လာပေးတာပါ"

ထူးတော့ထူးဆန်းနေသည်။ မီးပျက်သွားတာ မီးစက်မမောင်းဘဲ ဖယောင်းတိုင်လာပေးသည်တဲ့။

"မီးပျက်သွားတာ မီးစက်မောင်းလေကွာ။ ဘာလို့ ဖယောင်းတိုင်လာပေးတာလဲ။ ငါတို့က ဟိုတည်လာတည်းပြီး ဖယောင်းတိုင်နဲ့ နေရမှာလား"

သူ့စကားကြောင့် တစ်ဖက်မှ ကျိုးနွံစွာပင် . . .

"မီးစက်မောင်းလို့ မရလို့ပါ ဆရာ။ အရင်ညတွေကလည်း မီးပျက်စမရှိတော့ မီးစက်က မနိုးဘဲထားတာ တော်တော်ကြာနေပြီ။ အခုနိုးတော့ ဘယ်လိုမှနိုးလို့မရလို့ပါ။ ကျွန်တော်တို့ စက်ပြင်ဆရာကို ခေါ်ထားပါတယ်"

ဒီတော့မှ သော်ဖြိုး တံခါးကိုဖွင့်ပေးလိုက်သည်။ ခုန စားစရာလာပေးသောဝန်ထမ်းလေးပင် ဖယောင်းတိုင်တစ်တိုင်ကို ကိုင်ပြီးရပ်နေသည်ကို တွေ့ရ၏။ သူ့လက်တွင်းသို့ ဖယောင်းတိုင်ကမ်းပေးတော့ . .

"မင်းနာမည် ဘယ်သူ . . ."

"ထူးအောင်ပါ"



ဝန်ထမ်းက ခေါင်းကိုညွှတ်ရင်း ရိုကျိုးစွာပြန်ဖြေသည်။ သော်ဖြိုး ခေါင်းကိုညိတ်ကာ ဖယောင်းတိုင်ကိုလှမ်းယူလိုက်သည်။ မီးတောက်ကလေးက လွန့်လူးစွာ လက်တွင်းသို့ပါလာ၏။ ထူးအောင်ဆိုသောဝန်ထမ်းကတော့ ဖယောင်းတိုင်တစ်တိုင်ကိုမီးထပ်ညှိရင်း နောက်တစ်ခန်းကူးသွားသည်။

သော်ဖြိုး တံခါးကိုပြန်ပိတ်ကာ လော့ချလိုက်သည်။ အခန်းတွင်းရောက်တော့ လေမတိုက်ဘဲ ဖယောင်းတိုင်မီးမှာ ယိမ်းထိုးနေ၏။ စားပွဲပေါ်မှာ အကျအနထွန်းပြီးတော့ ဖက်လက်စစာအုပ်ကို ပြန်ကိုင်လိုက်သည်။

ထိုစဉ်မှာပဲ ခပ်ဝေးဝေးဆီမှ နာရီသံချောင်းခေါက်သံကို ကြားရသည်။ အားလုံးပေါင်း ဆယ်ချက်တိတိ။ ဗိုက်လေးသွားလို့လားမသိ မျက်လုံးတွေရီဝေကာ မှေးစင်းလာသည်။

"ဝါး . . ."

တစ်ချက်သမ်းဝေပြီးသွားချိန်မှာတော့ ခန္ဓာကိုယ်က အနားယူဖို့ တောင်းဆိုလာတော့၏။ စာအုပ်လေးကိုပိတ်ကာ ခုတင်ပေါ်လှဲချလိုက်သည်။ မကြာလိုက် . . .

သူ့ပိုင်ညလေးတစ်ညကို အိပ်စက်ခြင်းက ဦးဆောင်ခေါ်ငင်သွားလေတော့သည်။

စားပွဲပေါ်မှ ဖယောင်းတိုင်မီးလေးမှာတော့ တလူလူလွင့်လျက်—



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ဖယောင်းတိုင်မီးငြိမ်းဆိုကို သူမေ့သွားတာပါ။
ထိုမေ့လျော့ခြင်းကပင် . . .
သူ့ရဲ့မနက်ဖြန်၊ မနက်ဖြန်တွေကို
အပိုင်သိမ်းသွားလေတော့၏။



ငါ့ရှေ့မှာ အလင်းတွေအော်နေပြီ၊
စောင်းကြိုးကို ဖြတ်လိုက်ပါ၊
သူတို့ရဲ့မနက်ဖြန်တွေအတွက်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

# IV

"ဒိန်း . . . "

အနီးကပ်ပေါက်ကွဲသံကြီးတစ်ခုကြောင့် ရပ်တည်နေရာကမှာ မြေကြီးပင် သိမ့်သိမ့်လှုပ်သွားသလို ခံစားလိုက်ရသည်။ သူ့ရဲ့အမြင်အာရုံထဲမှာ အနီးအငွေ့တွေ ဆူဝေထွက်နေ၏။ ပြီးတော့ . . .

"ဟား . . . ဟား . . . ဟား . . ."

ကြောက်ခမန်းလိလိ ခြောက်ကပ်ကပ် အော်ဟစ်ရယ်မောသံကြီး တစ်ခု။ ထိုရယ်သံကြီးနောက်မှာ . . .

"မင်းကိုမျှော်နေတာ ကြာပြီကွ။ ပထမပိုင်ရှင်သုံးပြီးကတည်းက ငါ အမှောင်ထဲမှာရောက်နေတာ ရှစ်နှစ်ရှိနေပြီ။ အခုမှပဲ လွတ်လပ်တော့တယ်။ ဟား . . . ဟား . . . ဟား . . . စာအုပ်မှာ မင်းနာမည်ရေးလိုက်ပြီဆိုတော့ စာအုပ်က မင်းစာအုပ်ဖြစ်သွားပြီ။ စာအုပ်ကို မင်းပိုင်သလို မင်းကိုလည်း ငါပိုင်သွားပြီဟေ့။ မင်းရဲ့မနက်ဖြန်တွေကို ငါပိုင်သွားပြီ။ မင်းရဲ့ မနက်ဖြန်တွေကို ငါပိုင်သွားပြီ ဟား . . . ဟား . . . ဟား . . ."



ဝုန်း ခနဲကြုံးထလိုက်တော့ ရင်တွေတဒိတ်ဒိတ်ခုန်နေသည်။ လူက မောဟိုက်ကာ အသက်ရှူသံတွေမြန်နေ၏။ ဘေးဘီဝေ့ကြည့်မိတော့ ဖယောင်းတိုင်လေးတစ်တိုင်ရဲ့ အလင်းရောင်မှအပ အားလုံးမှာ ဘိတ်ဆိတ်မှောင်မည်းလျက် . . .

ခုနကြားလိုက်သော ကြောက်မက်ဖွယ်အသံနက်ကြီးက နားထဲမှာ ပဲ့တင်ထပ်နေသည်။ တစ်ကိုယ်လုံး ချွေးတွေရွှဲကာ ထိုအသံကြီးထွက်ပေါ်လာရာနေရာကို အသည်းအသန် ရှာနေမိ၏။ ဘယ်ကထွက်လာတာလဲ။ ဘယ်သူပြောလိုက်တာလဲ . . .။

သေချာသောအဖြေမရှိပေမဲ့ စိတ်က အလိုလိုသိနေသည်။

အိပ်မက် . . .

အိပ်မက်တစ်ခုကို သူမြင်မက်နေတာပါ။

လည်ပင်းမှ ချွေးတွေစီးကျနေတာကို ခံစားရသည်။ ပြီးတော့ လေတစ်သိုက်က သူ့ဆီကို အေးခနဲရောက်လာ၏။

"ဟင် . . ."

ထူးဆန်းသွားပြန်ပါပြီ။ အခန်းတံခါးပိတ်ထားသည်။ မီးပျက်နေ၍ Air-con လည်းမလာ။ ဒါကို ဒီလေက . . .

အခန်းထဲမှာလည်း စိမ်းဖန့်ဖန့်လေငွေ့တွေဖြင့် အေးစိမ့်စိမ့်ဖြစ်နေကြောင်းကိုလည်း အခုမှ သတိထားမိသည်။ ဖယောင်းတိုင်မီးလေးကတော့ စားပွဲပေါ်မှာ ယိမ်းနွဲ့လှုပ်ရှားလျက်။ မီးတွန်းလျက်နှင့် အိပ်ပျော်သွားခြင်းဖြစ်သည်ကြောင့် ဖယောင်းတိုင်မှာ တစ်ဝက်သာသာလောက်သင်ရှိတော့သည်။

စောင်ကိုခွာကာ ကုတင်ပေါ်မှ ကပျာကယာဆင်းလိုက်မိသည်။ အခန်းတွင်းရောက်နေသော လေစိမ်းနှင့်ပက်သက်၍ စုံစမ်းမှုကို စတင်လိုက်ပါသည်။ အရင်ဆုံး ပြတင်းတံခါးဆီသွားကာ လိုက်ကာကိုဖွင့်လိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

ထင်ထားသလိုပါပဲ။ ပြတင်းတံခါးမှာ ဟင်းလင်းပွင့်လျက်ရှိနေသည်။ ရင်ခုန်မပြယ်သေးသည်မို့ ပြင်ပလောကကိုကြည့်ရတာ နှောက်ချားဖွယ်။ မနက်က သူကိုယ်တိုင်ဖွင့်ထားခဲ့သော ပြတင်းပေါက်ဖြစ်ပြီး သူကိုယ်တိုင် ပိတ်ဖို့မေ့နေခြင်းလည်းဖြစ်သည်။

လိုက်ကာကိုပင့်ကာ တံခါးပိတ်ရန်လက်လှမ်းတော့ လေတစ်သုတ် ဖြူးခနဲဝင်လာပြန်သည်။ ထိုလေရှိန်ကြောင့် ဖယောင်းတိုင်မီးယိမ်းထိုးသွားသည်ကို မျက်လုံးထောင့်စွန်းမှာ တွေ့လိုက်ရ၏။ ပြီး စာရွက်လန်သံအချို့ကိုလည်း ကြားရသည်။ ဘာမှန်းမသိ ကျောမှာ စိမ့်ခနဲအေးသွား၏။

ထူးခြားသွားသော အခြေအနေတစ်ခုကြောင့် နောက်ဘက်သို့ လှည့်ကြည့်စဉ် မြင်တွေ့လိုက်ရသည်ကား . . .

"ဟာ . . ."

ပါးစပ်ဟောင်းလောင်းပွင့်ကာ လူက ကြက်သေ,သေသွား၏။ မျက်နှာချင်းဆိုင်နံရံပေါ်မှာ စာကြောင်းတွေပေါ်နေသည်။ မပီပိုးတဝါး။ ဘာတွေရေးထားမှန်း မသိ။ ထိုအတူ 'လှို့ဝှက်မြို့ရိုး'ဟူသော စာအုပ်လေးမှာလည်း ဘယ်သူ့လက်ချက်မှန်းမသိ ဖွင့်လျက်ရှိနေပါသည်။

စာရွက်လေးတစ်ရွက်မှာ တိုးဝင်လာသောလေရှိန်ကြောင့် ထောင်သွားလိုက်၊ လဲကျသွားလိုက်။ အလားတူ နံရံပေါ်မှစာကြောင်းများမှာလည်း ပေါ်လာလိုက်၊ ပျောက်သွားလိုက်။

သော်ဖြိုး အထိတ်တလန့်ဖြစ်ကာ တံခါးကို ဝုန်းခနဲဆွဲပိတ်လိုက်သည်။ ပြီးတော့ စားပွဲရှိရာဆီ အပြေးလှမ်းသွားလိုက်၏။

လှို့ဝှက်မြို့ရိုးစာအုပ်လေးကို ဘယ်သူဖွင့်လိုက်သလဲ သူမစဉ်းစားအားတော့။ လောလောဆယ် အရေးကြီးသည်က စာရွက်လန်သွားချိန် နံရံမှာပေါ်လာသည့်စာ . . .

အနီးရောက်ရောက်ချင်း လဲကျနေပြီဖြစ်သော စာရွက်လေးကို ဆွဲထောင်လိုက်သည်။ ထိုအခါမှာတော့ . . .



စာသုံးကြောင်းမှာ နံရံပေါ်၌ ထင်ထင်ရှားရှားပေါ်လာ၏။ အတည့်ပေါ်လာခြင်းမဟုတ်။ လူက ခေါင်းနားပန်းကြီးသွားကာ စာအုပ်ကို ဆွဲထောင်လိုက်စဉ်မှာပဲ . . .

"ဟင် . . ."

ကြက်သီးတို့ ဖျင်းခနဲထ,မိသွားသည်။ ဖယောင်းတိုင်မီးလေးက တည့်မတ်စွာ တငွေ့ငွေ့လောင်ကျွမ်းလို့၊ သော်ဖြိုး ချက်ချင်းပဲ သဘောပေါက်လိုက်ပါပြီ။

ဖယောင်းတိုင်မီးရောင်က 'လှို့ဝှက်မြို့ရိုး'စာမျက်နှာတစ်ခုကို ထိုးဖောက်ဖြတ်သန်းထား၏။

ပကတိစာရွက်မှာ ဗလာ။ သို့ပေမဲ့ အလင်းရောင်ထိုးဖောက်ဝင်ရောက်လိုက်စဉ် တစ်ဖက်နံရံမှာ ပေါ်လာသည်ကား . . .


ကြက်သီးထဖွယ် စာသုံးကြောင်း . . .

ဟောကိန်းလိုလို၊ သတိပေးချက်လိုလို . . .



www.burmeseclassic.com

www.burmeseclassic.com



အုတ်နံရံကိုကြည့်ကာ အသက်ရှူဖို့ မေ့လျော့သွားရ၏။ ပြီး စိတ်ထဲမှ ဘဝင်မကျစွာ ခပ်တိုးတိုးရေရွတ်ဖြစ်သည်။

"ဘာလဲဟ . . ."



# V

မနက်လင်းတော့ ခေါင်းတွေငြီးစီစီဖြစ်နေသည်။ ညက တော်တော်နှင့်အိပ်မပျော်ခဲ့။ ထူးဆန်းလွန်းသော အဖြစ်အပျက်တစ်ခုက အိပ်မက်လိုလို၊ တကယ်လိုလို သူ့အားခြောက်ခြားစေခဲ့ပါသည်။

နံရံမှာ စာများပေါ်လာပြီး မကြာမီပင် မီးပြန်လာခဲ့သည်။ မီးလာသည်နှင့်တစ်ပြိုင်နက် ထိုစာများမှာလည်း ပျောက်သွား၏။ ကမန်းကတန်းပင် မီးထပိတ်လိုက်ပေမဲ့ ပြန်ပေါ်မလာတော့ပါချေ။ ထိုနောက်ပိုင်းမှာ သူအိပ်လို့မရတော့ခြင်းဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ်လည်း ဝေဝါးသွား၏။ ချက်ချင်းလက်ငင်း ဖြစ်ပျက်သွားပုံတွေက အိပ်မက်လိုလို၊ တကယ်လိုလို။ ယခု အိပ်ရာက နိုးတော့ ပိုလို့ပင် ဝေဝါးသွားပြန်ပါပြီ။ အိပ်ရေးမဝသည့်အတွက် ခေါင်းက မကြည်လင်။

'လျှို့ဝှက်မြို့ရိုး'ဟူသော စာအုပ်ကတော့ စားပွဲပေါ်တွင် တည်တည်ငြိမ်ငြိမ်ရှိနေသည်။ အတွင်းကိုလှန်ကြည့်လိုက်တော့ ဝယ်လာတုန်းကအတိုင်း ပုံစံမပျက်။ ဒါပေမဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ကိုကိုင်ထားဆဲမှာပင် နားထဲမှာ စကားသံတွေတဝီဝီအော် မြည်လာသည်။ ထိုအသံတွေကြားယောင်ပြီး နှလုံးခုန်သံတွေလည်း မြန်လာရ၏။ နံရံမှာပေါ်လာခြင်းမှာ တကယ်ဟုတ်မဟုတ် မသေချာတော့ပေမဲ့ သေချာတာတစ်ခုကတော့ ခေါင်းထဲမှာ စွဲမြဲနေသည်။

အိပ်မက် . . .။

သူ့အား လန့်နိုးသွားစေခဲ့သောအိပ်မက်။ ထိုအိပ်မက်က ယခုထက်တိုင် သူ့အားခြောက်လှန့်နေသည်။ မတွေးပေမဲ့ ခေါင်းထဲမှာ တစ်ကွက်ချင်းပြန်ပေါ်လာပြန်၏။

ပထမဆုံး 'ဒိန်း'ခနဲ ပေါက်ကွဲသံကြီးတစ်ခု။ ထိုပေါက်ကွဲသံကြီးနောက်မှာ ကြက်သီးထဖွယ်ရယ်သံကြီး။ ရယ်သံကြီးနောက်မှာမှ တိကျစွာတစ်လုံးချင်းထွက်ပေါ်လာသော စကားသံများ။

'မင်းကို ငါမျှော်နေတာကြာပြီကွ။ ပထမပိုင်ရှင်သုံးပြီးကတည်းက ငါ အမှောင်ထဲရောက်နေတာ ရှစ်နှစ်ရှိနေပြီ။ အခုမှပဲ လွတ်လပ်တော့တယ် ဟား . . . ဟား . . . ဟား . . .။ စာအုပ်မှာ မင်းနာမည်ရေးလိုက်ပြီဆိုတော့ စာအုပ်က မင်းစာအုပ်ဖြစ်သွားပြီ။ စာအုပ်ကို မင်းပိုင်သလို မင်းကိုလည်း ငါပိုင်သွားပြီဟေ့။ မင်းရဲ့မနက်ဖြန်တွေကို ငါပိုင်သွားပြီ . . . မင်းရဲ့မနက်ဖြန်တွေကို ငါပိုင်သွားပြီ ဟား . . . ဟား . . . ဟား . . ."

လူက နေရင်းထိုင်ရင်း ကြက်သီးတွေဖျင်းခနဲဖြစ်လာသည်။ ဘာတွေမှန်းလည်း သူမသိ။ သာမန်အိပ်မက်တစ်ခုထက် ထူးခြားနေတာတော့ သေချာနေသည်။ ထိုစဉ်မှာပဲ . . .

"ကလင် . . . ကလင် . . . ကလင် . . ."

ခုတင်ဘေးမှ ကြိုးဖုန်းမှာ မြည်လာသည်ကြောင့် ကောက်ကိုင်လိုက်တော့ . . .

"အခန်း (107)ကလား မသိဘူးရှင့်"



ပျူငှာချေင်သည့် မိန်းကလေးတစ်ဦးအသံကို ကြားရတော့ . .

"ဟုတ်ပါတယ်၊ (107) ကပါ"

"ဟုတ်ကဲ့၊ reception ကပါရှင့်။ breakfast သုံးဆောင်လို့ရပြီဆိုတာ အကြောင်းကြားတာပါ။ ဟိုတယ်စားသောက်ခန်းမမှာ မနက်စာသုံးဆောင်လို့ရပါပြီရှင့်"

"ဪ . . . ဟုတ်ကဲ့ပါ။ ကျွန်တော် ဆင်းလာခဲ့လိုက်ပါ့မယ်"

ဖုန်းချပြီးသည့်တိုင်အောင် ငူငူငိုင်ငိုင်ကြီးဖြစ်နေမိသေး၏။ နောက်မှ ကိုယ့်ကိုယ်ကိုယ် သတိပြန်ပေးလိုက်သည်။ ညက ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ မေ့ပစ်ဖို့ကြိုးစားရတော့မည်။ မဟုတ်လျှင် ကျက်သရေရှိလှစွာသော မနက်ခင်းတစ်ခုကို သူ လက်လွှတ်ဆုံးရှုံးရတော့မည် မဟုတ်ပါလား။

ရေချိုးခန်းသို့ဝင်လိုက်၏။ ရေပန်းကိုဖွင့်လိုက်တော့ ရေနွေးရောမထားသည့်ရေများ ဖွဲခနဲအော်ကာကျလာသည်။ နွေးထွေးဖို့မကြိုးစားတော့ပါ။ လောလောဆယ်မှာက ရုပ်ရော၊ စိတ်ရော အေးမြသွားဖို့သာ အရေးကြီးသည်လေ။

ရေပန်းအောက်သို့ ဝင်လိုက်၏။

ညစ်ညူးဖွယ်ကိစ္စတွေ ရေမှုန်ရေမွှားများနှင့်အတူ အောက်သို့သက်ဆင်းသွားသည်။ ရေချိုးပြီးတော့ အဝတ်လဲကာ အောက်သို့ဆင်းလာခဲ့သည်။ စားသောက်ခန်းမထဲမှာ ပုံသဏ္ဍာန်မျိုးစုံနှင့် လူတွေ မနက်ခင်းရဲ့ကျက်သရေကို ကိုယ်လိုရာပုံစံအတိုင်း ထုဆစ်ပုံဖော်နေကြသည်။ တစ်ယောက်တည်းရှိနေရာမှ အခုလို လူအများကြီးဆီဝင်လိုက်တော့ စိတ်ကပုံစံပြောင်းသွားသလို ခံစားရသည်။

ထမင်းကြော်ကို လိုသလောက်ခပ်ထည့်ကာ ကော်ဖီခွက်ကိုကိုင်ရင်း လူရှင်းရာဝိုင်းဆီ လျှောက်လာခဲ့၏။ လွတ်နေသော စားပွဲတင်လုံးကိုရွေးကာ ဝင်ပေါက်ဘက်မျက်နှာပေးထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထမင်းကြော်စားလိုက်၊ ကော်ဖီသောက်လိုက်လုပ်နေရင်းနဲ့မှ ကပ်လျက်မိန်းကလေးဝိုင်းဆီမှ စကားသံများမှာ လေဟာနယ်ကိုဖြတ်ပြီး သူ့ဆီသို့ ပျံ့လွင့်လာသည်။ ပထမ ဖာသိဖာသာပင်ဖြစ်သော်လည်း နောက်ပိုင်းကြားရသောစကားသံများက . . .

"ဒီပုံလေးလှတယ်တော့။ နောက်မှာ ချယ်ရီပင်ကြီးနဲ့"

"ဟုတ်ပ၊ ချယ်ရီပင်ကြီးက လှလိုက်တာ"

ထိုစကားနောက်မှာ ရယ်သံတွေကိုကြားရသည်။ ချယ်ရီပင်ကို နောက်ခံထားကာ ဓာတ်ပုံရိုက်ထားဟန်တူသော မိန်းကလေး၏ ပြုံးရွှင်ရွှင် အသံကိုလည်း ကြားရ၏။

"ဟွန်း . . . ကောင်မစုတ်တွေ၊ သူများလှတာကို မနာလိုဘူးမလား။ ဘာ နောက်ကချယ်ရီပင်ကြီးက လှတယ်လဲ။ ငါလှရင် လှတယ်ပေါ့"

"အံမယ် . . . သူကများ"

ရယ်သံတွေ တသောသောထွက်လာပြန်သည်။ ဓာတ်ပုံဆရာဆိုတော့လည်း ဓာတ်ပုံအကြောင်းပါလာတော့ မနေနိုင်။ နဘေးဝိုင်းကို မသိမသာအကဲခတ်ကြည့်မိသည်။ အားလုံးပေါင်း လေးယောက်။ ငယ်ကြဦးမည့်ပုံစံရှိသည်။ လက်ထဲတွင် ဓာတ်ပုံကိုယ်စီကိုင်ကာ စားပွဲပေါ်မှာလည်း ဓာတ်ပုံများကျဲပြန့်လျက်ရှိနေ၏။

ထိုစဉ်မှာပင် နောက်ထပ်အသံတစ်ခုကို ထပ်ကြားရသည်။

"ဒီဓာတ်ပုံလေးလည်း မဆိုးဘူးတော့။ ပန်းခင်းကြီးအလယ်မှာ ထိုင်နေတာ"

စကားဆုံးတော့ ထိုဓာတ်ပုံမှာ တစ်ယောက်လက်တစ်ယောက် ခဏချင်းကူးသွားသည်။ ထိုအထဲမှ တစ်ယောက်က . . .

"အခုမှရောက်ဖူးလို့လားမသိဘူးဟယ်။ ရက္ခဗေဒဥယျာဉ်က တအားလှတာပဲ"



ထိုစကားကတော့ သူ့နှလုံးသားကို ခုန်ပေါက်သွားစေပါသည်။ သူလိုလူမျိုးတစ်ယောက်အတွက် ရက္ခဗေဒဥယျာဉ် (ပြင်ဦးလွင်ကန်တော်ကြီး)က ဓာတ်ပုံပေါင်းများစွာနှင့် သူ့ကိုစောင့်မျှော်နေတာ သေချာသည်။ သူ ပြင်ဦးလွင်သို့ ဓာတ်ပုံရိုက်ရန် စိတ်ကူးထားသောနေရာများတွင်လည်း ရက္ခဗေဒဥယျာဉ်က ထိပ်ဆုံးမှာပါဝင်နေပါသည်။

နားထောင်နေရင်းနှင့် ကိုယ်ထဲမှပိုးမှာ ထကြွလာ၏။ ဇွန်း၊ ခရင်းကိုင်ထားသောလက်က ကင်မရာကိုင်ချင်လာသည်။ ခပ်မြန်မြန်ပင် စားသောက်ခြင်းကို လက်စသတ်လိုက်တော့သည်။ ပြီး စားသောက်ခန်းမထဲမှထွက်ကာ အပေါ်ထပ်တက်ခဲ့လိုက်သည်။ အခန်းတွင်းရောက်တော့ စောထူးဖုန်းကိုခေါ်လိုက်၏။

ဖုန်းမှာ ချက်ချင်းပင်ဝင်သွားပေမဲ့ . . . အတော်ကြာသည်အထိ ကိုင်သူမရှိပါ။ တစ်မိနစ်စွန်းသွားတော့ . . .

'လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ သတ်မှတ်ချိန်အတွင်း ပြန်လည်ဖြေကြားခြင်းမရှိပါရှင်'

သော်ဖြိုး မျက်မှောင်ကြုတ်သွားမိ၏။ နောက်တစ်ခေါက်ထပ်ခေါ်ပြန်တော့လည်း စက္ကန့်သုံးဆယ်ကျော်သည်အထိ ဘယ်သူမှလာမကိုင်။ ဒါပေမဲ့ သတ်မှတ်ချိန်မပြည့်လိုက်ပါ။

"ဟယ်လို . . ."

ကြားရသည်က စောထူးအသံမဟုတ်။ အသက်ခပ်ကြီးကြီး မိန်းမတစ်ယောက်အသံ။

"ဟုတ်ကဲ့၊ ကျွန်တော် စောထူးနဲ့စကားပြောချင်လို့ပါခင်ဗျာ"

တစ်ဖက်မှ ခဏအသံတိတ်သွားပြီး . . .

"အခုပြောနေတာ ဘယ်သူတုံးကွဲ့"

"ကျွန်တော် သော်ဖြိုးဝေပါခင်ဗျာ။ ရန်ကုန်ကလာတဲ့စောထူး သူငယ်ချင်းပါ"



www.burmeseclassic.com

www.burmeseclassic.com

"သြော် . . . သော်ဖြိုးလား။ သား . . . အန်တီ၊ အန်တီ စောထူးအမေ အန်တီခင်"

"သြော် . . . အန်တီလား"

"အေး . . . ဟုတ်တယ်၊ သား ဘယ်တုန်းကရောက်နေတာလဲ။ သားသူငယ်ချင်းက အန်တီ့ကိုလည်းမပြောဘူး"

စကားနောက်မှာ ချောင်းတဟွတ်ဟွတ်ဆိုးသံကို ကြားရ၏။

"ပြီးခဲ့တဲ့မနက်ကရောက်တာ အန်တီ။ စောထူးကိုတော့ ဖုန်းဆက်သေးတယ်။ မနေ့ကရောက်ရောက်ချင်းဖုန်းဆက်တော့ (၂၁)မိုင်မှာ ကားပျက်လို့ ဆင်းပြင်နေတယ်ဆိုလို့ အခုရော စောထူးရှိလားအန်တီ"

သက်ပြင်းချသံကြီးတစ်ခုကို ဖုန်းထဲမှာပင်ကြားရသည်။

"မင်းသူငယ်ချင်းကတော့ ပြောမပြောချင်ပါဘူးကွယ်"

ဒီလိုအစပျိုးမှုမျိုးကို ကြုံဖူးနေကျမို့ ဒီလောက်ဆိုလျှင်ဖြင့် စောထူးအိမ်မှာတစ်ခုခုမွှေထားမှန်း ရိပ်မိလိုက်သည်။

"စောထူး ဘာဖြစ်လို့လဲအန်တီ"

"ကားပြင်တာက နည်းနည်းပါကွယ်။ ညကလည်း သုံးနာရီထိုးမှ အိမ်ပြန်ရောက်တယ်။ မူးလို့ရူးလို့။ ကားသမားတွေနဲ့ သောက်လာတယ် ထင်ပါရဲ့။ အန်တီလည်း ချောင်းတွေဆိုးနေတာနဲ့ ထမကြည့်ဖြစ်ဘူး။ အခုလည်း ကုလားသေကုလားမော အိပ်နေလေရဲ့။ ဖုန်းလာတာတောင် မနိုးလို့ အန်တီလာကိုင်ရတာ။ ခဏလေး . . . ခဏလေး၊ အန်တီ သူ့ကိုနိုးပေးမယ်"

"ဟာ . . . ရတယ်၊ ရတယ် အန်တီ။ မနိုးနဲ့တော့၊ ထားလိုက်တော့။ တော်ကြာ အိပ်ရေးမဝလို့ ခေါင်းပြန်ကိုက်နေပါဦးမယ်။ သူနိုးရင်သာ ကျွန်တော့်ကို ဖုန်းဆက်ခိုင်းပေး"

"အေးအေး . . . သား၊ အန်တီ ပြောပေးမယ်။ အဟွတ် . . . အဟွတ် . . . သား အိမ်ကိုလာလည်ဦးလေ။ ဟိုတစ်ခေါက်ရောက်လာပြီးကတည်းက ပေါ်မလာတော့တာ"



"ဟုတ်ကဲ့အန်တီ၊ နောက်နေ့ ကျွန်တော်လာခဲ့ပါ့မယ်"

"အေးအေး . . . သား . . . အိမ်မှာ ထမင်းလာစားချည်နော်။ အဟွတ် . . . အဟွတ် . . . "

"ဟုတ် . . . ဟုတ် အန်တီ"

ဖုန်းချသွားသည်။ စောထူးတော့ မွှေလိုက်ပြန်ပါပြီ။ ငယ်ငယ်ကတည်းက ဖခင်မရှိတော့သည်မို့ အမေဖြစ်သူက အစွမ်းကုန်အလိုလိုက်ထား၏။ မောင်နှမသားချင်းလည်း မရှိ။ ဒီတော့ ဆိုးလို့ကောင်းပြီပေါ့။

ရန်ကုန်မှာ ကျောင်းလာတက်ကတည်းက စောထူးသည် အရက်နှင့်ပတ်သက်၍ သတင်းကြီးထားသူဖြစ်သည်။ ဆိုတော့ ဒီလိုကောင်မျိုး မူးပြီးအိပ်နေသည်ဆိုတာ မယုံစရာမရှိ။ မတတ်နိုင်တော့။ စောထူးကို အားကိုးမရတော့သည်မို့ သူတစ်ဦးတည်းသာ သွားရပေတော့မည်။

တစ်အောင့်ကြာတော့ ကင်မရာကို လည်ပင်းမှာလွယ်ရင်း ဟိုတယ်မှထွက်ခဲ့လိုက်ပါသည်။

ပြင်ပ ပတ်ဝန်းကျင်က အေးလို့၊ နွေးလို့။



www.burmeseclassic.com

www.burmeseclassic.com

# VI

အနီးအနားဝန်းကျင်မှ ကက်ဆက်သံတိုးတိုးရီရီကို ကြားရသည်။ သူငယ်ချင်းတစ်စု ဝိုင်းဖွဲ့ကာ အထုပ်လေးတစ်ထုပ်ကို သူ့ထက်ငါ အလုအယက် ပစ်ပေးနေကြ၏။ အားလုံးပေါင်း ခုနစ်ယောက်။ ယောကျ်ားလေးနှစ်ယောက်။ မိန်းကလေး ငါးယောက်ဖြစ်သည်။

ထိုအုပ်စုကိုကျောပေး၍ မိန်းကလေးတစ်ဦးကတော့ ကက်ဆက်တစ်လုံးကို ပေါင်ပေါ်တင်ကာ ထိုင်နေ၏။ မြင်ရုံနှင့် ထိုအုပ်စုမှာ ပါဆယ်ဂိမ်းကစားနေခြင်းဖြစ်ကြောင်း သိသာပါသည်။ ထိုခဏမှာပဲ ကက်ဆက်သံရပ်သွားတော့ ပါဆယ်ထုပ်လက်ဝယ်တွင်ရှိနေသူကား . . .

"ဟေး . . . အောင်သူရ၊ အောင်သူရ"

အကုန်လုံးဝိုင်းအော်တော့ အောင်သူရမှာ မတ်တတ်ထရပ်သည်။ မျက်မှန်ထူထူကိုတပ်ထားပြီး ရှက်တက်တက်အမူအရာနှင့် ရပ်နေပုံက ကန့်ကရဖြစ်ကာနေသည်။ အောင်သူရမှာ သူမတို့အုပ်စုထဲမှ တရားဝင်မိန်းမလျှာတစ်ဦးဖြစ်သည်။ ကက်ဆက်ပိတ်သူမိန်းကလေးက ပက်လက်ဦးထုပ်လေးကိုကိုင်ကာ ဝိုင်းတွင်းဝင်လာ၏။

(ပက်လက်ဦးထုပ် = ဦးထုပ်ကို ပက်လက်လှန်ထားခြင်းဖြစ်သည်။)



ထိုမိန်းကလေးကပင် . . .

"ရော့ . . . တစ်လိပ်နှိုက်"

ပက်လက်ဦးထုပ်လေးကို ရှေ့ထိုးပေးလိုက်တော့ အောင်သူရက အတွင်းမှမဲလိပ်တစ်လိပ်ကို နှိုက်ပေးသည်။

"အင်္ကျီချွတ်ပြီး ကာယဗလပြပါတဲ့"

ထို့နောက်မှာကား . . .

"ဟေး . . . ရှူး . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

အောင်သူရပေါက်သောမဲလိပ်ကြောင့် တစ်ဝိုင်းလုံးပွဲကျသွားကြသည်။ လက်ခုပ်တီးသူကတီး၊ ဝိုင်းအော်သူကအော်ဖြင့် ခဏတွင်းမှာ ဆူညံသွားပါ၏။ ကံထူးသူ အောင်သူရကတော့ မငိုရုံတမည်သာရှိတော့သည်။

ပန်းဝါ၊ အေးစု၊ ချယ်ရီဝင်းတို့သုံးယောက်မှာလည်း ရယ်လို့မဆုံးတော့။ လူပုံက အရင်ကတည်းက ကန့်ကရ။ ကံကောင်းလွန်းစွာကျလာတဲ့မဲလိပ်က 'အင်္ကျီချွတ်ပြီး ကာယဗလပြပါတဲ့"

"ဟဲ့ . . . အင်္ကျီချွတ်နော်။ မဲလိပ်ထဲကအတိုင်း အင်္ကျီချွတ်ရမှာ . . ."

အေးစုက အသံစာစာဖြင့် အော်ပြောတော့ ပန်းဝါနှင့်ချယ်ရီဝင်းလည်း အေးစုစကားကို ဝိုင်းထောက်ခံကြသည်။

"ဟုတ်တယ်ဟေ့ . . . အင်္ကျီချွတ်ပြီး ဗလပြရမှာနော်။ မချွတ်လို့မရဘူး"

ထိုစကားကြောင့် အောင်သူရက နှုတ်ခမ်းတလန်ပန်းတလန်ဖြင့် ပြန်ရန်တွေ့သည်။

"ချွတ်မှာပေါ့ ကုလားမ။ ဘယ်လိုဖြစ်နေတာလဲ"

ကုလားမဟု အပြောခံရသူအေးစုမှာ ဇက်ပုဝင်သွား၏။ အေးစုမှာ အသားမည်းညိုသူဖြစ်ပြီး အသားမည်းသလောက် အသံစာစာနှင့်



www.burmeseclassic.com

www.burmeseclassic.com

ပြာတာတာနိုင်သူလည်းဖြစ်သည်။ ချက်ကောင်းထိသွား၍ အေးစုငြိမ်သွားပေမဲ့ မငြိမ်သူကမငြိမ်။

မဖြစ်မနေ အင်္ကျီချွတ်ရန်ဟန်ပြင်နေသော အောင်သူရကိုကြည့်ကာ . . .

"ဟယ် . . . ငါတို့က မကြည့်ရဲဘူးနော်"

"ဘုရား . . . ဘုရား . . . အသည်းယားလိုက်တာ"

'ဝါး'ခနဲရယ်ကြပြန်သည်။ နောက်ဆုံးမှာတော့ . . .

"ဟား . . . အောင်သူရ၊ နင့်ဗလကြီးတွေက ငေါထွက်နေတယ်တော့"

နံရိုးပြိုင်းပြိုင်းနှင့် အောင်သူရမှာ ဘာလုပ်ရမှန်းမသိ။ ပခုံးရိုးတွေ၊ နံရိုးတွေ တစ်ချောင်းချင်းပေါ်အောင်ဝဖြိုးသူမို့ အားလုံးကဝိုင်းကြည့်ပြီး တသောသောရယ်ကြသည်။

အောင်သူရပြီးတော့ နောက်တစ်ပွဲထပ်စသည်။ ပန်းဆီမှာ သူမဆီရောက်လာသောပါဆယ်ထုပ်ကို အေးစုဆီသို့ ခပ်သွက်သွက်ပစ်ပေး၏။ အေးစုကလည်း နံဘေးမှ ချယ်ရီဝင်းဆီ။ ချယ်ရီဝင်းမှ နောက်ထပ်တစ်ယောက်။ မကြာလိုက်သောအချိန်တွင်းမှာ ကက်ဆက်သံရပ်သွားပြန်၏။

မဲပေါက်သူက မြင့်မိုရ်။

မြင့်မိုရ်နှိုက်သောမဲလိပ်က . . .

"အားလုံးသိတဲ့ သီချင်းတစ်ပုဒ်ဆိုပြပါ'

ယောကျ်ားလေးနှစ်ယောက်ဖြစ်သည့် အောင်သူရနှင့်ကျော်စွာမှာ အားရပါးရ လက်ခုပ်ထတီးသည်။ အောင်သူရမှာ ခံထားရသူမို့ သာဆိုး၏။ ဆိုချင်တာဆို မသိဘူးငြင်းပြမည့် ပုံစံတွေလည်းရှိသည်။ ဒါပေမဲ့ မြင့်မိုရ်ကလည်း ပါးသည်။ ခဏစဉ်းစားကာ . . .

'မြန်မာ့ကျောင်းသား နိုင်ငံတော်တွင်း ထင်လင်းရှိရမည် × × × စည်းကမ်းသေဝပ်ခြင်း အရင်းပြုသည် × × × ဝီရိယလည်းရှိရမည် × × × ကိုယ်ကျင့်တရား ဧကန်မှန်ပေသည်'



သီချင်းကို နားထောင်ပြီး ယောကျ်ားလေးနှစ်ယောက် ရှုံ့မဲ့သွားကြ၏။ ဝိုင်းဝန်းထောပနာပြုသံတွေလည်း ဆူညံသွားသည်။

'မြင့်မိုရ် လူလည်မ။ ရွေးလည်းရွေးတတ်တယ်"

"မြန်မာ့ကျောင်းသားသီချင်းမဟုတ်ပဲ နိုင်ငံတော်သီချင်းသာဆိုလိုက်ပါတော့လား"

စသဖြင့် တစ်ယောက်တစ်ပေါက် မကျေမနပ် ဝိုင်းပြောကြပေမဲ့ မြင့်မိုရ်ကတော့ သီချင်းကို ဆုံးအောင်ဆိုပြီး ခပ်တည်တည် ပြန်ထိုင်သည်။ ပြီးတော့ နောက်တစ်ပွဲ . . .

ဒီတစ်ပွဲမှာတော့ ပါဆယ်ထုပ်မှာ ပန်းဝါလက်တွင်းတွင် အဆုံးသတ်သွားတော့၏။

"ပန်းဝါ ဒီတစ်ခါ ဘယ်ပြေးမလဲ"

ပါဆယ်ထုပ်မှာ လက်တွင်း၌ တင်းတင်းရင်းရင်းရောက်နေပြီမို့ ပြေးလို့မရတော့ပါ။ သူများတွေတုန်းကလည်း အားပေးထားသူမို့ ကိုယ့်အလှည့်မှာ နွဲ့လို့မရ။ သူမ မတ်တပ်ရပ်ကာ ဝိုင်းလည်ကိုဝင်တော့ မဲလိပ်ကိုင်သူ အနားရောက်လာသည်။ ရှေ့သို့ရောက်လာသော ပက်လက်ဦးထုပ်လေးကိုကြည့်ရင်း ရင်အခုန်မြန်နေ၏။

နှုတ်ခမ်းတစ်ဖက်ကိုဖိကိုက်ကာ စိတ်ကိုတင်းရင်း မဲလိပ်တစ်လိပ်ကို နှိုက်လိုက်သည်။ စာရွက်လေးက လက်တွင်းမှာ ပြန့်၍သွားသည်။ ပြီးတော့ . . .

"ကိုယ်မသိသူထံမှ ပိုက်ဆံတစ်ရာတောင်းပါ။

မှတ်ချက်။ ။ တစ်ရာတန်ဖြစ်ရမည်"

သူမ ဆတ်ခနဲတုန်တက်သွားရကာ ရယ်သံတွေ 'ဝါး'ခနဲထွက်လာတော့ ဒီနေ့သည် သူမကံဆိုးသောနေ့တစ်နေ့ဖြစ်ကြောင်း နားလည်လိုက်ပါသည်။ အောင်သူရက လက်ခုပ်ကို တဖြောင်းဖြောင်းတီးရင်း . . .

"မှတ်ထား . . . သူများတုန်းက ရယ်ထားတဲ့ကောင်မတွေ။ အခု တွေ့ပြီမလား။ ကောင်းတယ် . . . ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပဲ 'ဟေး . . . ဟေး . . . ဟေး . . .'ဟု သံပြိုင်အော်ကာ လက်ခုပ်တွေ ပြိုင်တူတီးပြီး ထိုင်နေသူတွေ မတ်တပ်ရပ်ကုန်သည်။ သူမမှာတော့ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။ အလယ်မှာ ကြောင်အလျှက်။

ရှောင်လွှဲလို့ ဘယ်လိုမှမရတာတော့ သေချာပါသည်။ ဒါပေမဲ့လည်း . . .

"တစ်ရာတန်နော် . . . တစ်ရာတန်ဖြစ်မှရမှာ"

"ဟုတ်တယ်၊ တစ်ရာတန်မဟုတ်ရင် မရဘူး။ မရမချင်းသာ လိုက်တောင်းတော့။ ဒါပဲ"

တချို့က ကပ်ကပ်သပ်သပ် အားပေးသလို။ တချို့ကလည်း..

"ပန်းဝါ ဘာမှအားမငယ်နဲ့။ နင့်ရုပ်ရည်နဲ့ဆို ဖြစ်ပါတယ်။ မစားနိုင်မသောက်နိုင်ပုံမျိုးဆိုတော့ သနားကြမှာပါ"

သူမ မျက်နှာတွေထူပူနေမိသည်။

"ကဲ . . . မိပန်းဝါရေ . . . ဘယ်လိုလုပ်ကြမလဲ"

ကိုယ့်ကိုယ်ကိုယ်ပြန်မေးရင်း ဆားဘီကို မျက်စိတစ်ဆုံးဝေ့ဝဲမိ၏။ ကိုယ်နှင့်မသိသူထံမှ တောင်းရမည်မို့ တရားခံကို အလျင်အမြန်ရှာဖွေလိုက်သည်။

နံဘေးဝန်းကျင်မှာ ကိုယ့်အာရုံနှင့်ကိုယ်နေ၊

ထိုင်ကြသော လူများစွာရှိသည်။ တချို့က နှစ်ယောက်။ တချို့က လေးငါးယောက်။

မြက်ခင်းပေါ်မှာထိုင်နေသူ။ လမ်းလျှောက်နေကြသူတွေနှင့်။ တချို့ကလည်း သူမတို့လို အုပ်စုလိုက်ကစားလို့။

ဒါပေမဲ့ . . .

• • •



ရေတွင်ကူးခတ်နေသော ငန်းဖြူမိသားစုလေးကောင်ကိုကြည့်ကာ ရိုက်လို့ကောင်းမည့်အနေအထားရောက်အောင် Zoomဆွဲကြည့်နေခိုက် နားထဲသို့ ဆူဆူပူပူအသံများ တိုးဝင်လာပါသည်။ ငြိမ်ဆိတ်နေရာမှ ဆူညံသွားသည်ကြောင့် အထူးအဆန်းဖြစ်ကာ မျက်လုံးကို ကင်မရာမှခွာလိုက်သည်။

အသံကြားရာဘက်ဆီ လှည့်ကြည့်လိုက်တော့ လူတစ်အုပ် သူ့ဆီသို့ ဦးတည်ကာလာနေသည်။ သော်ဖြိုး အံ့သြသွားရ၏။ ခေါင်းငုံ့လျှောက်လာသော မိန်းကလေးတစ်ယောက်နောက်မှာ ယောကျ်ားလေး၊ မိန်းကလေးများ ပေါင်းစုပါဝင်ပြီး အော်ဟစ်လာကြခြင်းဖြစ်သည်။

သော်ဖြိုး ရှေ့နောက်ဝဲယာကိုလှည့်ကြည့်လိုက်တော့ အနီးဝန်းကျင်မှာ သူတစ်ယောက်တည်း။ သေချာသည်။ သူ့ထံသို့ ဦးတည်ကာလာနေခြင်းပါ။ ငါ ဘာပြဿနာတွေများ ရှုပ်ထားလို့လဲ။ ကိုယ့်ကိုယ်ကိုယ်ပြန်တွေးကြည့်တော့ ရှင်းလင်းကာနေသည်။ ဒီလိုဆိုတော့လည်း ကင်မရာပြန်မကာ ရိုက်ကွင်းပြန်ယူလိုက်သည်။

ဒါပေမဲ့ မကြာလိုက်။ နားသီးဝသို့ ရနံ့လေးတစ်ခု တိုးဝင်ကာလာသည်။ ဘာရနံ့လည်း သူမဝေခွဲတတ်။ ဝတ်ရည်ဝသော လိပ်ပြာတစ်ကောင်ရဲ့ရနံ့လိုမျိုး။ မကြာလိုက်ပါချေ။ ထိုရနံ့လေးက သူနှင့်အနီးဆုံးနေရာမှာ ရပ်သွားပါသည်။ မနေနိုင်တော့စွာ လှည့်ကြည့်စဉ် နောက်ဖက်ဆီမှ မျက်နှာတွေကို အရင်ဆုံးတွေ့ရ၏။

ရှေ့မှ မိန်းကလေးမှာတော့ ယခုထက်တိုင် ခေါင်းကိုငုံ့ထားဆဲ။ ကြည့်နေဆဲမှာပဲ ဘယ်အချိန်က နားနေမှန်းမသိသော လိပ်ပြာတစ်ကောင်က မြေပြင်မှထပျံသည်။ ထို့အတူ . . .

"ကျွန်မကို ပိုက်ဆံတစ်ရာလောက်ပေးပါလား"

"ဗျာ . . ."

ဦးခေါင်းလေးမော့အသွား လိပ်ပြာလေးက မျက်နှာရှေ့မှ ဖြတ်အပျံ . . .



www.burmeseclassic.com

www.burmeseclassic.com

"လိပ်ပြာလေး . . ."

ပါးစပ်မှထွက်သွားသော အာမေဋိတ်သံမဟုတ်ပါ။ မျက်နှာလေး မော့လာစဉ် ရင်ထဲက အလိုလိုထွက်သွားသော စကားသံဖြစ်သည်။ ထင်မှတ်မထားစွာ စက္ကန့်ပိုင်းလောက် လူက ကြောင်တောင်တောင်ဖြစ်သွား၏။

မိန်းကလေးပေါင်းများစွာကို မြင်ဖူးခဲ့ပါသည်။ တချို့လည်း လှကြသည်။ ဒါပေမဲ့ ထိုအလှက မရိုးရှင်း၊ သိုဝှက်ထားသောအရာတစ်ခု ရောနေသလို ခံစားရသည်။

လှသောမျက်နှာပေါ်မှာ တချို့က မာနရောနေ၏။ တချို့က အတ္တနှင့် တစ်ကိုယ်ကောင်းဆန်မှုနှင့် ရောနေသည်။ တချို့လည်း ကောက်ကျစ်မှုနှင့် မနာလိုဝန်တိုစိတ်တွေ အထင်းသား။ လှကားလှ၏။ ဒါပေမဲ့ မဖြူစင်။

ယခုတွေ့ရသော မျက်နှာလေးမှာတော့ . . .

အလှဘွဲ့တွေ တသီကြီးရွေးထုတ်မပြောတတ်ပါ။ အရိုးရှင်း ဆုံး ပြောရလျှင် . . .

ဖြူစင်လွန်းပါသည်။ မျက်နှာကိုမြင်ရုံနှင့် အတွင်းစိတ်ကြည်စင်မှုကို ထွင်းဖောက်မြင်ရသလိုမျိုး။

"တစ်ရာတန်တစ်ရွက်လောက်ရှိရင် ကျွန်မကိုပေးပါလားလို့"

ဒီတစ်ကြိမ်တွင်လည်း သူ ကြောင်ငေးလျက်။ သူ့ပုံစံကိုကြည့်ကာ နောက်မှပါလာသူမိန်းကလေးတစ်ယောက်က ဘယ်လိုထင်သွားသည်မသိ။

"ဒီလိုပါ။ ကျွန်မတို့ သူငယ်ချင်းတွေ ပါဆယ်ဂိမ်းကစားနေကြတာပါ။ အဲ့ဒါ သူက ဒီမဲလိပ်ကျလို့ အစ်ကို့ဆီကို အကူအညီလာတောင်းတာ"

အခြေအနေကို ဝင်ထိန်းပေးသလို နောက်မှမိန်းကလေးက သူ့လက်တွင်းသို့ စာရွက်တစ်ရွက်ထည့်ပေးသည်။ သော်ဖြိုး ယူကြည့်ပြီးတော့ အရာအားလုံးကို ရှင်းလင်းသွား၏။ လူက အခုမှပဲ အိပ်မက်မှနိုး



ထလာသလို နှလုံးပြန်ခုန်သည်။ သူမကတော့ မဝံ့မရဲဖြစ်တာလား၊ ရှက်တာလားမသိ။ နှုတ်ခမ်းလေးများပင် တုန်လို့။

ထိုအခိုက်အတန့်လေးမှာ ဘယ်ဘက်ရင်အုံ၏ ဘာသာဗေဒ တစ်ခုက နိုးထလှုပ်ရှားသွားခဲ့သည်။ နှလုံးသားရဲ့ ကွန့်မြူးမှုကို နားလည်သက်ခံပြီးသွားချိန်မှာတော့ . . .

ပိုက်ဆံအိတ်ကို အလျင်အမြန် ဆွဲထုတ်လိုက်ပါသည်။ ပြီးတော့ ဘာစ်ရာတန်တစ်ရွက်ကို အလျင်စလို ထိုးနှောက်ရှာဖွေလိုက်သည်။ ဒါပေမဲ့ . . .

ဘောင်းဘီအိတ်၊ အင်္ကျီအိတ်တွေထဲမှာလည်း တစ်ရာတန်နဲ့တူသော အစုတ်အပြဲလေးတစ်ရွက်လောက်ပင် ရှိမနေပါ။ သူ့ပုံစံကိုကြည့်ပြီး . . .

"တစ်ရာတန် မရှိဘူးနဲ့တူတယ်နော်"

"ဟုတ် . . . ကျွန်တော် ရှာမတွေ့ဘူး"

မျက်နှာလေးပျက်ယွင်းကာ နှုတ်ခမ်းကိုစူရင်း နောက်ဖက်လှည့်သွား၏။ သူငယ်ချင်းဖြစ်သူများ၏ သဘောဆန္ဒကို တောင်းခံသလိုမျိုး။ ဒါပေမဲ့ . . .

"မရဘူးနော်။ တစ်ရာတန်မရမချင်း လိုက်တောင်းရမှာ။ ဒီတစ်ယောက်မရရင် နောက်တစ်ယောက်ရှာတောင်း။ ဒါပဲ"

မိန်းမလိုမိန်းမရဝင်ပြောသော ကန့်ကွက်ရကောင်ကို သူမဘက်မှ ခံပြင်းသွားမိသည်။ ဆွဲထိုးပစ်ချင်စရာ မိန်းမလျာကတော့ မျက်နှာကိုချိုသို့။

"ကျွတ် . . . ဒုက္ခပါပဲ"

တိုးတိုးပြောရင်း လိပ်ပြာလေးရဲ့အကြည့်တို့ နဘေးကိုသွေဖည်သွားပြန်ပါ၏။ တစ်ရာတန်အတွက် နောက်ထပ်ပစ်မှတ်တစ်ခုကို ထပ်မံရှာဖွေသည့်သဘော။ မျက်နှာကြည်ကြည်လေးမှာ စိတ်ပျက်ဟန် တစ်စွန်းတစ်စရောသွားသည်မို့ ရင်ထဲမှာအောင့်သက်သက်ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

သူ့နှလုံးသားမှာ ဖွင့်ဆိုချက်တစ်ခုက ခိုင်မာပြီးသွားပြီမို့ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ ထို့နောက်မှာ စွမ်းအားတစ်ခုက သူ့ကို ရှုပ်ရှုပ်ချွံချွံခိုင်းစေလိုက်တော့၏။

ရပါတယ်။

နှုတ်ခမ်းကို ခပ်နာနာတစ်ချက်ဖိကိုက်ရင်း . . .

“ဒီမှာ ခဏလေးစောင့်နော်။ ကျွန်တော် ချက်ချင်းပြန်လာခဲ့မယ်”

ဘယ်သူတွေဘာပြောပြော၊ ဘယ်လိုပဲထင်ထင် ဂရုမစိုက်တော့ပါ။ ကင်မရာကို နီးစပ်ရာအုတ်ခုံပေါ်တင်ပြီး သော်ဖြိုး ပြေးထွက်လာခဲ့သည်။ သူ့နောက်မှာ တအံ့တသြအကြည့်တွေ၊ နားမလည်ဟန်မျက်ဝန်းတွေ တသီကြီးပါလာကြ၏။

လမ်းလျှောက်နေသူတွေ၊ မြက်ခင်းပေါ်ထိုင်ကာ အနားယူနေကြသူတွေ၊ ကစားနေသော ကလေးတွေ၊ အရာအားလုံးကို ပြေးလွှားဖြတ်ကျော်ရင်း အချစ်ရဲ့ဘက်တော်သားတစ်ယောက်အဖြစ် သူကိုယ်သူ ဂုဏ်ယူလိုက်မိသည်။

အနီးဆုံးမုန့်ဆိုင်လေးဆီရောက်တော့ . . .

“ရေသန့်တစ်ဘူးပေးပါ”

ငါးရာတန်တစ်ရွက်တင်ပေးရင်း ပြောတော့ . . .

“လေးရာပါ . . .”

စကားသံနှင့်အတူ ရေသန့်တစ်ဘူးရှေ့ရောက်လာသည်။ ပြီးတော့ တစ်ရာတန်နွမ်းနွမ်းလေးတစ်ရွက်လည်း စားပွဲပေါ်ကျလာ၏။ သောကြာဂြိုလ်ရဲ့ဆုလာဘ်တစ်ခုလို ထိုရာတန်နွမ်းနွမ်းလေးကို ဆုပ်ကိုင်ရင်း လာရာလမ်းအတိုင်း ပြန်ပြေးခဲ့သည်။

ရင်ထဲမောနေပေမဲ့ ပျော်လို့နေသည်။ ချစ်သူအတွက် ထမ်းဆောင်ပေးသော အနိမ့်ဆုံးတာဝန်တစ်ခုအဖြစ် ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူနေမိသည်။ ပြေးလာသောသူ့ကို ရပ်ကြည့်နေသည့်လိပ်ပြာလေး



အား အတော်လှမ်းလှမ်းမှပင် မြင်နေ၏။ သူမတစ်ယောက်တည်းမဟုတ်ပါ။ တစ်အုပ်စုလုံးပင် သူ့အား တအံ့တသြ ရပ်ငေးနေကြခြင်းဖြစ်သည်။

ရှေ့တော်မှောက်ရောက်ရောက်ချင်းမှာပဲ . . .

“ရော့ . . .”

မောဟိုက်နေသော အသက်ရှူမှုတွေကြားမှ သူ့အသံက အနိမ့်အမြင့်တစ်ခုနှင့် ထွက်သွားသည်။ လိပ်ပြာလေးအပါအဝင် အားလုံးက သူ့ကိုရော၊ သူယူလာသည့်တစ်ရာတန် နွမ်းနွမ်းလေးကိုရော မှင်သက်စွာ ကြည့်နေကြ၏။

“ရော့ . . . ယူပါ”

ထိုအခါမှ သွယ်ဥဖွေးဖြူသော လက်လေးတစ်ဖက်က ရှေ့ထွက်လာသည်။ ပြီးတော့ သူ့လက်တွင်းမှပိုက်ဆံအား ထိကိုင်လှမ်းယူလိုက်စဉ်မှာတော့ . . .

“ဟေး . . .”

နောက်ဘက်မှ သူငယ်ချင်းတစ်သိုက်က ညာသံပေးကာထအော်ကြ၏။ အားပဲပေးတာလား။ သူ့ကို ငကြောင်တစ်ကောင်ဟု ဝိုင်းဝန်းထောပနာပြုကြတာလားမသိ။ ထိုအသံတွေကြောင့် သူမကတော့ ရှက်ရွံ့စွာ ခေါင်းငုံ့သွားသည်။

သူကတော့ ပြောမပြတတ်အောင် ကြည်နူးလို့သွားရပါသည်။

“ကျေးဇူးနော်”

လိပ်ပြာလေးက တောင်ပံကိုဖြန့်ရင်း ကျေးဇူးတင်ကြောင်း ဒွင့်ဟလာစဉ်မှာတော့ သူ့ဘဝ၊ သူ့ကမ္ဘာသည်ကား . . .

တကယ်ပါပဲ။ အချစ်ဆိုတာ ကိုယ့်ရင်တွင်းမှာ ထိုအချိန်ကစပြီး အမြစ်တွယ်ခဲ့တာပါ လိပ်ပြာလေးရယ်။

ကိုယ့်ကို ရယ်ချင်ရယ်ကြမယ်။ လှောင်ချင် လှောင်ကြမယ်။ ငကြောင်ပါကွာလို့ ပျက်ရယ်ပြုချင်ပြုကြမယ်။ ပေါရဲလိုက်တာလို့ ကဲ့ရဲ့ချင်ကဲ့ရဲ့ကြမယ်။ ကိစ္စမရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

မင်းကိုသာချစ်နေရရင် ကိုယ့်နာမည်တပ်ပြီး ရှေ့တည့်တည့်က ထိုင်ဆဲနေလည်း ခွင့်လွှတ်နိုင်ပါတယ်။

မင်းရဲ့ဖြူစင်မှုတွေကိုချစ်တယ်။ ရိုးရှင်းမှုလေးတွေကိုချစ်တယ်။ လိပ်ပြာရောင်နှုတ်ခမ်းနဲ့ လိပ်ပြာစကားလေးတွေကို ချစ်တယ်။

မျက်တောင်တစ်ခါခတ်တိုင်း ချစ်တယ်။ အသက်တစ်ခါရှူတိုင်းလည်း ချစ်တာပါပဲ။

ဘာပဲဖြစ်ဖြစ် . . .

မင်းဘာတွေပဲဖြစ်ဖြစ် . . .

ချစ်တာကတော့ ချစ်တာပါပဲ။



## VII

ဟိုတယ်ရှေ့ပြန်ရောက်ရောက်ချင်း အတွင်းဘက်မှ စက်ဘီးစီး၍ထွက်လာသော ထူးအောင်ကိုတွေ့ရသည်ကြောင့် . . .

"ဘယ်သွားမလို့လဲကွ"

"ဈေးသွားဝယ်မလို့ အစ်ကို"

စက်ဘီးကို ခပ်သွက်သွက်နင်းကာ ထွက်သွားသော ထူးအောင်ကျောပြင်ကိုကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်မိသည်။ ထူးအောင်မှာ ညှော်သည်ကို အဆင်ပြေအောင်ဆက်ဆံတတ်ရုံပင်မဟုတ် အလုပ်လည်း ကြိုးစားပုံရလေသည်။ ပုံစံကရိုးစင်းကာ ချိုချိုသာသာလည်းရှိသည်။ စိတ်ကောင်းလည်း ရှိပုံရ၏။

ဟိုတယ်တွင်းကိုဝင်လိုက်တော့ စောထူးမှာ ရောက်နှင့်လို့နေပါပြီ။ တံခါးတွန်းဝင်လာသော သူ့ကိုမြင်မြင်ချင်း . . .

"ဟာ . . . သော်ဖြိုးရာ . . . မင်း တစ်နေကုန် ဘယ်လျှောက်သွားနေတာလဲ။ ဖုန်းလည်း ဆက်လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com

ထိုင်နေရာမှထပြီး ပြစ်တင်စကားဆိုသည်။ အနည်းငယ်ဝဖိုင်းဖိုင်းဖြစ်လာသည်မှလွဲ၍ စောထူးမှာ ဘာမှမပြောင်းလဲ။

“မင်းမှရောက်မလာတာ။ ငါတစ်ယောက်တည်းပဲ ကန်တော်ကြီးကို လစ်တာပေါ့ကွ”

စောထူးမှာ သူ့စကားကို သိပ်ဘဝင်ကျဟန်မပြ။

“နေစမ်းပါဦး၊ မင်းက ဘာလို့ဖုန်းပိတ်ထားရတာလဲ”

သော်ဖြိုး မျက်မှောင်ကြုတ်သွားမိပါသည်။ ပြီး ဘောင်းဘီအိတ်တွင်းမှဖုန်းကိုလည်း နှိုက်ယူကြည့်မိ၏။ စောထူးပြောသလိုပါပင်။ ဖုန်းမှာ ပိတ်လို့နေပါသည်။

“အေးကွာ . . . ရောက်ကတည်းက အားမသွင်းရသေးတော့ အားကုန်ပြီး ပါဝါပိတ်သွားတာဖြစ်မယ်”

ပြောပြီး ဖုန်းကို ပါဝါပြန်ဖွင့်စဉ် စောထူးက သူ့လက်တွင်းမှ ကင်မရာကိုကြည့်ကာ . . .

“ဘယ့်နှယ်လဲ . . . ပုံကောင်းတွေ တော်တော်ရခဲ့လား”

ထိုစကားနောက်မှာတော့ မေ့လျော့နေသောအာရုံတစ်ခုက ရုန်းကြွလှုပ်ရှားသွားပါသည်။ လည်ပတ်နေသောသွေးတွေ ရုတ်တရက်နွေးသွားသလိုလည်း ခံစားလိုက်ရသည်။ ပြီးတော့ . . .

“စောထူး . . . မင်းကိုငါ ပြောစရာရှိတယ်”

“အေး . . . ပြောလေ”

ပေါ့ပေါ့ပါးပါး ပြန်လည်ဖြေကြားတော့ သော်ဖြိုး ဟိုဟိုဒီဒီကြည့်မိ၏။ ဟိုတယ်ဝန်ထမ်းအချို့ အနီးအနားမှာရှိနေပါသည်။ သူတို့စကားကို နားထောင်နေခြင်းတော့ မဟုတ်။ ကိုယ့်အလုပ်ကိုယ် လုပ်နေကြခြင်းဖြစ်သည်။ ဒါပေမဲ့ . . .

“ဒီမှာ မပြောချင်ဘူးကွာ။ အပြင်သွားရအောင်”

အခြေအနေတစ်ခုမှ ထူးခြားသွားသောသူ့စကားကြောင့် စောထူးသဘောပေါက်သွားပုံရကာ . . .



“ရတယ်လေ။ ငါ့မှာ ဆိုင်ကယ်ပါတယ်”

ဆိုင်ကယ်သော့ကိုထောင်ပြကာ ဆိုတော့ . . .

“အဲဒါဆို ခဏလေး။ ငါ အပေါ်တက်ပြီး ကင်မရာထားလိုက်ဦးမယ်”

သော်ဖြိုး ချက်ချင်းပင် အပေါ်ထပ်ပြေးတက်ကာ အခန်းတွင်းဝင်ပြီး ကင်မရာထားလိုက်သည်။ ပြီးတော့ စားပွဲပေါ်မှာ ပုံစံမပျက်ရှိနေသေးသော လျှို့ဝှက်မြို့ရိုးစာအုပ်လေးကိုယူကာ ပြန်ဆင်းလာခဲ့၏။

စောထူးကဦးဆောင်ကာ ဟိုတယ်ပြင်ထွက်သွားသည်။ ရပ်ထားသောဆိုင်ကယ်ကိုခွကာ စက်နှိုးပြီးချိန်မှာတော့ . . .

စောထူးမောင်းသော ဆိုင်ကယ်နောက်မှာထိုင်ရင်း အတွေးတစ်မှိုင်မှိုင်နှင့် သော်ဖြိုးပါလာခဲ့သည်။ ထင်းရှူးပင်တွေတန်းစီကာ ပေါက်နေသော ဆိုင်လေးတစ်ဆိုင်ရှေ့ကိုရောက်တော့ ဆိုင်ကယ်မှာရပ်သွား၏။ နှစ်ဦးသား လူရှင်းသောစားပွဲတစ်လုံးကိုရွေးကာ ဝင်ထိုင်လိုက်သည်။

မှာစရာရှိတာမှာပြီးသွားချိန်မှာ . . .

“သော်ဖြိုး . . . ပြောစရာရှိတယ်ဆိုတာ ဘာလဲ”

စတင်လာသောအမေးတစ်ခုနောက်မှာ သက်ပြင်းကိုချမိလိုက်သည်။ နောက်ပြီး လက်တွင်းမှစာအုပ်လေးကို စားပွဲပေါ်တင်ကာ . . .

“ပြောမယ်ဆိုရင်တော့ ဒီစာအုပ်ဝယ်ခဲ့တဲ့အကြောင်းက စပြောရမှာပဲ”

ထိုမှအစချီကာ စာအုပ်သုံးအုပ်ဝယ်ခဲ့ပုံ၊ ညရောက်တော့ မီးပျက်နေသည့်အတွက် ဖယောင်းတိုင်နှင့်စာဖတ်ခဲ့ပုံ၊ စာဖတ်ရင်း အိပ်ပျော်သွားကာ ကြောက်မက်ဖွယ်အိပ်မက်တစ်ခုကို မြင်မက်လာပုံ၊ အိပ်မက်ကနိုးတော့ ယခုစာအုပ်လေးမှာ ပွင့်နေပုံ။ ထိုအထဲမှ စာရွက်လေးတစ်ရွက်မှာ ဆလအရှိန်နဲ့ထောင်နေပြီး ဖယောင်းတိုင်မီးရောင်နှင့် နံရံမှာ စာသားကြောင်းပေါ်လာပုံများကို စီကာပတ်ကုံး ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

စောထူးမှာ ငြိမ်သက်စွာနားထောင်နေ၏။ ထို့ကြောင့် ဒီနေ့တစ်နေ့လုံး ဖြစ်ပျက်ခဲ့ပုံတွေကို သေသေချာချာ ထပ်ပြောပြလိုက်ပါသည်။

"ငါ လုံးဝလက်မခံနိုင်လို့ breakfast စားပြီးပြီးချင်း မင်းဆီကို ဖုန်းဆက်တယ်ကွာ။ တကယ်ပဲ မင်းရောက်မလာဘူး။ အဲ့ဒါက ပထမအချက်။ ဒုတိယအချက်ကတော့ တိုက်ဆိုင်တာလို့လည်း ပြောလို့ရတယ်။ စာထဲမှာက 'သင်တစ်ယောက်တည်းသွားရမည်' ဆိုတာပဲပါတယ်။ ဘယ်ကိုသွားရမယ်လို့တော့ ရေးမထားဘူး။ ငါကတော့ ကန်တော်ကြီးကို တစ်ယောက်တည်းသွားလိုက်တယ်"

"တတိယအချက်ကရော"

"အဲ့ဒါကတော့ အတိအကျပဲ။ ငါတကယ်ပဲ ကောင်မလေးတစ်ယောက်နဲ့ဆုံခဲ့တယ်။ စာထဲကအတိုင်း ပန်းတွေပတ်လည်ဝိုင်းနေတဲ့ ရေကန်ကြီးဘေးမှာ"

စကားဆုံးဆုံးချင်း စောထူးက စာအုပ်လေးကို ဆွဲယူကြည့်သည်။ ပြီးတော့ စာမျက်နှာတစ်ခုချင်းဆီကို လှန်ကာကြည့်၏။ သူ့အထပ်ထပ်လှေ့လာပြီးသားတွေပါ။ ပထမစာမျက်နှာထောင့်ဆုံးမှာ နာမည်နှင့် ရက်စွဲတပ်ထားသည်မှလွဲလို့ အားလုံးမှာဗလာ။

"မင်းဟာက ဟုတ်ရောဟုတ်လို့လားကွာ"

"ငါတကယ်ပဲ လက်တွေ့ကြုံခဲ့မယ်ဆိုတာတော့ သေချာတယ်"

စောထူး ငြိမ်ကာသွားပါသည်။ သူ့မျက်နှာတည်နေသည်မို့ တကယ်ပြောနေသည်ဆိုတာကိုလည်း ရိပ်မိပုံရ၏။ သော်ဖြိုး စကားကို ထပ်ဆက်သည်။

"မင်း စဉ်းစားကြည့် . . . စာရွက်လေးတစ်ရွက်ကိုထောင်ပြီး ရှေ့မှာ ဖယောင်းတိုင်ထွန်းလိုက်ရုံနဲ့ အဲ့ဒီမီးရောင်ရဲ့ မျက်နှာချင်းဆိုင်မှာ စာတွေပေါ်လာတယ်ဆိုတာကြီးက လက်ခံနိုင်စရာအကြောင်းမရှိဘူး။ ငါကိုယ်တိုင်လည်း လက်မခံချင်ဘူး။ ဒါပေမဲ့ အဲ့ဒီစာတွေထဲကအတိုင်း အပြင်မှာ တကယ်ဖြစ်နေတယ်"



"စာထဲကအတိုင်း အားလုံးတူနေတာပေါ့"

"လုံးဝကွက်တိပဲ"

ကုလားထိုင်ကိုနောက်မှီထိုင်ရင်း ငြိမ်သွားပြန်သည်။ စောထူး ယုံကြည်ပုံမရဘူးဆိုတာ သော်ဖြိုး ရိပ်မိသည်ကြောင့် . . .

"မင်း လက်မခံနိုင်ဖြစ်နေတယ်မလား"

စောထူးက လေးလေးပင်ပင် ခေါင်းကိုရမ်းရင်း . . .

"မင်းကိုတော့ အားနာတယ်ကွာ။ ငါ ယုံလို့မရဘူး"

"ဟုတ်ပြီ၊ ငါလည်း မင်းအတိုင်းပဲ။ ဒီတော့ မင်း ငါနဲ့ညလိုက်အိပ်မလား"

စောထူးအကြည့်တို့ သူ့ထံ ဒိုင်းခနဲရောက်လာတော့ . . .

"မင်းနဲ့ငါ ဒီညစမ်းသပ်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com

# VIII

သူတို့နှစ်ဦး အတော်ကြီးမိုးချုပ်မှ ဟိုတယ်သို့ပြန်ခဲ့ကြ၏။ ဒီည သော်ဖြိုးနှင့်လိုက်အိပ်မည်ဖြစ်ကြောင်းကိုလည်း စောထူးမှာ အမေဖြစ်သူကို လှမ်းအကြောင်းကြားရသေးသည်။

ပထမ မယုံ။ မနေ့ကလိုပဲ အရက်တွေသောက်နေမှာစိုးသဖြင့် တော်တော်နှင့် ခွင့်ပြုချက်မရ။ သော်ဖြိုးကိုယ်တိုင်ဝင်ပြောပေးကာမှ အဆင်ပြေလေသည်။ အန်တီခင်မှာ ချောင်းတွေတဟွတ်ဟွတ်ဆိုးနေသဖြင့် ဖုန်းထဲမှပြောစကားကို တော်တော်နားထောင်ယူရ၏။

စောထူးက အန်တီခင့်မှာ ပန်းနာရင်ကြပ်ရောဂါရှိသည်ဖြစ်ကြောင်းပြောသည်။ အခန်းမှာ နှစ်ယောက်ခန်းမို့ အဆင်ပြေပါသည်။ အခန်းတွင်းရောက်ရောက်ချင်းပင် စောထူးမှာ စာအုပ်ကိုစမ်းသပ်ရန် စိတ်အားထက်သန်နေတော့၏။ အပြင်မှဝယ်လာခဲ့သော ဖယောင်းတိုင်ကြီးကြီးကို သော်ဖြိုး မီးညှိလိုက်သည်။

ထိုခဏမှာပင် (107) ဟူသော အခန်းကျဉ်းလေးမှာ အမှောင်ကျသွားတော့၏။ မနေ့ညက လုပ်ငန်းစဉ်အတိုင်း အားလုံး လုပ်ဆောင်ပြီးသွားစဉ်မှာတော့ . . .

တစ်မိနစ်၊

နှစ်မိနစ်၊

သုံးမိနစ် . . .



"ဟား . . . ဟား . . . ဟား . . . သော်ဖြိုး၊ သော်ဖြိုး မင်း ဘယ်တုန်းက ဓာတ်ပုံဆရာကနေ ဝတ္ထုရေးဆရာဖြစ်သွားတာလဲ"

စောထူးရယ်သံကြီး ထွက်ပေါ်လာတော့ . . .

"ဘာဖြစ်လို့လဲ"

"မင်း ငါ့ကို ပေါ်တင်ကြီးရုပ်ရှင်ရိုက်ပြနေတာပဲကွ။ ဘာလဲ ဓာတ်လမ်းဆင်ပြီး ဝတ္ထုရေးမလို့လား"

ခနဲ့သလို တဟားဟားရယ်ရင်း စောထူးက ရယ်ကျဲကျဲပြောသည်။

"မဟုတ်ဘူးဟေ့ကောင်၊ ငါ တကယ်ကြုံလို့ . . ."

"တော်တော့ဟေ့ကောင် . . . ခွီးမှပဲ။ တော်တော်နောက်တဲ့ကောင်။ ငါ တကယ်အောက်မေ့လို့ နားထောင်နေတာ"

ပြောပြောဆိုဆို စောထူးက သူခံလိုက်ရသည့်အတွက် မခံချိမခံသာပုံစံမျိုးနှင့် သော်ဖြိုးလက်မောင်းကိုလှမ်းထုကာ . . .

"ဘာလဲ၊ ညဘက်တစ်ယောက်တည်းမအိပ်ရဲလို့ မင်း ငါ့ကို အဖော်ခေါ်လာတာလား"

သူ့ကို တမင်တကာခေါ်နောက်သည်ဟုသဘောပိုက်ကာ ဆဲရေးရင်း မီးခလုတ်ကိုပြန်ဖွင့်သည်။ ပြီး T.Vကိုပါဖွင့်ကာ ကုတင်ပေါ်တက်၍ ကြည့်နေ၏။ သော်ဖြိုးမှာတော့ ခံရခက်ခက်နှင့်ပင် ငြိမ်နေလိုက်ရသည်။

ဒီထက်ပိုပြီးလည်း ဘာမှမတတ်နိုင်တော့။ သူ့စမ်းသပ်မှုက အပြောနှင့်လက်တွေ့ လုံးဝလွဲသွားပြီမဟုတ်ပါလား။ ထိုင်ရာမှထပြီး ပြတင်းတံခါးကိုဖွင့်ကာ အပြင်ကိုသာငေးနေလိုက်သည်။ ခေါင်းထဲမှာ အတွေးပေါင်းစုံက ရှုပ်ထွေးပွေလီနေ၏။ ရင်ထဲမှာလည်း ခံပြင်းသလို ဒေါသထွက်သလို။

ပြင်ပလောက,ကတော့ အားလုံးကိုမသိယောင်ဆောင်ကာ မည်းမည်းမှောင်နေ၏။

တဖြည်းဖြည်းနှင့် ညမှာရင့်ရော်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# IX

မနက်လင်းတော့ ညကကိစ္စကို အတတ်နိုင်ဆုံး မေ့ပစ်လိုက်သည်။ မမေ့လို့ကလည်း မရ။ ဆက်ပြောလျှင် သူနှင့်စောထူး ရန်ဖြစ်ဖို့သာရှိပါသည်။ ရေမိုးချိုးပြီးတော့ စောထူးက ခပ်တည်တည်ပင် သူ့အဝတ်အစားတွေကို ယူဝတ်၏။ ပြီးတော့ ပြောသေးသည်။

"မင်းတစ်ယောက်တည်း မအိပ်ရဲလို့ ငါ အဖော်လာအိပ်ပေးတာဆိုတော့ ဒီနေ့တစ်နေ့တာအတွက် ကုန်ကျစရိတ်တွေ မင်း ငါ့ကိုပူဇော်ရမယ်"

"နွားပဲ"

သော်ဖြိုးဆဲလိုက်တော့ သကောင့်သားက ရယ်ကျဲကျဲအမူအရာနဲ့ ဆရာကြီးစတိုင်ခြေချိတ်ပြီးထိုင်နေသည်။ ပုံစံက ထောင့်မကျိုး။ ဆေးလိပ်ကိုလက်ကြားညှပ်ကာ မီးခိုးကို ပါးစပ်မှတစ်မျှင်ချင်းထုတ်နေ၏။

ဒီနေ့မနက်တော့ ဒီဇင်ဘာခြံတွင် breakfast သွားစားရန် စီစဉ်ထားသည်။ မနက်ခင်းတစ်ခုအတွက် ကိစ္စတွေအားလုံးပြီးသွားချိန်မှာ သူတို့နှစ်ဦး ဟိုတယ်မှထွက်ခဲ့ကြပါသည်။ ဒီဇင်ဘာခြံကိုရောက်တော့ သော်ဖြိုး၏အသိအာရုံတွေ နုသစ်သွားသည်။



ခြံကျယ်ကြီးထဲမှ အမိုးတဲကိုယ်စီနဲ့ နေရာထိုင်ခင်းများ၊ စတော်ဘယ်ရီခင်းများ၊ ပန်းအလှပင်လေးများက ဓာတ်ပုံဆရာတစ်ယောက်ရဲ့ မျက်စိကို ဆွဲခေါ်သွားပါသည်။ စဉ်းစားစရာမလိုပါ။ လက်တွင်းမှကင်မရာမှာ မီးတွေ တဖျတ်ဖျတ်ပွင့်သွား၏

တစ်အောင့်ကြာတော့ အမိုးတဲတစ်ခုအောက်တွင်ထိုင်နေသော စောထူးက လှမ်းခေါ်သည်။ ဝင်သွားလိုက်တော့ မှာထားသောနွားနို့ရောက်နေပြီဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ခုံမှာဝင်ထိုင်ပြီး နွားနို့ကို အရသာခံသောက်နေလိုက်၏။ ထိုစဉ်မှာပင် . . .

ဘယ်ကမ္ဘာရောက်ရောက် မှတ်မှတ်ရရရှိနေဦးမည့် ရနံ့လေးတစ်ခု။ လိပ်ပြာရနံ့လေးက လေကိုဆန်ရင်း သူ့နှာသီးဝသို့ဝင်လာတော့ ဘာမန်းကတန်းလှည့်ကြည့်လိုက်စဉ် . . .

"မနေ့ကကူညီခဲ့တဲ့ ပိုက်ဆံပြန်လာပေးတာပါ"

ဝတ်ရည်ရောင်စကားနဲ့ ပိုက်ဆံတစ်ရာတန်လေးတစ်ရွက် သူ့ရှေ့ရောက်လာတော့ ကြောင်ကာသွားမိသည်။ အမှတ်မထင်တွေ့ဆုံမှု၊ မျှော်မှန်းမထားသော အခြေအနေတွေကြောင့် သော်ဖြိုး ဘာပြန်ပြောလို့ပြောရမှန်းမသိ။

ရှေ့စားပွဲပေါ်မှ ပိုက်ဆံကိုတစ်လှည့်၊ လိပ်ပြာလေးကိုတစ်လှည့်ကြည့်ပြီး အံ့သြနေမိသည်။ ကြောင်တောင်တောင်ဖြစ်နေရာမှ ရွေးချယ်ထားသောဝါကျတချို့ ထွက်လာ၏။

"ဟာ . . . မဟုတ်တာဗျာ"

ထိုမျှသာ ပြောနိုင်သည်။ ဒါပေမဲ့ လိပ်ပြာလေးကတော့ . .

"မနေ့က ကျေးဇူးတင်စကား မပြောလိုက်ရလို့ပါ။ မနေ့က ကူညီခဲ့တဲ့အတွက် ရှင့်ကို အများကြီးကျေးဇူးတင်ပါတယ်"

ပြောလည်းပြော၊ လိပ်ပြာလေးနဲ့အဖော်က သူ့ကိုကျေးဇူးတင်ကြောင်း ပြုံးပြသည်။ ဘာမှန်းမသိ သူလည်း ဝေါင်စင်းစင်း ပြန်ပြုံးပြလိုက်ပါသည်။ ပြီးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ရ . . . ရပါတယ်ဗျာ။ ကျွန်တော်ကူညီတယ်ဆိုတာလည်း ကြီးကြီးကျယ်ကျယ်ကြီး မဟုတ်ပါဘူး"

အ,ထစ်ထစ်ထွက်သွားပေမဲ့ သူမတို့ထံမှ အပြုံးတွေထပ်ရောက်လာပြန်သည်မို့ . . .

"မိန်းကလေးတစ်ယောက်အနေနဲ့ ပိုက်ဆံတစ်ရာတန်မရမချင်း လိုက်တောင်းဖို့ဆိုတာ မလွယ်ဘူးလေ။ အဲ့ဒါကြောင့် ကျွန်တော် စေတနာ . . ."

"သိပါတယ်။ မနေ့က ရှင့်ပုံစံကိုကြည့်ကတည်းက စေတနာဘယ်လောက်ပါမှန်း ဟီး . . . ဟီး . . ."

"ဗျာ . . ."

ဖြတ်ပြောလိုက်သော အဖော်ဖြစ်သူ၏စကားကြောင့် သူ 'ဗျာ' သွားမိသည်။ မျက်နှာတစ်ခုလုံးလည်း ထူပူသွား၏။ လိပ်ပြာလေးကတော့ အဖော်ဖြစ်သူကို 'ဟဲ့' ဟု လှမ်းဟန့်သည်။ ပြီး သူ့ကိုလည်း အားနာသလိုလှမ်းကြည့်သည်။

စောထူးကတော့ သုံးယောက်စလုံးကို နားမလည်စွာကြည့်နေ၏။ သော်ဖြိုး တော်တော်နှင့်စကားမဆိုနိုင်။ နောက်မှ ပါးစပ်ထဲတွေ့ရာကို အရှက်ပြေပြောလိုက်သည်။

"ဟို . . . ဟိုဟာ . . . ကျွန်တော့်နာမည် သော်ဖြိုးဝေပါ။ သူက စောထူး"

သူ့ပုံစံကိုကြည့်ပြီး ရယ်ချင်စိတ်ကိုထိန်းထားရသောပုံစံနှင့် . .

"ဟုတ်ကဲ့၊ ကျွန်မက ပန်းဝါပါ။ သူ့နာမည်က ချယ်ရီဝင်းတဲ့"

ထို့နောက်မှာတော့ မသင်ဘဲတတ်သည့်ပညာတွေက ပါးစပ်မှ အလိုလိုထွက်သွားသည်။

"ဟုတ်ကဲ့ပါခင်ဗျာ။ အခုလိုသိရတာ ဝမ်းသာပါတယ်။ မိတ်ဖြစ်ဆွေဖြစ် တစ်ခုခုသောက်ကြပါလား"

ဘိုးတော်မင်းလက်ထက်က intro ကို သဘောပေါက်စွာ လိပ်



ပြာလေးနှုတ်ခမ်းထောင့်စွန်း ကွေးသွား၏။ ပြီး ချိုသာသောအပြုံးလေးကို ရောနှောဖြည့်စွက်ကာ . . .

"ကျွန်မတို့ရောက်နေတာ ကြာပြီရှင့်။ အကုန်လုံးလည်း စားသောက်ပြီးသွားကြပြီ။ ပြန်တော့မလို့။ ရှင့်ကိုတွေ့ . . . အဲ့ . . ."

'ရှင့်ကို' ဟုပြောပြီးမှ 'အဲ့' ဟု တစ်စွန်းတစ်စရပ်ကာ နာမည်ကို သတိရလိုက်သလို . . .

"ကိုသော်ဖြိုးဝေတို့ကိုတွေ့တာနဲ့ ကျေးဇူးတင်စကား လာပြောတာပါ"

ရင်ထဲမှာ တစ်စုံတစ်ရာကို နမြောသွားရ၏။ ထိုတစ်စုံတစ်ရာက လိပ်ပြာလေးနှင့် စကားတွေဆက်ပြောလိုခြင်းပါ။ ပြီးတော့ အခုလို ဒုတိယအကြိမ် တွေ့ဆုံပြီးနောက်ပိုင်း ထပ်မတွေ့ရမှာကိုလည်း စိုးရိမ်သွားရ၏။ ယခုတွေ့ဆုံမှုကပင် ကံကြမ္မာကြီးကို လာဘ်ထိုးမထားသောကံကောင်းမှုပါပဲ။

နှလုံးသားရဲ့တိုက်တွန်းမှုကြောင့်လား၊ သွက်သွက်ခါနေသောရင်ခုန်သံရဲ့တွန်းအားကြောင့်လားမသိ ခေါင်းထဲမှာ အကြံတစ်ချက်လက်သွားသည်။ ထိုအကြံရရချင်း သူပြုလုပ်လိုက်သည်ကား . . .

အိတ်ထဲမှဖုန်းကို မသိမသာထုတ်ကာ အောက်သို့ပစ်ချလိုက်တာပါပဲ။

"ခွပ် . . ."

ခနဲမြည်သံနှင့်အတူ ဖုန်းလေးက အောက်မှာ ကျွမ်းနှစ်ပတ်လောက် လိမ့်ဆင်းသွား၏။ ထိုအခါမှာတော့ . . .

"ဟာ . . . သွားပါပြီ။ ရှိစုမဲ့စုလေးတော့ ကုန်ပါပြီဗျာ"

ချမ်းသာသမျှ လူခိုးခံလိုက်ရသလို ရူးကြောင်ကြောင်အိုက်တင်နှင့် ပြုတ်ကျသွားသောဖုန်းကို ပြေးကောက်လိုက်၏။

"ဒီသောက်လက်ကလည်း ဖုန်းလေးတစ်လုံးတောင် မြဲအောင်မကိုင်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

တမင်တကာလွှတ်ချလိုက်သော လက်ကိုလည်း ဒေါနှင့်မောနှင့် အပြစ်တင်လိုက်သေးသည်။ ဖုန်းက ဘယ်လိုဘယ်လိုဖြစ်သွားသည်မသိ၊ ကံကောင်းထောက်မစွာ ပါဝါပိတ်သွား၏။

"ပျက်ပြီနဲ့တူပါတယ်။ စက်ပါပိတ်သွားပြီ။ အရေးကြီးဖုန်းချိန်းထားပါတယ်ဆိုနေ"

ပြီး အိုက်တင်အပြည့်နှင့် စောထူးဘက်လှည့်ကာ . . .

"ဟော့ကောင် . . . ဖုန်းပါတယ်မလား။ ငါ့ဖုန်းကို ခေါ်ကြည့်စမ်းပါကွာ။ ခေါ်လို့မှ ရတော့ရဲ့လားမသိဘူး"

ငယ်ငယ်ကတည်းက တစ်ကျောင်းတည်းတက်ပြီး လည်ပင်းဖက်ပေါင်းလာသူ သူငယ်ချင်းစောထူးကလည်း ဒါမျိုးကိုနပ်သည်၊ ရှူးသလိုလို၊ ပေါသလိုလို သူ့ကို မျက်စောင်းလှမ်းထိုးရင်း . . .

"ကျွတ် . . . ဘယ်လိုလုပ် ပါလာမှာလဲကွ။ မနက်ကတည်းက ဟိုတယ်မှာထားခဲ့တာ။ မင်းလည်း သိသားနဲ့"

ထို့နောက်မှာ သော်ဖြိုးအားကိုးရာက လိပ်ပြာလေးပင်ရှိတော့၏။ မျက်လုံးအစုံက ညှိုးငယ်စွာ သူမလက်တွင်းမှာကိုင်ထားသော ဖုန်းဆီ ရောက်သွားသည်။ ပြီးတော့ သူတောင်းစားခွက်ပျောက်သလို ( ) ပုံစံက ချက်ချင်း'ဘိုစာသွားကာ . . .

"ဟို . . . ဟိုလေ . . . အပန်းမကြီးဘူးဆိုရင် ကျွန်တော့်ဖုန်းကို တစ်ချက်လောက် ခေါ်ပေးပါလားဗျာ။ အရေးကြီးဖုန်းတစ်ခု ချိန်းထားတာရှိလို့ ဖုန်းဝင်မဝင် သိချင်လို့ပါ"

သူ့အကြံကိုရိပ်မိသလို အကြည့်ရဲရဲတစ်ချက် ရောက်လာသည်။ အလိမ်ပေါ်သွားမှာစိုးသောကြောင့် မျက်လုံးကို အတင်းလွှဲလိုက်ပေမဲ့ မအောင်မြင်ပါ။ ဒါပေမဲ့ . . .

"ဖုန်းနံပါတ်ပြောလေ . . ."

လူက ထခုန်မတတ်ပင် ဝမ်းသာသွားရကာ ဖုန်းနံပါတ်ကို ခပ်သွက်သွက်ပြောပြတော့ သူမက ဂဏန်းကို လိုက်နှိပ်သည်။ မကြာလိုက်



လက်မှာကိုင်ထားသော သူ့ဖုန်းမျက်နှာပြင်မှာ မီးတွေလင်းသွား၏။ ဂဏန်းကိုးလုံးကိုလည်း ဖုန်းမြည်သံကြားမှာ ထင်ထင်ရှားရှား မြင်လိုက်သည်၊

"ရပြီလား"

"ရပြီ . . . အဟီး . . ."

"တော်သေးတာပေါ့ကွာ။ ဖုန်းပြန်ဝင်လို့"

စောထူးက စပ်ဖြီးဖြီးဝင်ပြော၏။ အားလုံးကို သဘောပေါက်သလို သူမ နှုတ်ခမ်းကိုကိုက်ရင်း ရုတ်တရက် လှည့်ထွက်သွား၏။ ပြေပြစ်လွန်းသော နောက်ပိုင်းအလှတစ်ကွက်ကို ရှိုးရှိုးသားသား လိုက်ကြည့်ရင်း . . .

"အခုလိုကူညီတာ ကျေးဇူးနော်"

သူမထံမှ တုံ့ပြန်မှုရောက်မလာပါ။ ဒါပေမဲ့ . . .

"ရတယ်၊ ရတယ်။ ဖုန်းဆက်ဖို့လည်း မမေ့နဲ့ဦး"

ချယ်ရီဝင်းက မချိုမချဉ်လှမ်းအော်တော့ လက်မောင်းအား သူမ လှမ်းရိုက်လိုက်သည်ကို တွေ့ရသည်။

ရင်ထဲမှာ ကုလားဘုရားပွဲတွေ ဆက်တိုက်လှည့်လို့။ ပြီးတော့ သူမနှင့် ဖုန်းပြောရမည့်အရေးကိုတွေးကာ ကျေနပ်လို့ . . .။



www.burmeseclassic.com

www.burmeseclassic.com

# X

"ဟယ် . . . ပန်းဝါ။ ဟိုမှာ လိပ်ပြာလေးတွေတော့"

ချယ်ရီဝင်းက လှမ်းအော်တော့ သူမ တောင်ကုန်းပေါ်ပြေးတက်သွားလိုက်သည်။ တကယ်ပါပဲ။ တောင်ကုန်းလေးရဲ့ဟိုဘက် တောပန်းပင်လေးတွေပေါ်မှာ လိပ်ပြာမိသားစု ဖွဲ့ဝဲနေသည်။

"ကျွတ် . . . ချစ်ဖို့ကောင်းလိုက်တာ"

လိပ်ပြာချစ်တတ်သူမို့ ချယ်ရီဝင်းက ခေါ်ကာပြခြင်းဖြစ်ပါသည်။ အဝါနှင့်အနက်စင်း လိပ်ပြာလေးသုံးကောင်ကို သူမ ငေးကြည့်နေရင်း—

"လှလိုက်တာဟယ် . . . မွေးထားချင်လိုက်တာ"

"လိပ်ပြာပဲလား။ ဟိုတစ်ယောက်ကိုရော မွေးမထားချင်ဘူးလား"

ချယ်ရီဝင်း၏ ရီသွဲ့သွဲ့စကားကြောင့် . . .

"ဘယ်တစ်ယောက်လဲ"

"ဒီဇင်ဘာမှာ တွေ့ခဲ့တဲ့တစ်ယောက်လေ"

"အာ . . ."



သူမ ရှက်ဝဲဝဲဖြစ်ကာ ချယ်ရီ့ကို မျက်စောင်းလှမ်းထိုးလိုက်သည်။ ရှက်သွားသော သူမပုံစံကိုကြည့်၍ . . .

"မနေ့တုန်းကပဲ ကြည့်ပါလား။ သူ့ပုံစံက အသိသာကြီး။ ဒီနေ့ မနက်လည်းကြည့်ဦး . . ."

ချယ်ရီ ဘာကိုဆိုလိုသည်ဆိုတာ သဘောပေါက်၏။ ပြောလည်းပြောချင့်စရာ။ သူ့ပုံစံက မြင်ရသူတိုင်းအတွက် သိသာလွန်းနေသည် မဟုတ်ပါလား။

"ပုံစံကြည့်ရတာတော့ ရဲမယ့်ပုံပဲ။ စိတ်ကောင်းလည်း ရှိပုံရတယ်။ ဘာပဲပြောပြော ရန်နောင်ထက်သာမှာတော့ သေချာတယ်"

ချယ်ရီ့စကားကြောင့် မျက်လုံးတွင်းမှာ ရန်နောင်၏ ဂျစ်တစ်တစ်၊ မိုက်ကန်းကန်းပုံစံကို သွားမြင်သည်။

"သွားစမ်းပါဟာ . . . အဲ့ဒီကောင်အကြောင်း မပြောစမ်းပါနဲ့"

ရန်နောင်ဆိုသည်မှာ သူမအား တစ်ဖက်သတ်စိတ်ဝင်စားနေသူ တစ်ယောက်ဖြစ်သည်။ ဟိုအရင်တုန်းကတော့ သူငယ်ချင်းပင်ဖြစ်ကာ ယခုမှ ကောက်ခါငင်ကာ ထ,ဖောက်လာခြင်းဖြစ်ပါသည်။

ရန်နောင်တို့က ချမ်းသာ၏။ မန္တလေးပင်မဟုတ် ပြင်ဦးလွင်မှာပါ ဟိုတယ်တချို့ကို ပိုင်ဆိုင်ထား၏။ မိဘချင်းကလည်း ရင်းနှီးသည်မို့ ရန်နောင်က သူမမိဘတွေကို အပီကပ်ထားသည်။ ခက်တာက ရန်နောင့်ကို သူမ လုံးဝကြည့်မရ။

ယခု ပြင်ဦးလွင်ရောက်နေခြင်းမှာလည်း ထိုကိစ္စပင် ဖြစ်ပါသည်။ မိဘများက ရန်နောင်နှင့် နားချကြသည့်အတွက် စိတ်ဆိုးကာ ပြင်ဦးလွင်ရှိ အဒေါ်ဖြစ်သူထံ လာနေခြင်းဖြစ်သည်။ မန္တလေးမှာ မရှိတော့သည့်အတွက် ယခုအချိန်ဆို ရန်နောင် သူမသတင်းစုံစမ်းနေမှာ သေချာသည်။

ငြိမ်သွားသော သူမကိုကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ပန်းဝါ . . . ဘာတွေတွေးနေတာလဲ"

"မဟုတ်ပါဘူးဟာ။ ရန်နောင် ဒီအထိလိုက်လာမှာကို စိတ်ပူနေတာ"

သက်ပြင်းဖျော့ဖျော့ချသံကို ချယ်ရီဝင်းဆီမှ ကြားရသည်။

"စိတ်မပူပါနဲ့ဟာ . . . နင်နဲ့အတူ ငါကျန်နေခဲ့မှာပဲ။ ဒီကောင်ပြင်ဦးလွင်ထိလိုက်လာလည်း ထင်ရာလျှောက်လုပ်လို့ မရပါဘူး"

လျော့လျော့ပေါ့ပေါ့ပြောပေမဲ့ သူမကတော့ မျက်ခုံးလှုပ်ချင်သည်။ ရန်နောင့်အကြောင်းကို သူမ သေချာသိသည်ပဲ။

"ဟိုနှစ်ယောက်၊ လာခဲ့တော့။ ဒီမှာ ထမင်းစားလို့ရပြီ။ ငါတို့က မန္တလေးပြန်ဆင်းရဦးမှာ။ အေးအေးဆေးဆေးလုပ်လို့မရဘူး"

အော်သံကြောင့် နောက်ဘက်လှည့်ကြည့်လိုက်တော့ တောင်ကုန်းအောက်ဘက် သစ်ပင်ရိပ်မှာ ဖျာတစ်ချပ်နှင့် ဝိုင်းဖွဲ့ထိုင်နေကြပြီ။ အလယ်မှာ ချိုင့်တွေ၊ ခွက်တွေချကာ နေ့လယ်စာစားကြတော့မည်။

အတွေးကိုဖျောက်ကာ သက်ပြင်းကိုချမိသည်။ ပြီးတော့ မှုန်ရီနေသောစိတ်တွေကို အနားပေးကာ အတတ်နိုင်ဆုံး ပေါ့ပါးပစ်လိုက်သည်။

ဒီလိုပါပဲ . . .

ဘဝဆိုတာ မပြုံးချင်ပေမဲ့လည်း ပြုံးတတ်အောင် လေ့ကျင့်ထားရသည် မဟုတ်ပါလား။



# XI

လေတွေတဟူးဟူးတိုက်နေပေမဲ့ ကိုယ်အရှုးထမှုနှင့်ကိုယ် နွေးနွေးထွေးထွေးဖြစ်နေသည်။ ဟိုတယ်ခေါင်မိုးပေါ်မှာ တစ်ယောက်တည်း ဖုန်းတစ်လုံးနှင့် သော်ဖြိုး အလုပ်ရှုပ်နေသည်။

ဟိုတယ်မှာ အမိုးမိုးထားခြင်းမဟုတ်။ ခန်းလုံးပြည့် သံမံတလင်းခင်းထားခြင်းဖြစ်သည်ကြောင့် လေသာဆောင်သဘောမျိုးဖြစ်ကာနေသည်။ ထိုအပေါ်တွင် တစ်ယောက်တည်းရပ်ကာ လိပ်ပြာလေးထံ ဖက်ဆော့ချ်ပို့ဖို့ ကြိုးစားနေခြင်းဖြစ်ပါ၏။

"Hello. . ."

စာလေးငါးလုံးက ဖုန်းတွင်းမှ ညင်ညင်သာသာ ထွက်သွားသည်။ သော်ဖြိုးရင်တွေ ခုန်နေမိ၏။ တုံ့ပြန်မှုက ဘယ်လိုဖြစ်နိုင်မလဲ။ ဒါပေမဲ့ အချိန်သာကြာသွားခဲ့ပါသည်။ တူညီသောတုန့်ပြန်မှု ရောက်မလာခဲ့။ ထို့ကြောင့် . . .

" Hi, baby . . ."



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအကြိမ် ကြိုးစားကြည့်လိုက်သည်။ ရင်တွေပိုခုန်သော
သလိုလည်း ခံစားမိလိုက်၏။ ဒီတစ်ကြိမ်တွင်တော့ သူ၏ရှူးသွပ်မှုကို
တစ်ဖက်မှ အသိအမှတ်ပြုလိုက်ပါသည်။ လက်တွင်းကိုင်ထားသော ဖုန်း
လေးမှာတုန်လာတော့ . . .

"ကလေးမဟုတ်တော့ဘူး။ အသက်နှစ်ဆယ်ပြည့်ပြီးသွားပြီ"

"ဟာ . . ."

ပိုက်ဆံထုပ်ကြီး ခလုတ်ဝင်တိုက်မိသလို လူက မြောက်တက်
သွားသည်။ သူ၏ကြိုးစားမှုမှာ မဖြစ်စလောက်လေး အရာထင်သွားခဲ့
ပါပြီ။ ဖော်ပြမရနိုင်သော ဝမ်းသာမှုတွေနှင့် လက်ချောင်းတွေ ဖုန်းခလုတ်
ပေါ် မြန်ဆန်သွား၏။

"ဘာလုပ်နေလဲ"

"အိပ်ဖို့ လုပ်နေတယ်"

ချက်ချင်းပင် မက်ဆေ့(ချ်)တစ်စောင် ပြန်ရောက်လာတော့ သူ့
ဘက်က ဘာဆက်ပို့ရမှန်း မသိဖြစ်သွားသည်။ ပြီးတော့မှ သတိရသည်။
မက်ဆေ့(ချ်)သာပို့နေပြီး တစ်ဖက်မှ သူဘယ်သူဖြစ်တယ်ဆိုတာကိုရော
သိရဲ့လား။ ယခုခေတ်မိန်းကလေးအများစုမှာ ပြောလို့ရတာမဟုတ်။
မက်ဆေ့(ချ်)ပဲပို့ပို့၊ ဖုန်းပဲဆက်ဆက် သိသိမသိသိ ပြန်အီကြတာကများ
သည်။ ထို့ကြောင့် . . .

"အခု မက်ဆေ့(ချ်)ပို့နေတာ ဘယ်သူလဲသိလား"

"သိတာပေါ့"

"ဘယ်သူလဲ"

"တစ်ရာတန်ကြီး"

လိုက်မောပျော်ရွှင်သွားရပါသည်။ ရင်ခွင်တစ်ဝက် အေးချမ်း
သွားသလို ကိုယ့်ကိုယ်ကိုယ်လည်း ကျေနပ်သွားရသည်။ တဒိုင်းဒိုင်းခုန်
နေသော နှလုံးခုန်သံတွေက အရှိန်ပြင်းသထက် ပြင်းလာ၏။ အတတ်
နိုင်ဆုံး ထိန်းထားကြည့်ပေမဲ့ မရနိုင်တော့။



ထို့အတွက်ကြောင့် . . .

"ဖုန်းပြောချင်တယ်။ ရမလား"

မကြာပါချေ။ လုပသော တုံ့ပြန်မှုလေးတစ်ခု ရောက်လာပါ
သည်။ ရင်ခုန်သံတွေကို တစ်ပိုင်းတစ်စရပ်သွားစေ၏။

"ရဘူး၊ အိပ်တော့မယ်"

ထိုမျှနှင့်ပင် သူတို့ရဲ့မက်ဆေ့ချ်တွေ့ဆုံမှုလေးက ပြီးဆုံးသွား
ခဲ့သည်။ ထပ်ခါထပ်ခါပို့ကြည့်ပေမဲ့လည်း တစ်ဖက်မှ လှုပ်ရှားမလာ
တော့။ ဖုန်းပဲပိတ်သွားတာလား။ တကယ်ပဲ အိပ်သွားတာလားမသိ။

နောက်ဆုံးတော့ ခေါင်းမိုးပေါ်မှဆင်းကာ အခန်းထဲသို့ပဲ ပြန်
ဝင်ခဲ့တော့သည်။ အခန်းထဲမှာ သူ့ကိုစောင့်ကြိုနေသော အလုပ်တစ်ခုက
ရှိနေ၏။

'လွှို့ဝှက်မြို့ရိုး'

ဒီညတော့ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် စမ်းသပ်ရ
တော့မည်။ စောထူးကတော့ သူ့အိမ်သူပြန်သွားချေပြီ။ လမ်းမခွဲခင် ပြော
သွားသေး၏။

"မင်းတစ်ယောက်တည်းမအိပ်ရဲရင် ငါ့ကို ဖုန်းဆက်ခေါ်လိုက်
နော်တဲ့"

အဟင်း . . . ဒီညတွေ့ကြပြီပေါ့။

ချက်ချင်းပင် ဖယောင်းတိုင်ကိုမီးညှိကာ အခန်းမီးကိုပိတ်လိုက်
သည်။ ပြီးတော့ ဒုတိယအကြိမ်မြောက် စမ်းသပ်မှုတစ်ခုကို စတင်လိုက်ပါ
တော့၏။ ဖယောင်းတိုင်မီးရောင်နှင့် လင်းနေသောနံရံမှာ စာရွက်ကွယ်
လိုက်မှုကြောင့် မှုန်ကုပ်ကုပ်ဖြစ်သွားသည်။

မနေ့ကအတိုင်း ထူးမခြားနားပါပင်။ ဒီတော့ နောက်တစ်ရွက်၊
ပေါ်မလာတော့။ စာရွက်တွေ တစ်ရွက်ပြီးတစ်ရွက်၊ တစ်ထုပ်
လုံးသာ ကုန်သွားပြန်သည်။ တစ်စုံတစ်ရာထူးခြားမှုကို မတွေ့ရသေး
ထိုစဉ်မှာပင် ဦးနှောက်တွင်းကို အတွေးတစ်ချက်ဝင်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com

ငါ အချိန်များမှားနေတာလား။

အတွေးနှင့်အတူ နာရီကိုလှမ်းကြည့်တော့ ဆယ့်နှစ်နာရီထိုးရန် ငါးမိနစ်အလို။ ဖြစ်နိုင်ချေ အများကြီးရှိပါသည်။ ပထမဆုံးနေ့ စာပေါ်လာစဉ်က ကြောင်ငေးဆွဲ့အ,ကာ အချိန်ကိုမှတ်မထားမိခဲ့။ မနေ့ကစမ်းသပ်ကြည့်တော့လည်း အချိန်ကွဲလွဲနေ၍ စာပေါ်မလာတာဖြစ်နိုင်သည်။ အတိအကျကြီးမဟုတ်ပေမဲ့ ထိုအတွေးက နီးစပ်သလောက်ရှိ၏။

ဒါပေမဲ့ ထိုတစ်ခုတည်းလား။

စာမပေါ်သည့်ကွဲလွဲမှုက ထိုတစ်ခုတည်း ဖြစ်နိုင်ပါ့မလား။ နောက်တစ်ခုရှိနေဦးမလား။ ဥပမာ . . .

စာရွက်လွဲမှားမှု၊ စာပေါ်ခဲ့စဉ်က အဦးဆုံးစာရွက်မှာ ပထမအုပ်ချုပ်ဆိုပြီး ပေါ်လာခဲ့ခြင်းဖြစ်သည်။ ဒါဆို ဒုတိယနေ့အတွက်က ဒုတိယအုတ်ချုပ်နဲ့ ဒုတိယစာရွက်များလား။

မနေ့က စမ်းသပ်မှုမအောင်မြင်ခဲ့ခြင်းသည် ထိုလွဲမှားမှုနှစ်ခုကြောင့် ဖြစ်နိုင်ပါသည်။

အချိန်လွဲမှုနှင့် စာရွက်မှားယွင်းမှု။

ယနေ့တွင်ရော . . .

ဆက်စပ်ကြည့်ရသလောက် ယနေ့အတွက်မှာ တတိယစာရွက်ဖြစ်နိုင်ပါသည်။ ယနေ့သည် တတိယနေ့ပင် မဟုတ်ပါလား။ ဒါဆို အချိန်ကရော . . .

သိပ်ခက်ခဲမည်တော့ မဟုတ်ပါ။ စာမပေါ်မချင်း ဖယောင်းတိုင်မီးရှေ့မှာ တတိယစာရွက်ထောင်ထားရုံပေါ့။

အတွေးဆုံးသွားချိန်မှာ ဆုံးဖြတ်ချက်ကို ချပြီးဖြစ်သွားသည်။ ချက်ချင်းပင် ဖယောင်းတိုင်မီးရှေ့မှာ တတိယမြောက်စာရွက်လေးကို ထောင်ထားလိုက်၏။ ပြီးတော့ . . .

"ဒေါင် . . . ဒေါင် . . ."



သံချောင်းခေါက်သံနှစ်ချက်က ခပ်ဝေးဝေးဆီမှ ပျံ့လွင့်လာသည်၊ တစ်ဆက်တည်းဆိုသလို သံချောင်းခေါက်သံတွေ ဆက်တိုက်ထွက်ပေါ်လာ၏။ နာရီကိုလှမ်းကြည့်လိုက်တော့ . . .

ဆယ်နှစ်နာရီထိုးချေပြီ။

ဘာကြောင့်မှန်းမသိ။ ရှေ့မှဖယောင်းတိုင်မီးမှာ လေနှင့်ကပ်မှုတ်လိုက်သလို ယိမ်းသွား၏။ သူကိုယ်တိုင်လည်း ဘာဖြစ်သွားမှန်းမသိ လျှပ်စစ်နှင့် အတို့ခံလိုက်ရသလို ဖျင်းခနဲ . . .

ဖျတ်ခနဲအုံ့မှိုင်းသွားသော အလင်းအမှောင်ထိတွေ့မှုတစ်ခုနှင့်အတူ . . . ရှေ့တည့်တည့်နံရံမှာမြင်လိုက်ရသည်ကား . . .

"ဟာ . . ."

ခေါင်းမွေးတို့ထောင်ထ,သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

တတိယအုတ်ချပ်

အချစ်ရေး စတင်ရန်မသင့်ပါ။
ဇာတာမှာ အညံ့ပိုင်းသို့ရောက်နေသည်။
နေမွန်းမတည့်မီထိ အချစ်ရေးကံခေနေလိမ့်မည်။
အသေးစားထိခိုက်မှု (၄)ဂဏန်းနှင့်ပက်သက်သော
နေ့ရက်များတွင် ကြုံတွေ့နိုင်သည်။ သစ်ပင်ကြီးများအောက်သို့
မသွားပါနှင့်။
ဆေးရုံသို့သွားရမည်။



# XII

ဖျတ်ခနဲပျောက်သွားချိန်မှာ နာရီကိုကြည့်လိုက်တော့ . . .

သော်ဖြိုး အားလုံးကိုသဘောပေါက်သွားချေပြီ။ နေ့သစ်တစ်ခု၏ ပထမဆုံးမိနစ်မှာပေါ်လာခြင်း။ ပေါ်လာသောစာတွေက ထိုနေ့အတွက်မာတိကာ (သို့မဟုတ်) တစ်နေ့တာဖြစ်စဉ်။

ထိုဖြစ်စဉ်များထဲမှ သွေဖည်သွားမည်မဟုတ်။

ရှင်းအောင်ပြောရပါက ဘုရားသခင်သိခွင့်ပေးသော သူ့ရဲ့မနက်ဖြန်ပါပဲ။ အားလုံးကို သဘောပေါက်သွားချိန်မှာတော့ သော်ဖြိုး ဖုန်းနံပါတ်တစ်ခုကို အလျင်စလို နှိပ်လိုက်ပါသည်။

တစ်ဖက်မှ အိပ်မှုန်စုံမွှား တုံ့ပြန်သံကိုကြားရ၏။

"ညကြီးမိုးချုပ် ဘာဖြစ်ပြန်ပြီလဲကွာ"

စောထူးအသံကိုကြားတော့ သူ 'ဟက်' ခနဲ ရယ်လိုက်သည်။ ပြီးတော့ တစ်ခွန်းတည်း . . .

"ငါသိပြီ"



www.burmeseclassic.com

www.burmeseclassic.com

## XIII

"မင်းဘာသာစိတ်ကူးယဉ်ပြီး ရေးလာတာတော့ မဟုတ်လောက်ပါဘူးနော်"

စောထူးစကားကြောင့် စိတ်ပျက်လက်ပျက်ဖြင့် သော်ဖြိုး နာရီကို ငုံ့ကြည့်လိုက်သည်။

"ခဏလောက်စောင့်ပါလားကွာ။ ညဆယ့်နှစ်နာရီထိုးတာနဲ့ မင်းကိုငါ သက်သေပြမယ်"

အတိအကျကြီးဆိုလိုက်သော စကားကြောင့် စောထူး အနည်းငယ်တော့ အံ့အားသင့်သွား၏။ ပြီး ထိုင်နေရာမှ သူ့အား မယုံသလို မော့ကြည့်ကာ . . .

"အတိအကျကြီးပါလား"

"ရော် . . . ခက်ပါလား။ မင်းမယုံရင် ညဆယ့်နှစ်နာရီထိုးအောင် ထိစောင့်လိုက်ပေါ့"

စောထူးတွေဝေသွားပါသည်။ ယုံရခက်ခက်လည်း ဖြစ်သွားဟန်တူသည်။



"မင်းပြောပုံက နံရံမှာစာပေါ်လာတဲ့အချိန်က ညဆယ့်နှစ်နာရီလို့ပြောချင်တာလား"

"ပြောချင်တာမဟုတ်ဘူး။ ပြောကိုပြောနေတာ။ လျှို့ဝှက်မြို့ရိုးကစာတွေ နံရံမှာပေါ်လာတဲ့အချိန်က ညဆယ့်နှစ်နာရီပဲ"

"ဒါဆို ငါတို့စမ်းတုန်းက . . ."

"ငါတို့စမ်းတုန်းက အချိန်မှားနေတယ်လေ။ ဆယ့်နှစ်နာရီမှ မထိုးသေးတာ။ ညက ငါ အားလုံးကိုသဘောပေါက်သွားပြီ။ လျှို့ဝှက်မြို့ရိုးရဲ့ စတင်ချိန်က နေ့ရက်တစ်ခုရဲ့ ပထမဆုံးမိနစ်မှာပဲ"

"ဘယ်လို . . ."

"ညဆယ့်နှစ်နာရီထိုးပြီးရင် တစ်ရက်ကုန်ပြီလေ။ လျှို့ဝှက်မြို့ရိုး စတင်ချိန်က ပထမဆုံးစက္ကန့်ခြောက်ဆယ်"

"တစ်မိနစ်ပေါ့"

"ဟုတ်တယ်။ ပေါ်ချိန်က တစ်မိနစ်ပဲကြာတာ။ ဆယ့်နှစ်နာရီအတိမှာ စာတွေစပေါ်လာတယ်။ ဆယ့်နှစ်နာရီ တစ်မိနစ်မှာ ပြန်ပျောက်သွားတယ်။ ငါ သေချာမှတ်ထားတာ"

"ဒီစာရွက်က . . ."

စောထူးက လက်တွင်းမှစာရွက်ကိုကြည့်ကာပြောတော့ . . .

"စာတွေပျောက်မသွားခင် ငါကူးရေးထားတာ"

သော်ဖြိုး အားတက်သရောပြောနေပေမဲ့ စောထူးကတော့ ပုံမှန်သာဖြစ်သည်။ ယုံပုံလည်းမရ။ မယုံဘူးဟုလည်း မပြော။ ဒါပေမဲ့ လက်ခံသောအငွေ့အသက်တချို့ကိုတော့ မျက်နှာမှာတွေ့ရသည်။ အပြစ်တော့မဆိုသာပါ။ သူကိုယ်တိုင် ပါဝင်စမ်းသပ်တုန်းက လုံးဝမဖြစ်မြောက်သည်ပဲ။

"ဟော့ကောင် . . . ငါတို့ အခုထိုင်နေတာ သစ်ပင်အောက်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com

စောထူးက စာရွက်ကိုငုံ့ကြည့်ရင်း မချိုမချဉ်ပြောတော့ သော် ဖြိုးသက်ပြင်းကိုချမိ၏။ စာထဲမှာပါသော 'သစ်ပင်ကြီးများအောက်သို့ မသွားပါနဲ့' ဟူသောစကားကို ပြက်ရယ်ပြုခြင်းဖြစ်ကြောင်း သဘော ပေါက်ပါသည်။

သူတို့နှစ်ဦးထိုင်နေရာမှာ စောထူးအိမ်ခြံဝန်းတွင်းမှ သစ်ပင်ကြီး တစ်ပင်အောက်တွင်ဖြစ်သည်။ စောထူးက သစ်ပင်ကြီးကိုမော့ကြည့်ကာ ပြက်ချော်ချော်ထပ်ဆိုပြန်၏။

"ငါသိပြီ ဟော့ကောင်။ ဆိုလိုတဲ့သဘောက သစ်ပင်ကြီးတွေ အောက်သွားလို့ ငါတို့ပေါ် သစ်ကိုင်းကျိုးကျမယ်။ အဲ့ဒီမှာ ဒဏ်ရာရပြီး ဆေးရုံကိုသွားရမယ်လို့ပြောတာနဲ့ တူတယ်ကွ ဟား . . . ဟား . . . ဟား . . ."

စောထူးရယ်သံ မဆုံးလိုက်ပါ။

"ဂျွတ် . . . ဂျွတ် . . ."

"ဟာ . . ."

"ဟင် . . ."

ခေါင်းပေါ်တည့်တည့်မှပေါ်လာသော အသံတစ်ခု၊ နှစ်ဦးစလုံး တအံ့တသြဖြင့်မော့ကြည့်မိလိုက်စဉ်မှာ . . .

"ဂျွတ် . . . ဒရွတ် . . ."

သစ်ကိုင်းကြီးတစ်ကိုင်းမှာ တဂျွတ်ဂျွတ်အော်သံပြုရင်း အောက် သို့ တအိအိထိုးဆင်းလာသည်။

"ဟာ . . . ဟော့ကောင်။ ဖယ် . . . ဖယ် . . . နေရာက မြန်မြန် ဖယ်"

ပြောလည်းပြော၊ လူကလည်း အလျင်အမြန်ပင် နေရာမှ ထွက်လိုက်တော့ . . .

"ဝုန်း . . . ဖုန်း . . . ဘုန်း . . . အာ့ . . ."



သစ်ကိုင်းကြီးမှာ သူတို့နှစ်ဦးထိုင်နေရာတည့်တည့်သို့ ဝုန်းခနဲ ပြုတ်ကျလာ၏။ နှစ်ယောက်စလုံး သီသီလေးလွတ်သွားပေမဲ့ စောထူးမှာ မြေပေါ်တွင် မှောက်လျက်လဲနေသည်။ သစ်ကိုင်းလွတ်အောင် ပြေးထွက် ချိန် ခလုတ်တိုက်လဲကျသွားခြင်းဖြစ်နိုင်၏။

စောထူးနှင့် လက်တစ်ကမ်းအကွာမှာ စာရွက်လေးတစ်ရွက် ပိုး လိုးပက်လက် လန်နေပါသည်။ ကြည့်နေစဉ်မှာပင် စောထူးမှာ ကုန်းရုန်း ထပြီး စာရွက်လေးကို ပြေးကောက်သည်။ စောထူးမျက်နှာက အထိတ် တလန့်။ ပြီးတော့ မယုံကြည့်နိုင်လွန်းသောစကားသံတွေ အ,ထစ် အ,ထစ် ထွက်လာသည်။

"သစ် . . . သစ်ကိုင်းကြီး ငါတို့ကိုမထိဘူးဆိုတော့ ဆေးရုံ ကို ဘယ်သူသွားရမှာလဲ"

စကားမဆုံးလိုက်ပါချေ။

"အစ်ကိုလေး . . . အစ်ကိုလေး . . ."

ဟူသော အထိတ်တလန့်အော်သံတစ်ခုကို နောက်ဖက်ဆီမှ ကြားရသည်။ လှည့်ကြည့်လိုက်တော့ စောထူးအိမ်မှာ လက်တိုလက် ဆောင်းလုပ်သည့် 'ထွေးမိ'ဆိုသောကောင်မလေး။ ပုံစံက ထိတ်ထိတ်ပြာ ပြာနိုင်နေသည်မို့ . . .

"ထွေးမိ . . . ဘာဖြစ်လို့လဲ"

ပြေးလာရသောကြောင့် ကောင်မလေးမှာ မောဟိုက်နေသည်။ အသက်ကို အမောတကောရှူရင်း ရင်ဘတ်ကိုဖိကာ . . .

"မေမေ . . . မေမေကြီး အသက်ရှူကြပ်ပြီး ခုံပေါ်မှာလဲနေပြီ"

"ဘာ . . ."

စောထူး၏အော်သံကျယ်ကြီး ထွက်သွားပြီးနောက်မှာတော့ —

www.burmeseclassic.com

www.burmeseclassic.com

# XIV

ထိုနေ့တစ်နေ့လုံးက ဆေးရုံပေါ်မှာတင် ကုန်ဆုံးခဲ့ရသည်။ အန်တီခင် အသက်ပြန်ရှုရန်နှင့် သတိပြန်လည်လာရန် အားထုတ်ကြိုးပမ်းရသည်မို့ ဆရာဝန်များနည်းတူ သူတို့လည်း စိတ်မောလူမော ဖြစ်ခဲ့ရပါသည်။

အန်တီခင်မှာ ပန်းနာရင်ကြပ်ရောဂါရှိသူမို့ အရင်ကတည်းက ချောင်းတဟွတ်ဟွတ်ဆိုးနေသူဖြစ်ပါသည်။ အစားမှားသွားသည့်အတွက် ယခုကဲ့သို့ အသက်ရှုကြပ်ကာ သတိလစ်သွားခြင်းဖြစ်သည်။ သတိပြန်ရကာ အသက်ပုံမှန်ပြန်ရှုတော့မှ သူတို့လည်း 'ဟင်း'ချနိုင်တော့၏။

ထိုအချိန်ရောက်မှပဲ မေ့ထားခဲ့သောစာရွက်ကိစ္စကို သတိပြန်ရကြသည်။ စာရွက်လေးမှာ ယခုချိန်ထိ စောထူးထံမှာရှိနေဆဲ။

"ကျေးဇူးပဲ သူငယ်ချင်းရာ . . ."

နဖူးမှချွေးကိုသုတ်ရင်း စောထူးကဆိုတော့ . . .

"ဘာဖြစ်လို့လဲ"

"ငါနဲ့အတူ ရှိနေပေးလို့ပေါ့ကွာ။ မဟုတ်ရင် ငါတစ်ယောက်တည်း ပျာယာခတ်နေမှာ။ ပြီးတော့ . . ."



စကားကိုရပ်ကာ အင်္ကျီအိတ်တွင်းမှ တွန့်ကြေနေသောစာရွက်လေးကိုထုတ်သည်။ ပြီး သူ့ကိုကမ်းပေးရင်း . . .

"ငါ ယုံသွားပြီ"

တကယ်ပင် ယုံကြည်သွားဟန်အရိပ်အယောင်များ စောထူးမျက်နှာမှာတွေ့ရပေမဲ့ . . .

"ငါ ကြိုတင်ကြံစည်ထားတာ မဟုတ်ဘူးနော်"

စောထူးက ခပ်ဟဟရယ်၏။ ပြီးတော့ အပြုံးနွမ်းနွမ်းတစ်ခုဖြင့် သူ့ပုခုံးကိုလှမ်းပုတ်ကာ . . .

"ငါ ကတယ်ယုံသွားတာပါကွာ။ ညကျရင် မင်းဆီငါလာခဲ့မယ်"

"အန်တီကရော . . ."

ကုတင်ပေါ်တွင် အိပ်ပျော်နေသောအန်တီခင့်ကိုကြည့်ကာ မေးတော့ . . .

"တစ်ညလုံးမဟုတ်ဘူးလေကွာ။ ခဏပဲလာကြည့်မှာပေါ့"

အန်တီခင်မှာ ဆေးရုံတွင် နှစ်ရက်သုံးရက်လောက်နေရဦးမည်မို့ ညစောင့်အိပ်သူရှိမှဖြစ်ပေမည်။ သော်ဖြိုး ခေါင်းကိုညိတ်ရင်း စောထူးလက်တွင်းမှစာရွက်လေးကိုယူကာ ဘောင်းဘီအိတ်တွင်းထည့်လိုက်၏။

ညနေစောင်းတော့ ဆေးရုံမှ သူတစ်ယောက်တည်းပြန်ခဲ့လိုက်ပါသည်။ ဆေးရုံနှင့်ဟိုတယ်မှာ အနည်းငယ်လှမ်းသည်မို့ မြင်းလှည်းငှား၍သာ ပြန်ခဲ့လိုက်သည်။

တစ်နေ့ကုန်ပင်ပန်းလာသည်မို့ ဟိုတယ်ရောက်တော့ ရေအရင်ချိုး၏။ ရေချိုးပြီးသွားချိန်မှာတော့ ညလေးတစ်ညက မပြောမဆို ဝင်ရောက်၍လာခဲ့သည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

အခန်းလေးတစ်ခန်းက ပါးလျဆိတ်ငြိမ်နေသည်။ လှိုဂုက်မြို့ ရိုးမှ ကူးရေးထားသောစာရွက်လေးအား အခန်းနံရံမှာကပ်ရင်း စာသား လေးတစ်ကြောင်းကို ကြည့်နေမိ၏။ ပြီးတော့ လက်တွေ့စမ်းသပ်ရန် လည်း စိတ်ကူးနေသည်။

'နေမွန်းမတည့်မီထိ အချစ်ရေးတွင် ကံခေနေလိမ့်မည်'

ထိုအခြေအနေလွန်မြောက်သွားပြီလား။ မွန်းတည့်ကျော်လွန်ပြီး ၍ မိုးပင်ချုပ်နေပြီဖြစ်သည်။ စာထဲကအတိုင်းဆိုပါက ကံခေမှုမှ သူလွန် မြောက်သွားခဲ့ပါပြီ။ ထို့ကြောင့် ဟုတ်မဟုတ်စမ်းသပ်ရန် လိပ်ပြာလေး ဖုန်းကို ခေါ်လိုက်၏။

"ဟယ်လို . . ."

လွဲမှားစရာမရှိသည့် လိပ်ပြာလေးအသံကိုကြားရပြီး နောက် ပိုင်းမှာ . . .

"ပန်းဝါလားမသိဘူးခင်ဗျာ . . ."

"ဟုတ်ပါတယ်။ ပန်းဝါပါ။ အခုပြောနေတာ ဘယ်သူလဲမသိ ဘူးရှင့် . . ."

မသိသလိုအသံလေးနဲ့ ခပ်တည်တည်ဆိုတော့ သော်ဖြိုး ခံရခက် ခက်ဖြစ်သွားသည်။ တကယ်ပဲမသိတာလား။ တမင်တကာပဲ မသိဟန် ဆောင်တာလား စိတ်ထဲမှာဒွိဟဖြစ်သွားရသည်မို့ . . .

"မသိဘူးလား။ တစ်ရာတန်ကြီးလေ"

"ဟွန်း . . . သိသားပဲ"

ချိုနွဲ့နွဲ့အသံလေးက နားမှတစ်ဆင့် နှလုံးသားထိတိုင်အောင် ညင်သာစွာစီးဆင်းသွားသည်။ ရင်ထဲမှာ အရာအားလုံးပြည့်စုံသွားသလို လည်း ခံစားလိုက်ရသည်။

"ဒီနေ့ကျ အစောကြီးပဲ။ ဝီရိယကောင်းလှချည်လား"

"ဟုတ်လား၊ အချိန်ကိုတောင် သေချာမကြည့်မိဘူး"



ရောယောင်ပြောလိုက်ပေမဲ့ တစ်ဖက်မှ ရယ်သံလွင်လွင်ကို တစ်ချွန်းတစ်စကြားရသည်။ ထိုရယ်သံလွင်လွင်လေးနှင့်ပင် . . .

"အခု ဘယ်ကဆက်နေတာလဲ"

"ဟိုတယ်က ဆက်နေတာလေ"

သူ့စကားဆုံးတော့ . . .

"ဟိုတယ်က . . ."

ဟုဆို၍ တအံ့တဩအသံလေးကို ကြားရသည်။ ဟိုတယ်က ဆက်နေသည်ဆိုခြင်းကို သူမ အံ့ဩသွားပုံရပါ၏။ ထို့ကြောင့် . . .

"ကျွန်တော်က ဧည့်သည်လေ။ ဟိုတယ်မှာနေပြီးတော့ပဲ ဖုန်းဆက်ရမှာပေါ့"

"ဟုတ်လား၊ ဘယ်ကလဲ"

"ရန်ကုန်က။ ပြင်ဦးလွင်ကို လာလည်တာ"

"ဩော် . . ."

သူမရဲ့'ဩော်'သံလေးက နားထောင်လို့ကောင်းလွန်းလှသည်။ ကလေးတစ်ယောက်ရဲ့နှုတ်က မရည်ရွယ်ပဲထွက်လာသည့်အသံမျိုး။ ထိုအသံလေးကို သော်ဖြိုး နမြောတသနားထောင်ရင်း . . .

"ပန်းဝါကရော ပြင်ဦးလွင်ကပဲလား"

"မဟုတ်ဘူး။ မန္တလေးက"

"ဒါဆို ပန်းဝါလည်း ဧည့်သည်ပဲပေါ့"

ဝမ်းသာအားရမေးသော သူ့အမေးကို . . .

"မဟုတ်ဘူး၊ အိမ်ရှင်။ မန္တလေးမှာမနေချင်လို့ ဒီကအဒေါ်အိမ်မှာ လာနေတာ"

"ပန်းဝါလည်း အခု ပြင်ဦးလွင်မှာပေါ့"

"ဟုတ်တယ်လေ"

ချစ်ရသူနှင့် တစ်မြေတည်း အတူရှိနေသည်ဆိုသောအသိက ရင်ကို နွေးသွားစေသည်။ ဖုန်းမဆက်ခင်ကသာ ပန်းဝါနှင့် စကားပြော



www.burmeseclassic.com

www.burmeseclassic.com

ချင်နေပေမဲ့ တကယ့်တကယ်ပြောရတော့ ဘာပြောလို့ပြောရမှန်းမသိ။ ထို့ကြောင့် ရှာကြံ၍ပဲ ပြောလိုက်သည်။

"တစ်နေ့က ပန်းခြံမှာ ပန်းဝါနဲ့အတူကစားနေတဲ့လူတွေက သူငယ်ချင်းတွေလား"

"ဟုတ်တယ်လေ။ အကုန်လုံး မန္တလေးကိုပြန်သွားကြပြီ။ ဒီမှာ ပန်းဝါနဲ့ ချယ်ရီပဲ ကျန်တော့တယ်"

"ဪ . . ."

သူ့'ဪ'ကတော့ လိပ်ပြာလေးလို နားထောင်ကောင်းမည်မထင်ပါ။ သူမပြောသည့် ချယ်ရီဆိုသည်မှာလည်း ဒီဇင်ဘာမှာမိတ်ဆက်ပေးသော ချယ်ရီဝင်းပင်ဖြစ်ပါလိမ့်မည်။ ပြောရင်းနှင့် အခုမှ တစ်စုံတစ်ခုကို သတိရလိုက်သလို သူမအသံလေးပြာတာမြန်ဆန်သွားကာ . . .

"အဲ . . . နေပါဦး . . . နေပါဦး၊ မေးရဦးမယ်။ ပန်းဝါဆီ ဘာလို့ဖုန်းဆက်တာလဲ"

"အန် . . ."

တဲ့တိုးနိုင်လွန်းသော သူမအမေးကြောင့် သော်ဖြိုး ဘာပြန်ဖြေလို့ ဖြေရမှန်းမသိ။ ဘာရည်ရွယ်ချက်နှင့် မေးသည်မသိပေမဲ့ ဖြေရခက်သွားတာကတော့ အမှန်ပါ။ အကောင်းဆုံးအဖြေတစ်ခု အလျှင်အမြန်စဉ်းစားလိုက်ပေမဲ့ ခေါင်းထဲသို့ရောက်မလာ။ ဒီတော့ ပါးစပ်ထဲရှိရာကိုသာ ပြောချလိုက်သည်။

"ဟို . . . ဟို . . . ပန်းဝါအခုနေ့နေတဲ့အိမ်လိပ်စာ သိချင်လို့"

သူ့စကား ဘာမှားသွားသည်မသိပါချေ။

"သိချင်ရင် ကိုယ့်ဘာသာစုံစမ်းပေါ့ လူလည်ကြီးရဲ့။ အဒေါ်က ပြင်ဦးလွင်မှာ ဆွယ်တာဆိုင်ဖွင့်ထားတယ်"

ပြီးတော့ . . .

"ဂွပ် . . ."

ဖုန်းချသွားပါသည်။ သော်ဖြိုးတစ်ယောက် မနေ့ကအတိုင်းပဲ half-feel ကြီးနှင့်ကျန်ခဲ့ရသည်။ ဘာမှားသွားသည်မသိ။ သေချာတာ



ကတော့ ကံခေမှုအရှိန် ကျန်နေသေးသည် ထင်ပါသည်။

ဆက်သွယ်မှုဖြတ်တောက်သွားပြီး နာရီဝက်လောက်ကြာတော့ စောထူးရောက်လာသည်။ စောထူးကိုမြင်မြင်ချင်း . . .

"စောထူး . . . အန်တီခင် သက်သာရဲ့လား"

"အေး . . . သက်သာတယ်။ ငါလာတော့ အိပ်ပျော်နေတယ်"

တိုတိုပြတ်ပြတ်ပြောပြီး လျှို့ဝှက်မြို့ရိုးစာအုပ်ကို ကောက်ကိုင်သည်။ ပုံစံကြည့်ရတာ လျှို့ဝှက်မြို့ရိုးအတွက် စိတ်စောနေဟန်ရှိ၏။

"သော်ဖြိုး . . . စမ်းကြည့်ရအောင်ကွာ"

နာရီကိုကြည့်လိုက်တော့ ဆယ့်ငါးမိနစ်လောက်လိုသေးသည့်အတွက် . . .

"မရသေးဘူးလေကွာ။ ဆယ့်နှစ်နာရီမှ မထိုးသေးတာ"

စောထူးက သက်ပြင်းတစ်ခုကိုချရင်း ဆေးလိပ်တစ်လိပ်ကို မီးညှိ၏။ အလိုက်သိစွာ air-con ကိုပိတ်ပြီး ပြတင်းတစ်ပေါက်ကို ဖွင့်ပေးလိုက်ပါသည်။ ဆေးလိပ်ကိုဖွာကာ နံရံမှာတိပ်ဖြင့်ကပ်ထားသော 'တတိယအုတ်ချပ်'စာရွက်ကို သွားကြည့်ပြီး ဘာကိုသဘောပေါက်သွားသည်မသိ ခေါင်းတဆတ်ဆတ်ညိတ်ကာ . . .

"မင်း . . . စမ်းပြီးသွားပြီလား"

အဆုံးအစမရှိပေမဲ့ စောထူး ဘာကိုဆိုလိုသည်ဆိုတာ နားလည်၍ . . .

"အေး . . . အခုပဲ ဖုန်းပြောပြီးသွားပြီ"

"အခြေအနေ ဘယ်လိုလဲ"

"ကောင်းပါတယ်"

ဖြေသံအားပျော့နေပေမဲ့ စောထူးက ဆက်မမေးပါချေ။ မမေးရသည့်အကြောင်းက နောက်ထပ် စိတ်ဝင်စားဖွယ်စာကြောင်းကို မေ့သွားသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"(၄)ဂဏန်းနဲ့ ပက်သက်တဲ့နေ့ဆိုတာ ဘာကိုပြောတာလဲ"

"ငါလည်း မသိဘူး။ ဒါပေမဲ့ ဒီနေ့တစ်နေ့လုံး ငါ့ထိခိုက်မှုမရှိခဲ့တာတော့ သေချာတယ်"

"ဒီနေ့ (၁၀)ရက်နေ့နော်"

"ဟုတ်တယ်"

စောထူးက ခေါင်းတဆတ်ဆတ်ညိတ်ကာ နာရီကိုကြည့်သည်။ ဆယ့်နှစ်နာရီထိုးရန် (၅)မိနစ်သာလိုပါတော့၏။ သူတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီးသွားချိန်မှာတော့ . . .

လုပ်ရိုးလုပ်စဉ်အတိုင်း ဖယောင်းတိုင်မီးညှိလိုက်သည်။ မီးရောင်ရေ့မှာ လေးရှက်မြောက်စာရွက်ကို ဖြန့်ထောင်ပြီးသွားချိန်မှာတော့ မီးခလုတ်အားပိတ်ပစ်လိုက်သည်။

မကြာပါချေ။

နာရီ Alarm သံတစ်ခုနှင့်အတူ ဖယောင်းတိုင်မီးတောက်လေးမှာ . . .

စောထူး၏မျက်လုံးတို့ စုံပြူးသွားပါပြီ။

ꕤ ꕤ ꕤ



စတုတ္ထအတ်ချပ်

အနီရောင်ရောင်ပါ။

ဆန်းကောင်းသော ကာလဖြစ်သည်။

ခက်ခက်ခဲခဲ အားထုတ်ကြိုးပမ်းမှုကြောင့်

အချစ်ရေးတွင် အဆင်ပြေမည်။

ဓာတ်ပုံကောင်းများ မရနိုင်ပါ။ ကျန်းမာရေးကောင်းနေမည်။

ပုံမှန်ငွေထွက်များလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

# XV

ဟိုတယ်အခန်းခ ပေးသွင်းပြီးချိန်မှာတော့ လျှို့ဝှက်မြို့ရိုးပြောသည့် 'ပုံမှန်ငွေထွက်များလိမ့်မည်'ဟူသောစကားကို ကျေပွန်သွားခဲ့ပြီဟု ထင်သည်။ အနီရောင်ရောင်ဆိုသည့်အတွက် ခန္ဓာကိုယ်မှာ အနီနှင့်ပတ်သက်၍ ဘာတစ်ခုမျှဆင်မြန်းမထား။

ဆွယ်တာဆိုင်ပေါများလွန်းသော ပြင်ဦးလွင်မှာ လိပ်စာမသိ၊ ဆိုင်နာ^ညည်မသိသည့် ဆွယ်တာဆိုင်တစ်ဆိုင်ကို ရှာဖွေရခြင်းသည် လွယ်ကူသော ကိစ္စမဟုတ်။

လိပ်ပြာလေး၏ ဆွယ်တာဆိုင်ကိုလိုက်ရှာမည်ဆိုတော့ စောထူးက ဝမ်းပန်းတသာကူညီသည်။ နေ့တစ်ဝက်ကျိုးပြီးသွားသည်ထိ လိပ်ပြာလေးကိုရော၊ လိပ်ပြာလေးရှိနေမည့် ဆွယ်တာဆိုင်ကိုရော ရှာမတွေ့ခဲ့ပါ။ ဆေးရုံမှ အမေဖြစ်သူကိုတော့ ထွေးမိနှင့်သာ ထားခဲ့သည်။

တွေ့မယ့်တွေ့တော့လည်း လွယ်ကူလွန်းပါသည်။ ပြင်ဦးလွင်၏ အထင်ကရ မြို့မဈေးကြီးအတွင်းမှာဖြစ်၏။ အပြင်မှာ ရှာမတွေ့တော့



သည့်အတွက် မြို့မဈေးတွင်းမှ ဆွယ်တာဆိုင်များကိုရှာဖွေရန် သူတို့နှစ်ဦး ရောက်လာခြင်းဖြစ်ပြီး လိပ်ပြာလေးကတော့ ဈေးဝယ်ရန်ရောက်လာခြင်းဖြစ်ပါသည်။

သေချာမသိပေမဲ့ လိပ်ပြာလေးလက်မှာဆွဲထားသော ဈေးသုံးပစ္စည်းများကြောင့် ဈေးဝယ်ရန်လာခြင်းဟု ဆိုခြင်းပါ။ ဖြစ်ပုံက ဒီလို—

ဈေးခေါင်မိုးတစ်ခုအောက်သို့ သော်ဖြိုးဝင်ရောက်လိုက်ချိန်မှာ ပခုံးစွန်းမှ ပူခနဲအရသာကို ခံစားလိုက်ရသည်။ အလျင်စလိုငုံ့ကြည့်မိတော့ . . .

ခိုချေးတွေ။

ဘယ်မိမဆုံးဖမဆုံးမ ခိုလေခိုလွင့်တွေက ပါချသွားသည်မသိ။ သူ့ကိုကြည့်ပြီး စောထူးကရယ်သည်။ ပြီးတော့ ခိုချေးသုတ်ရန် စက္ကူတာဝါတစ်ထည်ကို သွားဝယ်ပေးသည်။ စောထူးဈေးဝယ်နေချိန်မှာပင် အဝါရောင်လိပ်ပြာလေးကို ဈေးဆိုင်နှစ်ဆိုင်ကြားမှ တွေ့လိုက်ရခြင်းဖြစ်ပါသည်။

တွေ့တွေ့ချင်းပြေးလိုက်တော့ လိပ်ပြာလေးက ဈေးသုံးအချို့ကိုဆွဲကာ ခပ်သွက်သွက်ထွက်သွားသည်။ သူ့ကိုမမြင်ပါချေ။ လိပ်ပြာလေးတစ်ယောက်တည်းမဟုတ်။ ဘေးမှာ ချယ်ရီဝင်းပါ,ပါ၏။

ပြီးမှ သတိရကာ မီအောင်မလိုက်ဘဲ နောက်ယောင်ခံ၍သာ လိုက်သွားလိုက်သည်။ အခိက,က လိပ်ပြာလေး ဘယ်မှာနေသည်သိရဖို့ပင်မဟုတ်ပါလား။ သူမတို့နှစ်ဦးက ဈေးအတွင်းမှထွက်ပြီး ဆိုင်ကယ်တစ်စီးကိုထုတ်ကာ မောင်းထွက်သွားသည်။ ဆိုင်ကယ်မောင်းသူမှာ လိပ်ပြာလေးကိုယ်တိုင်ပင်ဖြစ်၏။

သူနှင့်စောထူးလည်း လိပ်ပြာလေးတို့ဆိုင်ကယ်နောက် ခပ်လှမ်းလှမ်းမှ လိုက်သွားလိုက်ပါသည်။ မကြာခင်မှာပဲ လမ်းချိုးတစ်ခုအထွင်း ရှိ ဆွယ်တာဆိုင်လှလှလေးကို မြင်တွေ့လိုက်ရသည်။ ထိုဆိုင်ရှေ့မှာ လိပ်ပြာလေးမောင်းသော ဆိုင်ကယ်ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီး . . . နှစ်ဦးစလုံး အတွင်းဝင်သွားကာ တော်တော်နှင့်ပြန်ထွက်မလာတော့။ ဒီလောက်ဆိုလျှင် သေချာသွားပေပြီ။ နေထိုင်ရာအိမ်လိပ်စာကိုသိရဖို့အတွက်တော့ သိပ်ပင်ပန်းမည်မထင်တော့။ သူမတို့ဆိုင်သိမ်းချိန်ကိုစောင့်ပြီး နောက်ကလိုက်သွားရုံသာ။

ကြီးကျယ်သောအောင်မြင်မှုတိုင်းမှာ ထိုက်တန်သောပေးဆပ်မှုက ရှိစမြဲပင်မဟုတ်ပါလား။

စောထူးကတော့ သူ့ကို ရေရေလည်လည်ချီးမြှောက်သည်။

"သြော် . . . လူတွေ၊ လူတွေ။ အချစ်နဲ့တွေ့ရင် အီးတောင်နံရကောင်းမှန်းမသိတော့ပါလား"

"ဘာကွ . . ."

"မင်းပခုံးမှာ ခိုချေးတွေခြောက်နေပြီ"

✻ ✻ ✻



# XVI

"ပန်းဘာသာ ဆွယ်တာဆိုင်ကလားမသိဘူး"

"အံမယ် . . . စုံထောက်ကြီး တယ်တော်ပါလား"

"အခု ကန်တော်ကြီးပတ်လမ်းကအိမ်မှာလား"

"ဟော့တော့ . . ."

ဟုဆိုကာ တခစ်ခစ်ရယ်သံကို ကြားရသည်။ နေ့ချင်းပြီးစုံစမ်းနိုင်ခဲ့တယ်သည့်အတွက် အံ့သြမှုအရိပ်အယောင်တွေ သူမထံမှတွေ့ရ၏။ ပြီးနောက်တော့လည်း အနည်းငယ်ဖြုံသွားပုံရသည်။

"တစ်ရက်တည်းနဲ့ ဘယ်လိုများစုံစမ်းလိုက်တာလဲ"

"သိပ်မခက်ပါဘူး။ ဒီလိုပဲပေါ့"

ဆိုင်ကယ်တစ်စီးနှင့် တစ်မြို့လုံးအနှံ့ လိုက်ရှာသည်ဟုတော့ မပြောတော့ပါ။ ဒါပေမဲ့ သူမရဲ့မှတ်ချက်ပြုသံကိုတော့ ကြားရသည်။

"အင်းပေါ့လေ . . . ဓာတ်ပုံဆရာပဲ။ ဒီလောက်တော့ ရှိမှာပေါ့"

"ဘာမှလည်း မဆိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . ဆိုင်တာပေါ့။ ပန်းဝါကြားဖူးထားတာတစ်ခုရှိတယ်။ ဓာတ်ပုံဆရာတွေက အမြင်စူးရှတယ်တဲ့။ အဲ့ဒါကြောင့်လည်း သာမန်လူတွေ မမြင်နိုင်တဲ့အလှအပတွေကို ရှာတွေ့ပြီးရိုက်နိုင်တာ။ သူလည်း ဓာတ်ပုံဆရာဆိုတော့ ပန်းဝါလိပ်စာကို ရှာတွေ့တာ မဆန်းပါဘူး"

ဘာမှလည်း မဆိုင်ပါချေ။ သူမကတော့ ခပ်တည်တည်နှင့် ကျောင်းသားကိုစာပြသလို ဆရာမကြီးစတိုင်ပြောသည်။

"ဘယ်သူပြောလဲ။ ဓာတ်ပုံဆရာလို့"

ငေါ့တော့တော့မေးတော့ . . .

"မသိဘူးလေ။ ဟိုတစ်နေ့က ကင်မရာကြီးကိုင်ထားတာ တွေ့လို့ ပြောတာ။ မဟုတ်ဘူးလား ဓာတ်ပုံဆရာ"

"ဓာတ်ပုံရိုက်တာတော့ ဟုတ်တယ်။ အပျော်တမ်းပေါ့။ စီးပွားဖြစ်ရိုက်စားတာတော့ မဟုတ်ဘူး။ အခု ပြင်ဦးလွင်ကိုလာတာလည်း ပြိုင်ပွဲဝင်ဖို့ ဓာတ်ပုံကောင်းလေးများရမလား ရောက်လာတာ"

"ပုံကောင်းရပြီလား"

"မရသေးဘူး။ ရောက်ကတည်းက စိတ်မကြည်တာနဲ့ စိတ်ကြိုက်တစ်ပုံမှ မရိုက်ရသေးဘူး"

"ဩော် . . ."

အရူးဘုံမြှောက်ပေးသလို သူမရဲ့ 'ဩော်'လေးကို ထပ်ကြားရ၏။ ဘာကြောင့်မှန်းမသိ။ ထို 'ဩော်'ဟူသောအသံလေးက သူ၏ရူးသွပ်မှုအားလုံးကို သိမ်းပိုက်ထားပါသည်။ ပြီးတော့ ထင်မှတ်မထားသော စကားကိုဆိုသည်။

"စိတ်မကြည်ရင် ကြည်အောင်လုပ်တဲ့နည်းရှိတယ်။ ယူမလား"

"ယူမှာပေါ့"

ပေါ့ပေါ့ပါးပါးပြောလိုက်ပေမဲ့ သူမဘက်က မထင်ရအောင်လေး နက်သွားသည်။ စကားတစ်လုံးမှ ထွက်မလာသေးပေမဲ့ ဖုန်းထဲမှ ခံစားရသောအရှိန်အဝါတစ်ခုကြောင့် သူမ ရွတ်နောက်နောက်ပြောခြင်းမဟုတ်မှန်း သိလိုက်ရ၏။ ထွက်လာသောစကားများကတော့ ထင်ထားသလိုပါပဲ။ ချိုကြည်အေးချမ်းပေမဲ့ . . .

"မနက်စောစောထရမယ်၊ မနက်စောစောဆိုတာ မိုးမလင်းခင်နော်။ မိုးမလင်းခင်ထပြီး အိမ်ရှေ့ကိုထွက်။ ဒါမှမဟုတ် အခန်းတံခါးကိုဖွင့်ပြီး အပြင်ကိုကြည့်။ အဲ့ဒီမှာ ပြင်ပလောက,က ကိုယ့်ကိုကြည်လင်မှုဆွဲပေးလိမ့်မယ်။ ပထမ ပတ်ဝန်းကျင်က မှောင်နေတယ်။ တဖြည်းဖြည်း အမှောင်တွေလျှော့လာမယ်။ ပြီးတော့ အမှောင်တစ်ဝက်၊ အလင်းတစ်ဝက်အနေအထားကိုရောက်လာမယ်။ အချိန်ခဏလေးအတွင်းမှာပဲ အလျင်အမြန်ကြီး လင်းသွားလိမ့်မယ်။ အဲ့ဒီအချိန်အကူးအပြောင်းလေးကို စိတ်ထဲမှာဘာမှမတွေးဘဲ ခံစားပြီးကြည့်။ ကြည့်နေရင်းနဲ့ စိတ်က အလိုလို ကြည်လင်လာလိမ့်မယ်"

သော်ဖြိုး ပါးစပ်အဟောင်းသားလေးပင် ဖြစ်မိတော့၏။ လုံးဝထင်မှတ်မထားပါချေ။ လိပ်ပြာလေးလို ငယ်ရွယ်ပြီးနုပျိုသူတစ်ယောက်မှာ ဒီလိုအတွေးမျိုး ရှိလိမ့်မည်ဟုထင်မှတ်မထား။ အံ့ဩသွားရသလို အထင်လည်းကြီးမိသွားရပါသည်။

"ပန်းဝါက မနက်တိုင်း ထကြည့်တယ်လား"

"မနက်တိုင်းတော့ မဟုတ်ဘူး။ တစ်ပတ်မှာ အနည်းဆုံးတော့ ငါးရက်လောက်တော့ ပုံမှန်ထကြည့်တယ်။ ကြည့်ရုံတင်မဟုတ်ဘူး။ ပန်းဝါက နောက်တစ်ခုလည်း လုပ်သေးတယ်"

"ဘာလဲ"

စိတ်ဝင်စားစွာမေးမိတော့ . . .

"ကော်ဖီသောက်တာ။ အမှောင်က အလင်းပြောင်းတဲ့အချိန်လေးကိုကြည့်ပြီး ကော်ဖီပူပူလေးသောက်တာ။ ဒါဆို ပန်းဝါအတွက် တစ်နေ့တာပြည့်စုံသွားပြီ။ အဲ့ဒီနေ့တစ်နေ့လုံးက ကြည်လင်တက်ကြွပြီး နေ့လို့ အရမ်းကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

သော်ဖြိုးစကားပင် ဆိုမရတော့လောက်အောင် ငြိမ်သက်သွားခဲ့ရပါသည်။ လိပ်ပြာလေးစကားနားထောင်ပြီး သူပင် နေရင်းထိုင်ရင်းကြည်နူးသွားရသည်။

"သူလည်း အဲ့လိုလုပ်ကြည့်ပါလား။ စိတ်ကြည်လင်နေရင် အလုပ်လုပ်လို့ကောင်းတာပေါ့။ ဒါမှလည်း သူများမမြင်နိုင်တဲ့ ရှုခင်းရှုကွက်ကောင်းကောင်းလေးတွေတွေ့မှာ။ ရှုခင်းလှလှလေးတွေတွေ့ရင်တော့ ပန်းဝါကိုခေါ်ပြပေါ့"

"ပန်းဝါက ဘယ်လိုရှုခင်းမျိုးကို ကြည့်ချင်လို့လဲ"

စဉ်းစားသလို အသံတိတ်သွား၏။ ပြီးတော့မှ . . .

"အင်း . . . ပန်းဝါ အရမ်းကြည့်ချင်တဲ့ရှုခင်းပုံစံလေးတော့ ရှိတယ်"



ပဥ္စအုတ်ချပ်

စိတ်ဒုက္ခရောက်ဖွယ်ကိစ္စတစ်ခုကို အဦးဆုံးကြုံတွေ့မည်။

ထူးခြားသောအခြေနေတစ်ခုကြောင့် ဓာတ်ပုံကောင်းများရလိမ့်မည်။

အချစ်ရေးတွင် နည်းလမ်းဟောင်းများကိုအသုံးပြုပါ။

ငွေကို အတတ်နိုင်ဆုံးချွေတာပါ။

မိမိရှေ့တွင် ငွေပေး၊ ငွေယူကိစ္စများရှိပါက နောက်နေ့သို့ရွှေ့ရန် တားမြစ်ပါ။

သင့်ချစ်သူအား ဆိုင်ကယ်မစီးပါစေနှင့်။



www.burmeseclassic.com

www.burmeseclassic.com

## XVII

"တီတီ . . . တီတီ . . . တီတီ . . ."

Alarm အော်မြည်သံကြောင့် သော်ဖြိုးအိပ်ယာမှကုန်းရုန်းထလိုက်သည်။ ခေါင်းအုံးဘေးမှ တစာစာအော်မြည်နေသောဖုန်းကို Alarm ပိတ်လိုက်၏။ အချိန်ကား မနက်ငါးနာရီထိုးအတိ။

ကပျာကယာထကာ မျက်နှာသစ်၊ သွားတိုက်လိုက်ပါသည်။ ပြီး အဝတ်အိတ်တွင်းမှ နွေးထွေးမည်ထင်ရသော အဝတ်တစ်စုံကိုထုတ်ကာ လဲလှယ်လိုက်၏။ ကျောပိုးအိတ်ကိုဖွင့်ကာ ကင်မရာကိုစစ်ဆေးသည်။ စိတ်ကြိုက်စစ်ဆေးပြီးတော့မှ ကင်မရာကို အိတ်တွင်းပြန်ထည့်ရင်း ကျောမှာပိုးလိုက်ပါသည်။

ခေါင်းစွပ်နှင့်ဖိနပ်စီးပြီးသွားချိန်မှာတော့ အပြင်ထွက်ဖို့က အဆင်သင့်ဖြစ်သွားပါပြီ။ ညနေကတည်းက စောထူးအိမ်မှ ဆိုင်ကယ်တစ်စီး လိုက်ယူထားသည်မို့ ယနေ့မနက်ခင်းအတွက် သွားလာရန်အဆင်ပြေနေသည်။ ဟိုတယ်ကိုမှာထားတာတွေ အောက်မှာ အဆင်သင့်ဖြစ်နေပြီလားမသိ။



လှေကားမှဆင်းတော့ Reception မှဝန်ထမ်းလေး ခေါင်းထောင်လာကာ . . .

"ဆရာ . . . ဘာအလိုရှိလို့လဲ"

"ညကမှာထားတာတွေ ရပြီလား"

"ဗျာ . . ."

ပြူးတူးကြောင်တောင်ဖြင့် သူ့ကိုကြည့်နေသည်ကြောင့် . . .

"ညက ငါဖုန်းဆက်ပြီးမှာထားတာတွေလေ"

ကောင်လေးမှာ ဘာပြောလို့ပြောရမှန်းမသိ။ ပြီးမှ တစ်စုံတစ်ရာကို သတိရသလို . . .

"ဟိုဟာ . . . ညကဂျူတီချိန်းထားလို့ ကျွန်တော် မသိလိုက်ဘူး။ ခဏလေးနော်။ ကျွန်တော် မေးပေးမယ်"

ပြောပြောဆိုဆို ကောင်လေးက အတွင်းခန်းထဲပြေးဝင်သွား၏။ သော်ဖြိုး သဘောပေါက်လိုက်ပြီ။ လှိုဝ်ကော်မြို့ရိုးထဲကအတိုင်း မနက်မိုးမလင်းခင် သူ စိတ်ဒုက္ခရောက်ရတော့မည်။ ထင်ထားသလိုပါပဲ။ တစ်အောင့်နေတော့ ဝန်ထမ်းလေးပြန်ထွက်လာကာ . . .

"ဆရာ ဘာမှထားတာလဲမသိဘူး"

သော်ဖြိုး သက်ပြင်းတစ်ခုကိုချရင်း စိတ်မရှည်သလိုပြောပြလိုက်တော့ နောက်ဘက်သို့ အပြေးဝင်သွားပြန်၏။ သေချာပါသည်။ သူမှာထားတာတွေအားလုံး အခုမှ စလုံးရေးစ လုပ်ရတော့မှာပါ။ တစ်အောင့်ကြာတော့ အားနာဟန်မျက်နှာပေးနှင့် ဝန်ထမ်းလေးပြန်ထွက်လာပြီး . .

"ခဏနော် အစ်ကို။ စားဖို့မှူး breakfast အတွက် အလုပ်ရှုပ်နေတာနဲ့ အစ်ကိုမှာထားတာတွေ နောက်ကျသွားတာ။ အခု လုပ်နေပါပြီ။ ခဏပဲစောင့်ပါ အစ်ကို"

သက်ပြင်းကိုသာ ချလိုက်မိတော့သည်။ အပြင်ကိုလှမ်းကြည့်တော့ မိုးလင်းမလာသေး။ ဒါပေမဲ့ ဒီအမှောင်မှာ သိပ်ကြာကြာစောင့်



www.burmeseclassic.com

www.burmeseclassic.com

ခံနိုင်စွမ်းမရှိတော့ဘူးဆိုတာတော့ စိတ်က အလိုလိုသိနေသည်။ နာရီကို ကြည့်လိုက်တော့ ငါးနာရီထက် မိနစ်နှစ်ဆယ်နီးနီး ရောက်လို့နေပါပြီ

စကားလည်းမများချင်တော့သည်မို့ ဆိုဖာဆက်တီတွင်ထိုင်၍ ရင်း စောင့်နေလိုက်သည်။ ငါးမိနစ်မရှိတရှိလောက် ကြာသွားလိမ့်မည်ထင် ၏။ ပြာပြာပြာပြာဖြင့် ဟိုတယ်ဝန်ထမ်းတစ်ဦးထွက်လာကာ . . .

"မှာထားတာတွေ ရပါပြီဆရာ"

တုံ့နေးမနေတော့။ ချက်ချင်းပဲ ကမ်းပေးသောအရာများကို လှမ်းယူကာ ဟိုတယ်တွင်းမှ ထွက်ခဲ့တော့၏။ အပြင်မှာရပ်ထားသော ဆိုင်ကယ်က နှင်းပွင့်တွေဝေသီလျက်ရှိနေသည်။ ဆိုင်ကယ်ကို မောင်းထွက် လိုက်တော့ လူက အအေးစက်ထဲရောက်သွားသလို ခံစားလိုက်ရ၏။ လောလောဆယ် အဲ့ဒါတွေအရေးမကြီး။ အရေးကြီးသည်က အချိန်မီဖို့

အပေါ်ပိုင်းမှာ အနွေးအကျီနှစ်ထပ်နှင့်မို့ အေးချမ်းမှုမရှိပေ ဂျင်းဘောင်းဘီတစ်ထည်တည်းသာ ကာဆီးထားသော အောက်ဖက်ခြေ ထောက်ပိုင်းမှာတော့ အပ်အစင်းပေါင်းများစွာနှင့် အထိုးခံနေရသလို ကျင် စပ်နေသည်။ ဂျင်းဘောင်းဘီတစ်ထည်တည်းက ပြင်ဦးလွင်ဆောင်းကို ဆိုင်ကယ်စီးချိန်တွင် မကာဆီးနိုင်ပါ။

ခေါင်းစွပ်စွပ်ထားသည့်အတွက် ဦးခေါင်းပိုင်းမှာလည်း နွေးသာ ထိုင်သာရှိသည်။ ပုခုံးမှာလည်း ကျောပိုးအိတ်လွယ်ထားသည်မို့ နွေးနွေး ထွေးထွေး ညာဘက်လက်တစ်ဖက်တည်းဖြင့် မောင်းနေသော်လည်း လီဗာ ကိုတင်းတင်းဆွဲထားသည်။ ဘယ်လက်လက်မှာက ခရီးဆောင်ဓာတ်မီး လေးတစ်လုံးကို ကိုင်ထားပါ၏။

မိုးမလင်းသေးပေမဲ့ ပြင်ဦးလွင်က နိုးထစပြုနေပါပြီ။ တချို့ တလေ လမ်းဘေးဆိုင်တွေမှာ ခင်းကျင်းစပြုနေပါပြီ။ မနက်ခင်း လမ်း လျှောက်သူအချို့ကိုလည်း တွေ့ရသည်။ ဆိုင်ကယ် တစ်စီး၊ နှစ်စီး ဖြတ်မောင်းသွားလာနေကြသည်ကိုလည်း တွေ့ရ၏။



ကန်တော်ကြီးပတ်လမ်းထဲကို ဆိုင်ကယ်ချိုးကွေ့ဝင်လိုက်တော့ အေးစိမ့်မှုက ပိုမိုလွန်ကဲလာသည်။ ထိုစဉ်မှာပဲ အနက်ရောင်ကောင်းကင် မှာ အနည်းငယ်ဖြူလျော်လာသည်ကို တွေ့ရသည်။ ပြီးတော့ မနက်ခင်း ရနံ့တွေလည်း ပတ်ဝန်းကျင်မှာ သင်းပျံ့လာ၏။

သော်ဖြိုးဆိုင်ကယ်လီဗာကို အနည်းငယ်ဖိဆွဲလိုက်သည်။ သူ့ အတွက် အချိန်သိပ်မရှိတော့။ ရှေ့မှ ဆိုင်ကယ်ခြင်းကိုလည်း မျက်ခြေ ဖြတ်လို့မရ။ ထိုအထဲတွင် ရေခဲမုန့်ခွက်ပုံစံ ကော်ခွက်အလွတ်လေးတစ် လုံးနှင့် ပိုက်လေးတစ်ချောင်းပါသည်။ ပြီး အကျီပိတ်တွင်းမှာက စာလေး တစ်စောင်။

ထိုအရာတွေအားလုံးအတွက် ခြံတစ်ခြံရှေ့ကို အမြန်ဆုံးရောက် သွားဖို့ လိုနေပါသည်။ မီးပွိုင့်တစ်ခုကို ကျော်လွန်ပြီးသွားချိန်မှာတော့ သူမက်မက်မောမော အလျင်လိုနေသော အိမ်ခြံဝင်းတစ်ခုရှေ့ကို ရောက် လို့သွားပါတော့၏။

ဆိုင်ကယ်ကို မီးမိတ်စက်သတ်ပြီးချိန်မှာ ပတ်ဝန်းကျင်က အမှောင်တွေ တဖြည်းဖြည်းကွာကျကုန်၏။ သစ်ပင်ထက်မှ နှင်းစက် လေးတွေကို တစ်စက်ချင်း မြင်တွေ့ခွင့်ရလာသည်။ ထိုစဉ်မှာပင် ဘယ် ကမှန်းမသိသော ကြက်တစ်ကောင်က 'အော် . . . အီး . . . အီး . . . အွတ်' ဟု ထ,တွန်လိုက်ပါသည်။

သူ နောက်မကျခဲ့ဘူးဆိုပါက ဒီအချိန်သည် ဝေလီဝေလင်း မနက်ခင်းတစ်ခု၏ ပြယုဂ်ပါပဲ။ ပတ်ဝန်းကျင်က အမှောင်တစ်ဝက်၊ အလင်းတစ်ဝက်။ နှင်းစက်ဖြူဖြူတွေကြားမှာ မပီဝိုးတဝါးလှပနေသည်။

ကိုယ့်ကိုယ်ကိုယ်လည်း ပီပီပြင်ပြင်မြင်ရပြီးနောက်မှာ [illegible] သော ခြံဝန်းတစ်ခုနှင့် တိုက်ဖြူလေးတစ်လုံးကို မနက်ခင်းအလှနှင့်အတူ ဖူးတွေ့ခွင့်ရလိုက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

ထိုအိမ်လေးထဲတွင် သူ့ရဲ့နှလုံးသားလေး ခိုလှုံအိပ်စက်နေပါသည်။ နိုးချင်လည်း နိုးထနေပါလိမ့်မည်။ သူမသည် မနက်ခင်းတိုင်းကို ချစ်တတ်သူတစ်ယောက်မဟုတ်ပါလား။ ချစ်သူ၏အငွေ့အသက်ကြောင့် ရင်ထဲမှာနွေးသွားရ၏။

တန်ဖိုးရှိသောအချိန်တွေကို သူ မဖြုန်းတီးချင်တော့။ ချက်ချင်းပဲ ဆိုင်ကယ်ရှေ့ခြင်းတွင်းမှ ကော်ဖီခွက်လေးကို နှိုက်ယူလိုက်ပါသည်။ တစ်ခါသုံးကော်ဖီခွက်ပုံစံ။ အဝကျယ်၍ အောက်ပိုင်းရှူးသော ကော်ကြွပ်ခွက်လေးတစ်ခွက်ဖြစ်သည်။ ဘာတံဆိပ်မှတပ်မထားသည်မှလွဲလို့။ တစ်ခါသုံး ကော်ဖီခွက်လေးပါပဲ။

ထိုခွက်လေးအား ဆိုင်ကယ်ပေါ်တင်ကာ လက်တွင်းမှ ခရီးဆောင်ဓာတ်ဗူးသေးသေးလေးကို အဖုံးဖွင့်လိုက်သည်။ ဖွင့်ဖွင့်ချင်း ကော်ဖီရနံ့က နှာသီးဝကို လှိုင်းတက်လာ၏။ သော်ဖြိုး ထိုရနံ့လေးကို ဖြည်းဖြည်းချင်းရှူသွင်းကာ ခွက်တွင်းသို့ ကော်ဖီကို လောင်းထည့်လိုက်သည်။

တစ်ယောက်စာလုလုရတော့ ပိုက်ဖျော့လေးကိုခေါက်ထည့်ကာ အပေါ်မှ အဖုံးဖုံးလိုက်၏။ ပြီးတော့ ဖြူလွှလွှကော်ဖီခွက်ပေါ်မှာ ဆော့ပင်နှင့် စာသားအချို့ကို ရေးလိုက်သည်။

ပန်းဝါအတွက် morning coffee.

'တစ်ရာတန်(သို့)ကိုယ်'

ပြီးဆုံးသွားချိန်မှာ ကော်ဖီခွက်လေးကိုကိုင်ရင်း ခြံရှေ့သို့ တရွေ့ရွေ့တိုးသွားလိုက်သည်။ ထင်သာမြင်သာရှိရာ အုတ်တံတိုင်းရှေ့ကိုရောက်တော့ အင်္ကျီအိတ်ကပ်တွင်းမှ စာလေးတစ်စောင်ကိုပါ ထုတ်လိုက်၏။

ရည်းစားစာ (သို့) အချစ်ရေးအတွက် နည်းလမ်းဟောင်း။



လျှို့ဝှက်မြို့ရိုးအရ နည်းလမ်းဟောင်းကို သော်ဖြိုး ကြိုးစားအသုံးပြုထားခြင်းဖြစ်သည်။ ရည်းစားစာပေးခြင်းသည် လွန်လေပြီးခဲ့သောအတိတ်ကနည်းလမ်းဟောင်းတစ်ခုပင် မဟုတ်ပါလား။

အသက်အောင့်ရင်း ခြေဖျားထောက်ကာ ခြံစည်းရိုးပေါ် ကော်ဖီခက်လေးကိုတင်လိုက်ပါသည်။ ပြီးတော့ တစ်ညလုံး အပင်ပန်းခံရေးခြစ်ထားသည့် ရည်းစားစာခေါက်လေးကို ကော်ဖီခွက်အဖုံးလေးပေါ်တင်ထားလိုက်၏။

ဆုတစ်ခုကိုလည်း နှုတ်ကတောင်းဆိုလိုက်သေးသည်။

"ကံကောင်းထောက်မလို့ ဒီရည်းစားစာလေးကို လေတိုက်ချမသွားပါစေနဲ့"

ထို့နောက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

# XVIII

မက်ဆေ့(ချ်)အော်မြည်သံကြောင့် မျက်လုံးမဖွင့်သေးဘဲ ဖုန်းကို လက်ဖြင့်လိုက်စမ်းနေလိုက်သည်။ ဖုန်းနှင့် လက်ထိမိတော့မှ စောင်ကိုခွာရင်း မျက်လုံးကိုပွတ်ကာ ကြည့်လိုက်၏။

အိပ်ချင်စိတ်မပြယ်သေးသည်မို့ ဖုန်းမျက်နှာပြင်ပေါ်မှာ စာကြောင်းတွေ ဒေါင်လိုက်ဖြစ်နေသည်။ နောက်တစ်ခါ မျက်လုံးကိုထပ်ပွတ်ကြည့်တော့မှ . . .

အပြင်ကိုထွက်ကြည့်လိုက်
မင်းအတွက် morning coffee
ရောက်နေပြီ။

"ဟင် . . ."

မျက်လုံးတို့ပြူးကျယ်သလောက်ပင် ဖြစ်သွားရကာ ချက်ချင်းလက်ငင်း စာသား၏အဓိပ္ပာယ်ကို နားမလည်။ ဖုန်းနံပါတ်နှင့်စာကိုသေချာတွဲယူကြည့်လိုက်တော့မှ သူမ ရင်ခုန်သံတို့ မြန်သွားမိ၏။

ချက်ချင်းပင် ကုန်းရုန်းထလိုက်တော့ နံဘေးမှာအိပ်နေသော ချယ်ရီက မျက်လုံးဖွင့်ကြည့်သည်။ ဘာဘာညာညာစဉ်းစားမနေဘဲ သူမ



အခန်းတွင်းမှထွက်ကာ အပြင်လသာဆောင်သို့ အပြေးသွားလိုက်သည်။ လသာဆောင်တံခါးကိုဖွင့်လိုက်တော့ နှင်းရည်စွတ်နေသည့် မနက်ခင်းတစ်ခုအောက်မှာ . . .

သူမကိုတွေ့တော့ ကိုယ်တော်ချောက လက်နှစ်ဖက်ကိုမြှောက်ကာ သူရောက်နေပြီဖြစ်ကြောင်း ခုန်ဆွခုန်ဆွလုပ်ပြနေသည်။ ပုံစံကနေ့သစ်တစ်ခု၏ နုပျိုမှုနှင့်ရောကာ အစစအရာရာ တက်ကြွနေ၏။

ကြည့်နေတုန်းပဲ လက်ပြတာကိုရပ်ပြီး ခြံစည်းရိုးအုတ်တံတိုင်းပေါ်မှာ တစ်စုံတစ်ရာအား လက်ညှိုးထိုးပြနေသည်ကို တွေ့ရသည်။ အနည်းငယ်လှမ်းသည့်အတွက် ဘာဆိုတာတော့ အတိအကျမမြင်ရပါ။ ဒါပေမဲ့ သူမဖုန်းတွင်းဝင်ထားသော မက်ဆေ့(ချ်) အရ ကော်ဖီခွက်လေးတစ်ခွက်ဖြစ်နိုင်ပါ၏။

သူ့အဆိုအရ morning coffee ပေါ့။ သူမနှစ်သက်သော ခံစားမှုလေးတစ်ခုကို ကြည်နူးဖွယ်ဖြည့်ဆည်းပေးခြင်းပါပဲ။ ရင်တွင်းမှာ အတိုင်းမသိ ကြည်နူးသွားရပါသည်။

ထိုစဉ်မှာပဲ အောက်ဖက်ဆီမှ လူရိပ်တစ်ခု . . .

"ဟယ် . . . ဒေါ်လေး"

သူမ နှုတ်မှတအံ့တသြထွက်သွားစဉ် ဒေါ်လေးကတော့ ကတ်ကြေးတစ်လက်နှင့် ခြံထဲဆင်းသွားပါသည်။ သဘောပေါက်လိုက်သည်။ ဒီအချိန်က ဒေါ်လေး ဘုရားပန်းဆင်းခူးသည့်အချိန်။.

သူ့ကိုလှမ်းကြည့်တော့ ဒေါ်လေးကို မြင်ပုံမပေါ်။ ဒေါ်လေးဦးတည်သွားရာကလည်း ခြံဝဘက်မှ ပန်းပင်များရှိရာဆီ။ ထိတ်လန့်သွားကာ ပြန်တော့ဟုသည့်သဘော သူ့ကို လက်လှမ်းပြတော့ . . .

သူမပုံစံကိုကြည့်ပြီး ငြိမ်သက်သွားသည်ကိုတွေ့ရသည်။ ပြီး 'ဘာကြောင့်လဲ'ဟုသည့်သဘော မေးငေါ့ပြ၏။ သူမ ခေါင်းကိုကုတ်ကာ အောက်ဖက်ဆီမှ ဒေါ်လေးကိုလက်ညှိုးထိုးပြတော့ ကြောင်တောင်တောင်ဖြင့် ခြံစည်းရိုးတံခါးမှ ကိုယ်တော်ချောက ချောင်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့မှ သဘောပေါက်သယောင် ပုခုံးကိုတွန့်ကာ နောက်ဆုတ်သွားသည်။ ဒါတောင် ခြံစည်းရိုးပေါ်မှ သူတင်ထားသောကော်ဖီခွက်လေးကို လက်ညှိုးထိုးပြသွားသေးသည်။ မကြာလိုက်ပါ။ ဆိုင်ကယ်လေးတစ်စီးက သူမတို့ခြံရှေ့မှနေ၍ လမ်းမကြီးပေါ်သို့ မောင်းထွက်သွားပါတော့၏။

တစ်အောင့်ကြာသည်ထိ သူမ စောင့်ကြည့်နေလိုက်သေးသည်။ ဒေါ်လေးကတော့ ဘာကိုမှုမသိဘဲ ပန်းခူးကာ အိမ်တွင်းပြန်ဝင်လာသည်။ ဒီတော့မှ သူမ အပေါ်ကဆင်းကာ ခြံစည်းရိုးဆီ ပြေးသွားလိုက်သည်။ သူထားခဲ့သော ကော်ဖီဘူးလေးကို ခြေဖျားထောက်ယူလိုက်စဉ် စာလေးတစ်စောင်ကိုလည်း ပူးတွဲရရှိလိုက်၏။

ရင်တွင်းမှာ အံ့သြသွားပေမဲ့ အပြင်မှာ အံ့သြဖို့အချိန်မပေးနိုင်။ ကမန်းကတန်းပင် ကော်ဖီဘူးနှင့်စာလေးကို လက်မှာကိုင်ကာ အိမ်တွင်းပြန်ပြေးလာခဲ့သည်။

အခန်းတွင်းဝင်လိုက်တော့ . . .

"ပန်းဝါ . . . ပျာယီးပျာယာနဲ့ ဘာဖြစ်နေတာလဲ"

ခုတင်ပေါ်မှ ချယ်ရီဝင်းကမေးတော့ . . .

ရင်ခုန်ပြုံးနဲ့အတူ ချယ်ရီဝင်းမြင်သာအောင် လက်ထဲမှအရာများကို ထောင်ပြလိုက်၏။

"ဒီမှာလေ . . ."

အဖုံးဖွင့်လိုက်စဉ် ကော်ဖီနံ့လေးက မနက်ခင်းနှင့်လိုက်ဖက်စွာ တစ်ခန်းလုံးကို မွှေးပျံ့လွှမ်းမိုးသွားပါသည်။

သူမရဲ့နှလုံးသားတွေမှာလည်း ထင်မှတ်မထားသော လှုပ်ခါမှုတွေနှင့် ကော်ဖီနံ့တွေသင်းလို့။

စာလေးတစ်စောင်မှာတော့ . . .

ᯅ ᯅ ᯅ



ကောင်မလေး . . .

ဟိုး . . . လွန်ခဲ့တဲ့ နှစ်သန်းပေါင်းလေးဆယ်လောက်က မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း ပုံတောင်ပုံညာဒေသမှာ လူသားမျိုးနွယ်အစ သတ္တဝါတွေ နေထိုင်ခဲ့တယ်လို့ ပြင်သစ်ပညာရှင်တစ်ဦးက ရေးသားထားတယ်။

သူတို့ဆိုလိုတာက အချစ်ဆိုတာလည်း အဲ့ဒီအချိန်ကတည်းက စတင်ပေါ်ပေါက်ခဲ့တာတဲ့။

ဘာမှတော့မဆိုင်ဘူးပေါ့ ကောင်မလေးရယ်။

'မင်းကို ကိုယ်ချစ်တယ်'



www.burmeseclassic.com

www.burmeseclassic.com

# XIX

ဆိုင်ကယ်မောင်းနေပေမဲ့ လူက လေပေါ်မှာလွင့်နေသလို ခံစားရသည်။ ဘာပဲပြောပြော သူ့အကြံအစည်များ အောင်မြင်ခဲ့ပါသည်။ ဝေလီဝေလင်းအချိန်ကိုကြည့်ပြီး ကော်ဖီသောက်ချင်သူလေးအတွက် ကော်ဖီတစ်ခွက်ကို သူဆောင်ကြဉ်းပေးနိုင်ခဲ့ပြီ။

ကိုယ့်ကိုယ်ကိုယ်ကျေနပ်ကာ မောင်းနေသောဆိုင်ကယ်ပင် ဘယ်ရောက်လို့ရောက်နေမှန်းမသိ။ ကိစ္စမရှိ။ ပျော်ရွှင်နေသောစိတ်အစဉ်ကိုလွှတ်ဆပေးကာ ဆိုင်ကယ်ကို ဦးတည်ရာလျှောက်မောင်းဖို့ ဆုံးဖြတ်လိုက်သည်။ လမ်းမကြီးတွေ၊ လမ်းကြိုလမ်းကြားတွေ၊ တောင်ကုန်းမြင့်တွေ၊ လှူနေရပ်ဝန်းကျဲကျဲတွေကြားထဲမှာ ဆိုင်ကယ်လေးတစ်စီးက အော်ဟစ်ပြေးလွှားကာနေသည်။

ရင်တွေတဆတ်ဆတ်ခုန်ကာ ကြည်နူးနေသည်။ မျက်လုံးအစွင်းမှာကား လိပ်ပြာလေး၏ပုံရိပ်များသာ ထပ်ခါတလဲလဲ မြင်ယောင်ခံစားနေသည်။ ညအိပ်ဝတ်စုံပွပွနှင့် မျက်နှာရှင်းရှင်း၊ အိပ်ရာမှနိုးထကာ ပခုံးပေါ်ဝဲကျနေသည့် ပွယောင်းယောင်းဆံပင်။



ကော်ဖီဘူးလေးကိုကြည့်ကာ ရှက်ပြုံးလှလှလေးမဲ့သွားသော ပါးပြင်ရဲရဲ၊ ဒါတွေအားလုံးက ရင်ထဲမှာတစ်လှည့်၊ မျက်ဝန်းထဲမှာတစ်လှည့် နေရာယူနေကြသည်။ သေချာတာကတော့ ယနေ့မနက်ခင်းသည် သူ့ကို ပျော်ရွှင်မှုတွေကျဲချပေးသော မနက်ခင်းသာဖြစ်တော့၏။

ဒါပေမဲ့ ဖြစ်ပြီးပျက်သည်ဆိုသည့် သဘောတရားကိုတော့ တရိပ်ရိပ်ပြေးနေသောဆိုင်ကယ်က သူ့ထက်အရင်နားလည်လိုက်ပါ၏။

ဆိုင်ကယ်လေးက ဖွတ်ချက်ဖွတ်ချက်အော်မြည်ကာ တုံ့ခနဲ ရပ်သွားသည်။ လီဗာဆွဲလိုက်တော့ နှစ်ဘီးလောက်ဆက်လိမ့်ပြီး တုံ့နေးတုံ့နေးရပ်သွားပြန်သည်။ ပြီး စက်ပါသေသွား၏။ ချက်ချင်းလက်ငင်းစက်ရပ်သွားသောဆိုင်ကယ်ကိုကြည့်ပြီး သော်ဖြိုး ကြောင်အ,ကာသွားသည်။

စက်ပြန်နှိုးကြည့်ပေမဲ့ မနိုးတော့။

ချက်ချင်းကြီး ဘာဖြစ်သွားတာလဲ။ သူလည်း ဘာမှမလုပ်တတ်။ ဒါပေမဲ့ စက်ပစ္စည်းချို့ယွင်းလျှင်ဖြစ်တတ်သော အလွယ်ကူဆုံးတွေးထင်မှုတစ်ခု ခေါင်းထဲဝင်လာသည်။

ဆီများကုန်သွားတာလား။

အတွေးနှင့်အတူ ဆိုင်ကယ်ဒိုင်ခွက်ကိုကြည့်တော့ ဆီဂိတ်အမှတ်အသားမှာ နောက်ဆုံးသို့ ထိုးစိုက်နေပါသည်။

"ဆီပြတ်သွားတာပဲ"

ရင်ထဲမှာ နည်းနည်းတော့ ပေါ့သွားသည်။ ဒါပေမဲ့ သေချာအောင် ဆိုင်ကယ်ပေါ်မှဆင်းကာ အဖုံးဖွင့်ကြည့်လိုက်တော့ . . .

သေချာပါသည်။ အငွေ့အသက် နည်းနည်းကျန်သည်မှအပ ဒိုင်ကီထဲမှာ ဆီဗလာ။ သော်ဖြိုး ယခုမှ ပတ်ဝန်းကျင်ကို သေချာပြန်ကြည့်ရှုမိလိုက်သည်။ နေရာက လူနေအိမ် အနည်းငယ်ကျဲပါးသည့်နေရာ။ ဝဲဘက်မှာ တောင်ကုန်းတွေနှင့် အတော်လှမ်းလှမ်းမှာတော့ လူနေအိမ်တွေကိုတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ပေမဲ့ လူရိပ်လူယောင် မတွေ့ပါချေ။ ဒီလိုရာသီဥတုမှာ လူတော်တော်များများအဖို့ ကွေးလို့ကောင်းတုန်းပင် ရှိနေဦးမည်မဟုတ်ပါလား။ ဖြတ်သွားဖြတ်လာလည်း ရှိမယ့်ပုံမပေါ်။ ပိုဆိုးတာက သူ ဘယ်နေရာကိုရောက်နေတာလဲ သူကိုယ်တိုင်မသိ။

ဒီလိုနေရာမျိုးမှာ ဓာတ်ဆီရှာဖို့လွယ်ပါ့မလား။ သေချာမှုမရှိပေမဲ့ ကြိုးစားကြည့်ရမည်။ အနီးစပ်ဆုံးတောင်ကုန်းလေးမှာတော့ ထင်းရှူးပင်လေးများ အစီအရီပေါက်နေသည်ကို တွေ့ရ၏။ အလှစိုက်ပန်းပင်လေးတွေကိုလည်း ခြံစည်းရိုးသဖွယ်ပြုလုပ်ထားကြောင်း တွေ့ရသည်။

အိမ်ကိုတော့ မတွေ့။ လူရိပ်လူယောင်လည်း မတွေ့။

ပုံစံကြည့်ရတာတော့ လူနေခြံဝန်းတစ်ခု ဖြစ်ပုံရပါသည်။ တွေဝေမနေတော့။ အနီးဆုံးမှာ ထိုတောင်ကုန်းလေးဖြစ်သည်မို့ အကူအညီရလိုရငြား တက်သွားရန် ဆုံးဖြတ်လိုက်ပါသည်။

ဆိုင်ကယ်သော့ကိုဖြုတ်ကာ ထိုတောင်ကုန်းလေးပေါ်သို့ အပြေးတက်ခဲ့တော့၏။

တောင်ကုန်းပေါ်ရောက်တော့ ထင်းရှူးတောစိပ်စိပ်လေးက သူ့ကို ဆီးကြိုနေပါသည်။ တိုးဝင်လိုက်တော့ . . .

"ဟာ . . ."

ခြေလှမ်းတို့ရပ်ကာ မြင်ရသော မြင်ကွင်းကိုကြည့်ပြီး ကြောင်သွားသည်။ ကိုယ့်မျက်လုံးကိုယ်လည်း မယုံကြည်နိုင်။

မြင်ရသောမြင်ကွင်းမှာကား . . .

အိမ်ကြီးအိမ်ကောင်းတစ်လုံး မဟုတ်ပါ။ ဝါးတဲလေးတစ်လုံး။

ဒါပေမဲ့ လုံးဝစိတ်ကူးယဉ်ဆန်စွာ ဆောက်လုပ်ထားသည်။ ထို့ရှေ့မှာက အငွေ့တလူလူထွက်နေသော မီးပုံလေးတစ်ပုံ။

မီးခိုးငွေ့နှင့် နှင်းရည်တို့ပေါင်းစုကာ တဲလေးပုရဝဏ်က မြူဆိုင်းသလိုဖြစ်နေသည်။ မလှမ်းမကမ်းတောင်ကုန်းပေါ်မှာကား အရိုးပြိုင်းပြိုင်း သစ်ခြောက်ပင်ကြီးတစ်ပင်ရှိ၏။



နေရောင်နီးမထသေးသည်မို့ မြင်ကွင်းက အေးချမ်းကာ ကဗျာဆန်နေသည်။

"ကျွတ် . . . လှလိုက်တာ"

ဓာတ်ပုံဆရာရဲ့ညဉ်အတိုင်း မှတ်ချက်ဆုံးသွားချိန်မှာ ကင်မရာထုတ်ပြီးဖြစ်သွား၏။ ပြီးတော့ အမှတ်မထင်တွေ့မြင်နေသော အလှအားလုံးကို မှတ်တမ်းတင်လိုက်ပါသည်။

ဓာတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ။

တဲအိမ်လေးရှေ့ကိုရောက်တော့ အတွင်းမှာနေထိုင်သူ မတွေ့ရပါ။ သို့ပေမဲ့ လူနေအသုံးအဆောင်များကိုတော့ တွေ့ရ၏။ ဝါးတဲလေးကိုဖြတ်ကျော်ကာ တောင်ကုန်းမြင့်လေးပေါ်မှ သစ်ခြောက်ပင်ကြီးဆီသွားလိုက်သည်။

အနီးကပ်ရောက်ရှိသွားချိန်မှာတော့ ရှေ့မှာတွေ့ရသည်ကား ...

"ဘုရားရေ . . ."

ထိုမျှပင် ပြောနိုင်တော့ပါသည်။ ပင့်သက်မောတို့လည်း ဘယ်နှစ်ခါမြောက်မှန်း သတိချမိသွားသည်။ သစ်ပင်ကြီးရှိရာ တောင်ကုန်းလေးရဲ့ ဟိုဘက်မှာကား . . .

ဒုတိယအကြိမ်မြောက် ကင်မရာမီးရောင်တို့ တဖျတ်ဖျတ်ပွင့်သွားစဉ်မှာပဲ . . .

"ဦးဦးက ဓာတ်ပုံလိုက်ရိုက်တဲ့လူလား"

နဘေးမှထွက်လာသော အသံစူးစူးချွန်ချွန်လေးကြောင့် လှည့်ကြည့်လိုက်တော့ ကလေးလေးနှစ်ယောက်ကို တွေ့ရပါသည်။ မောင်နှမနှစ်ယောက်ဖြစ်ဟန်တူ၏။ အသက်က ခုနှစ်နှစ်၊ ရှစ်နှစ်လောက်သာရှိဦးမည်။ မေးသူယောကျ်ားလေးက အသက်ကြီးပုံရကာ ကောင်မလေးကတော့ သုံးလေးနှစ်သာရှိဦးမည့် ဖြူဖြူကစ်ကစ်လေး။

"ဟုတ်တယ်ကွ။ သားတို့ ဓာတ်ပုံရိုက်ချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့၊ ရိုက်ချင်တယ်"

"ကိုကို . . . မီးမီးလည်း ရိုက်မှာနော်"

ဖြူဖြူကစ်ကစ်လေးက အစ်ကိုဖြစ်သူ၏အင်္ကျီစကိုဆွဲကာ မပီကလာပီကလာပြောတော့ . . .

"သမီးရိုက်ချင်ရင် ဦးဦးရိုက်ပေးမှာပေါ့။ လာ . . . သား၊ ညီမလေးကိုဖက်ထားလိုက်"

ပြောပြောဆိုဆို ကင်မရာကိုချိန်တော့ မောင်နှမနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက်ဖက်ကာ အိုက်တင်ပေးသည်။ သော်ဖြိုး ဓာတ်ပုံအချို့ရိုက်ပေးပြီးတော့ . . .

"သားတို့ဖေဖေနဲ့မေမေရော"

"ခြံထဲသွားတယ်"

"ဒါဆို ဒီမှာ သားတို့နှစ်ယောက်တည်းပေါ့"

"ဟုတ်တယ်။ ဒီမှာ မီးမီးတို့နှစ်ယောက်တည်း"

အငယ်မလေးက ချစ်စဖွယ်ပြောတော့ သော်ဖြိုး ကိုယ်ကိုငုံ့ကိုင်းကာ နမ်းလိုက်ပါသည်။ ကလေးနှစ်ယောက်လုံးက အရမ်းချစ်ဖို့ကောင်းသည်။

"မီးမီးနာမည်က ဘယ်သူလဲ"

"သဲသဲ"

"သားကရော . . ."

"ကိုဖြိုး . . ."

"ဟာ . . . နာမည်တွေက တယ်လှပါလားကွ"

သဲသဲလေးရဲ့ခေါင်းကို ပွတ်ကာဆိုတော့ သူ့ကိုပြုံးကာ မော့ကြည့်၏။ ဒီလိုနဲ့ပဲ ကလေးနှစ်ဦးနှင့် မကြာခင်မှာ အပေါင်းအသင်းဖြစ်သွားသည်။ ကလေးများကိုကြည့်ကာ သူကိုယ်တိုင်လည်း ရင်တွင်းမှာ အေးချမ်းနေသလို ဖြစ်မိသည်။



"သြော် . . . အဖြူစင်ဆုံးဘဝဆိုတာ ကလေးကလွဲပြီး သူတို့နေထိုင်ရာကမ္ဘာမြေကြီးမှာ မရှိသလောက်ရှားသွားခဲ့ပြီ မဟုတ်ပါလား"

သူပြန်တော့ ကလေးနှစ်ဦးက ထင်းရှူးပင်များရှိရာဆီ လိုက်ပို့ပေးသည်။

"ဦးဦး . . . နောက်တစ်ခါလာရင် မီးမီးတို့ကို ဓာတ်ပုံရိုက်ပေးဦးနော်"

"ရိုက်ပေးမှာပေါ့ကွ"

လက်ပြပြီး တောင်ကုန်းပေါ်မှဆင်းလာတော့ စိတ်တွေကြည်လင်နေသည်။ အမှတ်မထင်ဘဲရလိုက်သော ဓာတ်ပုံတွေအတွက်လည်း ပျော်ကာနေ၏။

ဆိုင်ကယ်ဆီရောက်တော့ အကောင်းဆုံးအကြံကို အသုံးပြုလိုက်ပါသည်။ စောထူးကို ဖုန်းဆက်ခေါ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

## XX

လှိုင်ဝှက်မြို့ရိုးမှာ ငွေကိုအတတ်နိုင်ဆုံး ချွေတာခိုင်းထားသည်မို့ ဟိုတယ်ကိုသာပြန်ခဲ့ပါသည်။ စောထူးကတော့ အန်တီခင် ဆေးရုံမှ ဆင်းရမည်ဟုဆိုကာ ပြန်သွား၏။ အခန်းမှာစရောက်ကတည်းက ရှင်းလင်းရခြင်းမရှိသေးသည်မို့ ရှုပ်ပွနေသည်။

မလျှော်ရသေးသောအဝတ်များ၊ ပလတ်စတစ်အိတ်များ၊ တစ်ရှူးစများနဲ့ အခန်းက လက်ဆတ်မှုမရှိတော့။ ဒီနေ့တော့ ထူးအောင်ကိုသော့ပေးကာ ရှင်းလင်းခိုင်းရမည်။

ကုတင်ပေါ်လှဲချရင်း ရိုက်ယူလာခဲ့သော ဓာတ်ပုံများကိုကြည့်ကာ ပီတိဖြစ်မိသည်။ တကယ်ပါပဲ။ လှိုင်ဝှက်မြို့ရိုးက ဆိုထားသည့်အတိုင်း ဓာတ်ပုံကောင်းများရခဲ့ပါပြီ။ ဘာရယ်မဟုတ်၊ ကုတင်ပေါ်မှထကာ နံရံတွင်ကပ်ထားသော သုံးရွက်မြောက်စာရွက်ကို သွားပြန်ကြည့်မိသည်။

ပြီးတော့ ကိုယ်တိုင်ကူးရေးထားသော စာသားများအား နောက်တစ်ခေါက် ပြန်ဖတ်လိုက်စဉ် . . .

အောက်ဆုံးစာကြောင်းအရောက်မှာတော့ . . .



ဟာ . . .”

ကိုယ့်ကိုယ်ကိုယ် သတ်ပစ်ချင်လောက်အောင် ဒေါသထွက်သွားရ၏။ ဘာလို့ ပန်းဝါကိုပြောဖို့ မေ့နေရတာလဲ။ လူက ချက်ချင်းပင် ထ ပူသွားကာ . . .

“ဟယ်လို . . .၊ ပန်းဝါလား”

အလျင်စလိုနိုင်သော သူ့အမေးကို . . .

“ဟုတ်တယ် . . . ပြော . . .”

ရှက်ရွံ့ရွံ့အသံလေးကိုကြားပေမဲ့ သူ ရင်မခုန်နိုင်ပါ။

“ပန်းဝါ အခုဘယ်မှာလဲ”

“ဒေါ်လေးဆိုင်မှာလေ။ ဘာဖြစ်လို့လဲ”

ဆိုင်ကယ်စီးနေခြင်းမဟုတ်သည်ကြောင့် အနည်းငယ် ရင်ပေါ့သွားမိသည်။ ဒါပေမဲ့ . . .

“ပန်းဝါကို ကိုယ်တစ်ခုလောက်ပြောချင်လို့။ ဖြစ်နိုင်ရင် ဒီနေ့တစ်ရက်လောက် ပန်းဝါ ဆိုင်ကယ်မစီးပါနဲ့လား”

“ဘာဖြစ်တယ်”

သူ့စကားအား နားကြားလွဲသွားသလို၊ ဒါမှမဟုတ် နားမလည်နိုင်သလို ပန်းဝါ ပြန်မေးတော့ . . .

“ဒီလိုပါ။ ပန်းဝါ ဆိုင်ကယ်စီးရင် တစ်ခုခုဖြစ်နိုင်လို့။ ဒီနေ့ ဘစ်ရက်လောက် ဆိုင်ကယ်မစီးပါနဲ့လားလို့ မေတ္တာရပ်ခံတာပါ”

“ဘာ . . .”

ခပ်ကျယ်ကျယ်အသံတစ်ခုကို ဖုန်းထဲမှာကြားရသည်။ သေသေချာချာကြားလိုက်ပြီမို့ သူမ အံ့သြသွားသည်ထင်ပါသည်။ ပြီး သူ့စကားအတွက်လည်း မယုံကြည်နိုင်မှုတွေ ဖွန်းထင်းသွားကြောင်း အလိုလိုသိလိုက်၏။ ထင်ထားသလိုပါပဲ။

“ရှင် . . . ဘာတွေပြောနေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com

"အခုလောလောဆယ်တော့ ကိုယ် ဘာမှမပြောနိုင်ဘူး။ ဒါပေမဲ့ ဆိုင်ကယ်စီးရင် တစ်ခုခုဖြစ်လိမ့်မယ်လို့ ကိုယ်ထင်နေတယ်"

သူမဘက်မှ အသံတိတ်သွားလေ၏။ ထူးထူးဆန်းဆန်းကြား ရသော သူ့စကားတွေအတွက် စဉ်းစားသွားသည်ထင်သည်။ ဒါပေမဲ့ ဘယ်လိုဖြစ်သွားသည်မသိ။ အသံက ချက်ချင်းကြီးမာဆတ်သွားကာ ...

"စိတ်မကောင်းစရာပဲ။ ခဏနေရင် ဒေါ်လေးခိုင်းထားတဲ့အလုပ် တစ်ခု သွားလုပ်ပေးရမယ်။ ဆိုင်ကယ်နဲ့သွားရမှာ"

"ဘာ . . ."

လူက ထိတ်လန့်တကြားဖြစ်သွားသည်။

"ပန်းဝါ . . . ကိုယ်တောင်းပန်ပါတယ်။ ဆိုင်ကယ်မစီးပါနဲ့။ ကိုယ် မင်းအတွက် . . ."

သူ့စကားမဆုံးလိုက် . . .

"မရဘူး။ ကျွန်မ ဒေါ်လေးကိုမပြောရဲဘူး။ ဆိုင်ကယ်နဲ့မသွား စေချင်ရင် ရှင်ကိုယ်တိုင် ဒေါ်လေးကိုလာပြောချည်"

ဆောင့်ဆောင့်အောင့်အောင့်ပြောပြီး ဖုန်းချပစ်လိုက်သော ပန်းဝါ ကိုကြည့်ကာ ချယ်ရီဝင်းက . . .

"ပန်းဝါ . . .၊ ဘယ်သူလဲ။ ဘာဖြစ်တာလဲ"

သူမ နှုတ်ခမ်းကိုဖိကိုက်၍ . . .

"ဟိုတစ်ယောက်ပေါ့ . . .၊ သော်ဖြိုး"

"ဘာပြောလို့လဲ"

"အလကားပါဟာ . . . ငါ့ကို ဒီနေ့ ဆိုင်ကယ်မစီးပါနဲ့တဲ့။ ဆိုင်ကယ်စီးရင် တစ်ခုခုဖြစ်လိမ့်မယ်လို့ သူထင်နေလို့တဲ့။ အကြောင်း ကြောင်းနဲ့။ ဘာတွေလာပြောမှန်း မသိဘူး"

• • •



ဖုန်းကိုကိုင်ပြီး သော်ဖြိုး ကြက်သေ,သေသွားမိသည်။ သူ့စကား ကို ပန်းဝါလက်မခံပါချေ။ အပြစ်ပြောလို့လည်း မရ။ အသားလွတ်ကြီး ဆိုင်ကယ်မစီးပါနဲ့ပြောခြင်းက အကြောင်းကြောင်းနိုင်သော ကိစ္စတစ်ရပ်ထင် မဟုတ်ပါလား။

ရှုပ်ပွနေသောသူ့အခန်းကို ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဘာလုပ်ရမလဲ စဉ်းစားနေမိသည်။ နောက်ဆုံးတော့ အဖြေတစ်ခုသာ ရလာပါ၏။ ဖုန်းထဲမှ တားလို့မရလျှင် အပြင်မှာ ကိုယ်တိုင်သွားတားဖို့။

အတွေးနှင့်အတူ ဖိနပ်ကိုကောက်စီးလိုက်သည်။ ပြီး . . . ဆိုင် ကယ်သော့ကိုယူကာ အခန်းတွင်းမှပြေးထွက်လိုက်၏။ အခန်းတံခါးပိတ် ပိတ်ပြီးချင်းမှာပဲ သူ့ခြေလှမ်းတွေက အလျှင်လိုမှုတွေနှင့် . . .

Reception ကိုရောက်တော့ အဆင်သင့်ပင် ထူးအောင်ကိုတွေ့ ရသည်မို့ . . .

"ညီလေး . . . အစ်ကို့အခန်းကို ရှင်းပေးထားနော်"

ပြောပြီး အခန်းသော့ကို ကောင်တာပေါ်တွင်ပေးတော့ ထူးအောင် က တရိုတသေကောက်ယူပါသည်။

"ဟုတ်ကဲ့အစ်ကို၊ ကျွန်တော်ကိုယ်တိုင် ရှင်းပေးထားမယ်"

ထို့နောက် သူ့ခြေလှမ်းတွေ ဟိုတယ်ပြင်သို့ရောက်လာခဲ့တော့ ၏။ ဆိုင်ကယ်ပေါ်တက်ကာ စက်ကိုနှိုးလိုက်တော့ . . .

"ဝူး . . ."

ဆိုင်ကယ်စက်သံက ပတ်ဝန်းကျင်ကို လှိုင်းခတ်သွားသည်။ ဘုရား . . . ဘုရား၊ ပန်းဝါ ဆိုင်ကယ်မစီးပါစေနဲ့။ ဆွယ်တာဆိုင်ကို ရောက်တော့ ပန်းဝါအရိပ်အယောင်ကို မတွေ့ရပါ။ ဒါပေမဲ့ ကိုယ့်ကိုယ် ကိုယ်အားပေးရင်း လှမ်းဝင်လိုက်သည်။ မြင်မြင်ချင်းတွေ့ရသည်ကား

"ဘာယူမလဲ အစ်ကို"

ကောင်မလေးတစ်ယောက် အနားရောက်လာကာမေးသည်။ သော်ဖြိုး လိုရင်းကိုပဲပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ပန်းဝါရှိလား ညီမလေး"

"မမပန်းဝါမရှိဘူး။ ကြီးကြီးခိုင်းလို့ ခုနလေးတင် အပြင်ထွက်သွားတယ်"

"ဟာ . . ."

သူ မှင်သက်သွားမိစဉ်မှာပဲ . . .

"မောင်ရင်လေးက ဘယ်သူတုံး"

အသံတစ်ခုကို အတွင်းပိုင်းဆီမှ ကြားလိုက်ရပါ၏။ ပန်းဝါအတွက် စိုးရိမ်စိတ်တွေနှင့်အတူ အတွင်းပိုင်းဆီဝင်သွားလိုက်တော့ ကောင်တာမှာ ငွေပုံကြီးတစ်ပုံနဲ့ အသက်ခပ်ကြီးကြီး အန်တီကြီးတစ်ယောက်ကို တွေ့ရသည်။ ပန်းဝါအဒေါ် ဖြစ်ဟန်တူပါပေ။

"ကျွန်တော် ပန်းဝါနဲ့သူငယ်ချင်းပါ။ ပန်းဝါကိုလာရှာတာပါ"

အန်တီကြီးက သူ့ကိုသေချာကြည့်ပြီး . . .

"ပန်းဝါမရှိဘူးကွဲ့။ အန်တီခိုင်းလိုက်လို့ အပြင်သွားတယ်။ အရေးကြီးလို့လား"

သော်ဖြိုး ဘာပြန်ဖြေလို့ဖြေရမှန်းမသိ။ လူက နေမထိထိုင်မသာ စွာ ပူထူနေသည်။ ဒါပေမဲ့ မမေးမဖြစ်စကားတစ်ခွန်းကိုတော့ မေးလိုက်သည်။

"ဘာနဲ့သွားတာလဲ အန်တီ"

"ဆိုင်ကယ်နဲ့လေ"

"ဟာ . . ."

ပံ့ပျက်လုနီးနီးဖြစ်သွားသော သူ့ပုံစံကိုကြည့်၍ အန်တီကြီး အနည်းငယ် အံ့အားသင့်သွားသလိုရှိသည်။ သူ သတိမထားမိတော့ . .

"ဆိုင် . . . ဆိုင်ကယ်ကို ဘယ်သူမောင်းသွားတာလဲ"

အန်တီကြီးက မျက်မှောင်တစ်ချက်ကြုံ့ရင်း . . .

"ချယ်ရီမောင်းသွားတာနဲ့တူတယ်။ ပန်းဝါက နောက်ကထိုင်လိုက်သွားတယ်ထင်တာပဲ"



အနည်းငယ်ပေါ့ပါးသွားရပေမဲ့ . . .

"သူတို့ ဘယ်သွားကြတာလဲဟင်"

နေရာတစ်ခုနာမည်ကို ပြောပြပေမဲ့ သူမသိပါ။ ထိုစဉ်မှာပဲ တစ်ချိန်လုံး နားမလည်ဟန်ဖြစ်နေသော အန်တီကြီးက . . .

"ဘာများဖြစ်လို့လဲကွယ့်။ မင်းပုံစံက ထိတ်ထိတ်ပျာပျာနဲ့"

ထိုအခါမှပဲ သော်ဖြိုး ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းလိုက်ရပါသည်။ မလိုအပ်သောလူတွေကို စိတ်ဒုက္ခမပေးချင်ပါ။ သူတစ်ခုခုပြောလိုက်လျှင်လည်း ယုံကြည်မှာမဟုတ်။ ထို့ကြောင့် . . .

"ဪ . . . မဟုတ်ပါဘူး။ သူ ပြင်ဦးလွင်မှာ ရှိနေတယ်ဆိုလို့ ဝင်လာတာပါ။ လမ်းလည်းကြုံနေလို့"

ယုံကြည်ဟန်တော့ သိပ်မတွေ့။ မတတ်နိုင်ပါ။ လိမ်စရာရှိတာကိုပဲ ဆက်လိမ်လိုက်သည်။

"ကျွန်တော်နာမည် သော်ဖြိုးပေါ့ပါအန်တီ။ သူတို့ပြန်လာရင် ကျွန်တော်လာသွားတယ်လို့ ပြောပေးပါ"

"ဪ . . . အေးအေး"

အန်တီကြီးက ယောင်တောင်ပေါင်တောင်ဖြင့် ခေါင်းညိတ်သည်။ ပြီးမှ တစ်ခုခုကိုသတိရသလို . . .

"ဟဲ့ . . . သူတို့က ဒီကိုပြန်လာမှာ မဟုတ်တော့ဘူး။ အန်တီခိုင်းထားတဲ့ကိစ္စပြီးရင် အိမ်ပြန်ကြတော့မှာ"

နလုံးခုန်သံတစ်ချက်က 'ဒုန်း' ခနဲနေအောင် ရင်ဝကိုလာရိုက်သည်။ ဒါဆိုလျှင်တော့ သူ့အတွက် မျှော်လင့်လျက်ရှိသေးသည်။ ထို့ကြောင့် ချက်ချင်းပင် . . .

"ဪ . . . ဟုတ်ကဲ့ပါ။ အဲ့ဒါဆိုလည်း ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

ကြာကြာဆက်နေလျှင် အခြေအနေမဟန်မှန်းသိသည်မို့ သော်ဖြိုး အလျင်အမြန်ပင် ပြန်ဖို့ပြင်သည်။ အန်တီကြီးအားကျော၍ ဆိုင်အပြင်ရောက်စဉ်မှာပဲ ကျောဘက်ဆီမှကြားလိုက်ရသော အသံတစ်ခု . . .



www.burmeseclassic.com

www.burmeseclassic.com

"ကြည်ပြာရေ . . . ဒီပိုက်ဆံတွေကို ဦးညွန့်မောင်ဆီ ဘဏ်က သွားလွှဲပေးစမ်း"

သော်ဖြိုးခန္ဓာကိုယ် တင်းခနဲတစ်ချက်ဖြစ်သွား၏။ ခေါင်းထဲမှာ စာသားတစ်ရပ်က လင်းခနဲပေါ်လာသည်။ 'မိမိရှေ့တွင် ငွေအပေးအယူ ကိစ္စများရှိပါက နောက်နေ့သို့ရွှေ့ရန် တားမြစ်ပါ' သော်ဖြိုး ချက်ချင်းပင် နောက်ပြန်လှည့်ကာ . . .

"အန်တီ . . . ဖြစ်နိုင်ရင် ဒီပိုက်ဆံတွေကို နောက်နေ့မှလွှဲခိုင်းပါလား"

စားပွဲပေါ်တင်ထားသော ငွေပုံကြီးအားကြည့်ကာ ပြောလိုက်တော့ . . .

"ဟေ . . . ဘာဖြစ်လို့လဲ"

"ကျွန်တော် တစ်ခုခုကို သိနေလို့ပါ။ နောက်နေ့ရွှေ့လို့ရရင် ရွှေ့လိုက်ပါလား"

အန်တီကြီးပင်မဟုတ်၊ ကြည်ပြာဆိုသော ဝန်ထမ်းမလေးကပါ သူ့ကိုကြည့်သည်။ ဒီလောက်ပိုက်ဆံတွေကို ယုံယုံကြည်ကြည်နဲ့ ဘဏ်မှာ သွားလွှဲခိုင်းသည်ဆိုခြင်းဖြင့် ကြည်ပြာဆိုသောကလေးမမှာ ယုံကြည်ရ်ိ သားသော ဝန်ထမ်းတစ်ဦး ဖြစ်ပုံရလေသည်။

တုံ့ဆိုင်းနေသည်ကြောင့် သော်ဖြိုး ထပ်ပြောလိုက်သည်။

"တစ်ရက်နောက်ဆုတ်လို့ အကျိုးမယုတ်နိုင်ဘူးမလား"

သူ့ပုံစံကိုကြည့်ကာ အန်တီကြီး စိတ်ဝင်စားသွားပုံရသည်။ ဒါမှ မဟုတ် သူ့ဘက်က ထက်သန်နေသည်ကြောင့် တစ်ဖက်ကို စိုးမိုးသွား တာလည်း ဖြစ်နိုင်ပါသည်။ အန်တီကြီးက ထင်မှတ်မထားစွာ သူ့ကို သေချာကြည့်ပြီး အရေးတယူပင် . . .

"တစ်ရက်နောက်ဆုတ်လို့ အကျိုးယုတ်မလားဆိုတော့ ဘယ်လို ပြောရမလဲ။ အန်တီက တောင်ပေါ်ကလိမ္မော်ခြံတစ်ခြံကို ပုတ်ပြတ်ဝယ်



တာလေ။ ခူးလို့ရလောက်တဲ့ လိမ္မော်ခြံကို ပုတ်ပြတ်ယူပြီး အသီးဆွတ် ရောင်းတာ"

သော်ဖြိုး သဘောပေါက်ပါသည်။ ခြံပိုင်ရှင်စိုက်ပျိုးထားသော လိမ္မော်သီးများကို ပျမ်းမျှခြင်းကြည့်ပြီး ဝယ်ယူသည့်သဘောဖြစ်သည်။ ပိုင်ရှင်က အသီးဆွတ်စရာမလို။ အပင်မှာ သီးနေသည့်အတိုင်း ရောင်း ခြင်းဖြစ်သည်။ ဝယ်သူကလည်း မျက်လုံးနှင့်ကြည့်၍သာ တစ်ပင် ဘယ် နှလုံး စိတ်တွက်တွက်ပြီး ဝယ်ယူခြင်းဖြစ်၏။

အသီးပိုထွက်လျှင် ထွက်သလို ဝယ်သူက အကျိုးရှိမည်ဖြစ် သည်။

"ခြံပိုင်ရှင်နဲ့ စကားပြောဆိုပြီးသွားလို့ ဒီနေ့ ငွေတစ်ဝက်လွှဲပေး ရမှာ။ စာချုပ်ကတော့ မနက်ဖြန်ချုပ်မှာ"

အန်တီကြီးကပြောတော့ . . .

"ဖြစ်နိုင်ရင် ဒီနေ့မလွှဲပါနဲ့လား"

"မနက်ဖြန်မနက်ဆို အသီးက စခူးပြီ"

သော်ဖြိုး သက်ပြင်းကို ချလိုက်တော့၏။

"မနက်ဖြန်မနက်မှ လွှဲမယ်ဆိုရင်ရော . . ."



www.burmeseclassic.com

www.burmeseclassic.com

# XXI

ခြံရှေ့ရပ်ကာ သော်ဖြိုးရင်တွေ တဒိတ်ဒိတ်ခုန်နေပါသည်။ သူရောက်နေတာ အချိန်တော်တော်ကြာနေပြီဖြစ်၏။ ဒါပေမဲ့ ပန်းဝါတို့ပြန်လာတာကို မမြင်ရသေး။ ပန်းဝါအဒေါ်ရဲ့ ပြောစကားအရ အလုပ်ကိစ္စပြီးလျှင် အိမ်သို့ပြန်မည်ဆိုသဖြင့် သော်ဖြိုး အိမ်ရှေ့တွက်လာစောင့်နေခြင်းဖြစ်ပါသည်။

ဖုန်းဆက်သော်လည်း တောက်လျှောက် busy ဖြစ်နေသဖြင့် ဆက်သွယ်လို့မရ။ ပန်းဝါ ဘာများဖြစ်နေသနည်း။ ပြီးတော့ ဖုန်းမှာ ဘာ့ကြောင့်ဒီလောက်အကြာကြီး busy ဖြစ်နေရသနည်း။ စိတ်တွေတထင့်ထင့်ဖြစ်နေသည်။

လျှို့ဝှက်မြို့ရိုးအကြောင်းသိထားသည်မို့ တစ်စုံတစ်ရာအများအယွင်းမရှိနိုင်တာ သေချာသည်။ ပန်းဝါ တစ်ခုခုများဖြစ်နေပြီလား။ နောက်ကလိုက်ရအောင်လည်း ဘယ်သွားမှန်း သူမသိ။ နောက်ဆုံးတော့ စိတ်ပျက်ပျက်နှင့် မက်ဆေ့(ချ်)တစ်စောင်ပို့လိုက်သည်။

"ပန်းဝါ . . . ဘယ်မှာလဲ"



ထုံးစံအတိုင်းပင် မက်ဆေ့(ချ်)ထွက်သွားပေမဲ့ တစ်ဖက်မှ တုံ့ပြန်မှုမရှိပါချေ။ သက်ပြင်းလေးကြီးတစ်ချက်သာ မှုတ်ထုတ်မိတော့၏။ အိမ်ထဲသို့ကြည့်ပြန်တော့လည်း လူရိပ်လူယောင်မတွေ့။ စိတ်တွေလှုပ်ရှားလွန်းနေသည်မို့ ဆေးလိပ်တစ်လိပ်ထုတ်ကာ သောက်လိုက်ရသည်။

ဆေးလိပ်တစ်လိပ် ကျိုးမသွားခင်မှာဘဲ ထင်မှတ်မထားစွာ ဖုန်းမှာ ထမြည်လာသည်။ ကြည့်လိုက်တော့ မက်ဆေ့(ချ်)တစ်စောင် . . .

ဝမ်းသာအားရ ချက်ချင်းပင် ဖွင့်ကြည့်လိုက်တော့ . . .

"အိမ်ပြန်ရောက်နေပြီ။ ဘာမှမဖြစ်ဘူး။ စိတ်မပူနဲ့"

"ဟင် . . ."

အာမေဋိတ်သံတစ်ခုနှင့်အတူ ခြံတွင်းမှ အိမ်ကြီးဆီလှမ်းကြည့်လိုက်တော့ လသာဆောင်ပေါ်မှ လက်လှမ်းပြသော ပန်းဝါကိုတွေ့ရပါသည်။ ရင်ထဲမှအလုံးကြီးတစ်လုံး ဖုတ်ခနဲ ပြုတ်ကျသွားသည်။

"ဟူး . . . တော်ပါသေးရဲ့"

ဒါပေမဲ့ . . .

ဝရန်တာနှင့်ကွယ်နေသော ပန်းဝါခြေထောက်တစ်ဖက်ကို မြင်ရမည်ဆိုလျှင်တော့ . . .

ပတ်တီးတစ်စက ပန်းဝါ၏ခြေတစ်ဖက်ကို တင်းတင်းချည်နှောင်လို့ . . .။



www.burmeseclassic.com

www.burmeseclassic.com

အပျော်နဲ့ပြန်လာသောသူကို စိတ်မကောင်းစရာတစ်ခုက ဟိုတယ်မှ အလိုက်သင့်ဆီးကြိုနေသည်။



## XXII

ဟိုတယ်ရှေ့ရောက်စဉ်မှာပင် အတွင်းမှ လူနာတင်ကားတစ်စီးက တဝီဝီအသံပြုရင်း မောင်းထွက်သွားသည်ကို တွေ့ရသည်။ လူနာတင်ကားနောက်မှ ဟိုတယ်မန်နေဂျာနှင့် ဝန်ထမ်းနှစ်ယောက် ဆိုင်ကယ်နှင့် လိုက်သွားကြသည်။

အမှတ်မထင်လှမ်းတွေ့လိုက်ရပေမဲ့ အကုန်လုံး မျက်နှာမကောင်းကြ။ လူနာတင်ကားကတည်း တဝီဝီအော်မြည်ကာ အပြေးမောင်းသွားပါသည်။ ဘယ်သူများ ဘာဖြစ်လို့လဲ။ အတွေးနှင့်အတူ ဟိုတယ်အတွင်း ဝင်လိုက်တော့ ဝန်ထမ်းတွေအကုန်လုံး ပျာယာခတ်နေပါသည်။

မျက်နှာတွေလည်း ပျက်ယွင်းကာ တစ်စုံတစ်ရာအတွက် စိုးရိမ်ပူပန်ဟန်တွေ အထင်းသားပေါ်နေသည်။

မနေနိုင်စွာ အနီးဆုံးဝန်ထမ်းတစ်ယောက်ကို သော်ဖြူမေးလိုက်တော့ . . .

"ညီလေး . . . ဘယ်သူဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ထူးအောင် ဗိုက်အောင့်တယ်ဆိုပြီး လဲကျသွားလို့"

"ဟင် . . ."

သူ့အံ့သြမှုမဆုံးလိုက်။ ဝန်ထမ်းလေးတစ်ယောက် အပေါ်မှ ဆင်းလာကာ . . .

"ထူးအောင်ပြောသွားတယ်အစ်ကို၊ စာအုပ်ပြသွားတာ တောင်း ပန်ပါတယ်တဲ့"

"ဘာ . . ."



# XXIII

"မင်းပြောပုံအရဆိုရင် ဒီစာအုပ်က တော်တော်ကြောက်ဖို့ ကောင်းနေပြီ"

စားပွဲပေါ်မှ လှို့ဝှက်မြို့ရိုးစာအုပ်လေးအား မထိမကိုင်ရဲသလို ကြည့်ပြီး စောထူးကပြောတော့ . . .

"အဲ့လောက်လည်း မကြောက်ပါနဲ့ကွာ။ တိုက်ဆိုင်တာလည်း ဖြစ်နိုင်ပါတယ်"

စောထူးက ဘာမှပြန်မပြော။ ဒါပေမဲ့ စာအုပ်ကိုကြည့်ကာ တစ်ခွန်းထပ်မေးသည်။

"စာရွက်က တော်တော်ပြသွားလို့လား"

သော်ဖြိုး စာအုပ်ကိုလှမ်းယူကာ အတွင်းစာမျက်နှာတစ်ခုထို လှန်ပြရင်း . . .

"ဒီမှာလေး . . ."

နှစ်ခုမြောက်စာရွက်လေးမှာ ထိပ်ပိုင်း၌ တစ်လက်မသာသာ လောက်ပြနေသည်။ ပြီးတော့ စာရွက်ပေါ်၌လည်း မည်းကြင်အစွန်း



www.burmeseclassic.com

www.burmeseclassic.com

ကွက်များကို တွေ့ရ၏။ စောထူးက စာရွက်ပေါ်မှထိုအညစ်အကြေးများကိုကြည့်ကာ . . .

"အဲ့ဒါတွေက ဘာတွေပေနေတာလဲ"

"ငါ့အထင်တော့ ဆေးလိပ်ပြာတွေထင်တာပဲ။ အဲ့ဒီပြာတွေကိုခါရင်း အမှတ်မထင်ပြုသွားတာဖြစ်မယ်"

သူ့စကားကို စောထူးမှာ နားလည်ဟန်မပြ။ ထို့ကြောင့် . . .

"ဒီလိုကွ . . . ငါက ဆေးလိပ်ပြာခွက်ကို ဒီစာအုပ်ရဲ့အပေါ်ဘက်မှာထားတာ။ ထူးအောင်အခန်းရှင်းတော့ ဆေးလိပ်ပြာခွက်ကိုယူပြီး ပြာတွေကို အမှိုက်ပုံးထဲထည့်တယ်ထင်တယ်။ ပြာက နည်းနည်းများနေတော့ ခွက်ကိုယူတဲ့အချိန် စာအုပ်ပေါ်ကျသွားတာ ဖြစ်နိုင်တယ်။ စာအုပ်ကိုခါရင်းနဲ့မှ အမှတ်မထင် ပြုသွားတယ်ထင်တာပဲ"

သူ့စကားဆုံးတော့ စောထူးက သက်ပြင်းကိုချသည်။

"ထူးအောင်ကရော ဘယ်အချိန်မှာ လဲကျသွားတာလဲ။ ဒီစာရွက်ပြုပြုချင်း လဲကျတာလား"

"ငါ့အခန်းထဲကထွက်ထွက်ချင်းလို့ ပြောတာပဲ။ အခန်းတံခါးတောင် မပိတ်နိုင်ဘူးပြောတယ်။ မိုက်အောင့်တယ်ဆိုပြီး လဲသွားတာ။ တော် သေးတာပေါ့ အနီးအနားမှာ တခြားဝန်ထမ်းတွေရှိလို့။ မဟုတ်ရင် မလွယ်ဘူး"

"အခုရော အခြေအနေဘယ်လိုလဲ"

"အခြေအနေကောင်းတယ်လို့တော့ ပြောတာပဲ။ ငါလည်း အတိအကျတော့မသိဘူး"

ထို့နောက်မှာ နှစ်ယောက်စလုံး စကားစပြတ်သွား၏။ မကြာခင်မှာ စောထူးက စကားစသည်။

"မင်း ဘယ်လိုထင်လဲ။ ဒီစာအုပ်ကြောင့်လို့ ထင်လား"

သော်ဖြိုး ခေါင်းကိုရမ်းကာ . . .



"ဒီတစ်ခုတည်းနဲ့တော့ သူ့ကြောင့်လို့ တရားသေပြောလို့မရဘူးလေကွာ။ လောလောဆယ်တော့ တိုက်ဆိုင်တာလို့ပဲ ပြောရမှာပဲ"

စောထူးခေါင်းက တဆတ်ဆတ်ညိတ်သည်။ ပြီး အနည်းငယ်အတွေးနက်သွားဟန်လည်းရှိသည်။ တစ်အောင့်ကြာမှ စကားကို တစ်လုံးချင်းပြော၏။ တော်တော်ကြီးသတိထားပြောသလိုမျိုး . . .

"ဒါပေမဲ့ ဒီစာအုပ်မှာ ငါတို့မမြင်တဲ့စွမ်းရည်နဲ့ အကျိုးအပြစ်တွေရှိနေတာ သေချာတယ်"

သော်ဖြိုး ခေါင်းညိတ်ထောက်ခံလိုက်သည်။ ဒါကိုတော့ ငြင်းလို့မရ။

"လျှို့ဝှက်မြို့ရိုးနဲ့ ပတ်သက်ပြီး ငါတွေးမိသလောက် ပြောပြမယ်"

သော်ဖြိုး စိတ်ဝင်စားသွားမိသည်။ ဘယ်လိုပဲဖြစ်ဖြစ် စောထူးတွေးထင်မှုက အလကားမဖြစ်နိုင်ပါ။ ပြဿနာတစ်ရပ်တွင် တစ်ယောက်တည်းဖြေရှင်းခြင်းထက် အများနှင့်ဖြေရှင်းခြင်းက ပိုမိုထိရောက်နိုင်သည် မဟုတ်ပါလား။

"မင်းအခန်းမှာကပ်ထားတဲ့ စာတွေအားလုံးကို ငါ သေချာကြည့်ပြီးသွားပြီ။ ငါ တွေးမိသလောက် အဲ့ဒီစာရွက်တွေအားလုံးက ဗေဒင်ဟောစာတမ်းဆန်နေတယ်။ အဲ့ဒီထဲမှာ အချစ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ ငွေကြေး အားလုံးပါတယ်။ လူတစ်ယောက်မှာ ရှိသင့်ရှိထိုက်၊ ဖြစ်သင့်ဖြစ်ထိုက်တာတွေအားလုံး ပြည့်စုံနေလို့ ဗေဒင်ဟောစာတမ်းဆန်တယ်လို့ပြောတာ။ ဒါဟာ လူတစ်ယောက်ရဲ့ မနက်ဖြန်ကိုကြိုဟောထားတဲ့ ဟောကိန်းတစ်ခုပဲ"

သော်ဖြိုး ခေါင်းညိတ် ထောက်ခံလိုက်ပါသည်။ စောထူးက နောက်တစ်ခုထပ်ပြော၏။

"နောက်တစ်ခုက ဖြစ်စဉ်အားလုံးဟာ အစဉ်လိုက်မဟုတ်ဘူး ဆိုလိုတာက ပထမစာကြောင်းပြီးရင် ဒုတိယစာကြောင်းဖြစ်မယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

သဘောမျိုးမဟုတ်ဘူး။ မနက်ပိုင်းဖြစ်ပေမဲ့ နောက်ဆုံးစာကြောင်းနဲ့ အကျုံးဝင်ရင် ဝင်နေနိုင်မယ်"

"ဒါလည်း ဟုတ်တယ်"

"နောက်တစ်ခုကတော့ မင်း အရမ်းကံကောင်းတယ်။ ကမ္ဘာပေါ်မှာ ရှိရှိသမျှ လူတွေထဲမှာ ကိုယ့်မနက်ဖြန်ကို ကိုယ်ကြိုသိခွင့်ရတာ ဆိုလို့ မင်းတစ်ယောက်တည်းပဲ ရှိမယ်"

သော်ဖြိုး ပခုံးကို တွန့်မိလိုက်သည်။

"ဆယ့်တစ်ရက်တည်းပါကွာ၊ စာအုပ်မှာပါတဲ့ စာရွက်က အများကြီးမှ မဟုတ်တာ။ ဆယ့်တစ်ရွက်ပဲ ရှိတာပဲ"

"ဘာပဲဖြစ်ဖြစ်လေ တစ်သက်လုံး သိခွင့်မရတဲ့လူတွေထက်တော့ ဆယ့်တစ်ရက်သိခွင့်ရတဲ့ မင်းက ကံထူးရှင်ပဲ"

BURMESE CLASSIC .com

သော်ဖြိုး မငြင်းတော့ပါ။ ပြုံး၍သာ ခေါင်းညိတ်နေလိုက်သည်။

"ပထမ ငါ တွေးမိထားတာတော့ ဒီလောက်ပဲ။ ဒါပေမဲ့ ဒီနေ့ နောက်တစ်ခု ထပ်တိုးလာပြီ"

ပြောပြောဆိုဆို စောထူးက လျှို့ဝှက်မြို့ရိုး၏ ပြသွားသော စာရွက်ကို ကြည့်သည်။ သူ သဘောပေါက်ပါသည်။ စာရွက်ပြသွားခြင်းနှင့် ထူးအောင်ကိစ္စကို ဆိုလိုတာပါ။

"အဲဒါကို ပြောဖို့တော့ စောပါသေးတယ်"

"ဟုတ်တယ်၊ စောသေးတယ်။ ဒါပေမဲ့ ငါထင်တယ်။ အဲဒါ လုံးဝ ဆက်စပ်နေလိမ့်မယ်"

သော်ဖြိုးပြန်မဆိုမိတော့ပါချေ။ ဟုတ်လည်း ဟုတ်နိုင်သလို၊ မဟုတ်ပဲလည်း နေနိုင်ပါသည်။ ထိုအကြောင်းပြောဖို့မှာ တကယ်လည်း စောနေသေးသည် ထင်၏။ ဒါပေမဲ့ လောလောဆယ် သူ လုပ်ချင်တာ တစ်ခုတော့ ရှိနေသည်။ စမ်းသပ်ကြည့်မယ်ဆိုလျှင် ပိုမှန်ပေလိမ့်မည်။



"ထားလိုက်ပါ . . . ။ အဲ့ဒီအကြောင်းက နောက်ပိုင်း သူ့အလိုလို ထင်ရှားလာလိမ့်မယ်။ အခု လောလောဆယ်က ငါလုပ်ချင်တာတစ်ခု ရှိတယ်"

စောထူးအကြည့်တို့ သူ့ထံရောက်လာတော့ . . .

"ငါ စမ်းသပ်ကြည့်ချင်တယ်ကွာ"

"ဘာကိုလဲ . . . "

"ဆန့်ကျင်ဘက်ရဲ့ရလဒ်"

"ဘာ . . . "

နားမလည်သူကို နားလည်အောင်ရှင်းပြတာ တာဝန်တစ်ရပ်ဆိုလျှင်တော့ ထိုတာဝန်ကို သူ ထမ်းဆောင်လိုက်သည်။

"တစ်အောင့်နေရင် မနက်ဖြန်အတွက် ငါ့ရဲ့ဟောကိန်းတွေ ပေါ်လာတော့မယ်။ အဲ့ဒီဟောကိန်းတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်အောင် နေလိုက်ရင် ရလာမဲ့ရလဒ်"

စောထူးအကြည့်တို့ ဒိုင်းခနဲ ရောက်လာသည်။ ပြီး မျက်လုံးကို ပြူးကာ . . .

"တမင် မဖြစ်အောင်နေမယ်ဆိုတဲ့ သဘောလား"

"အသေအချာပဲ"

ဒီတစ်ခါတော့ သူ့ကို တည့်တည့်စူးစူး ကြည့်နေပါသည်။ စောထူးမျက်လုံးတွေက အရောင်တစ်ခုနှင့် ဝင်းလို့။ တည့်တည့်ကြည့်နေရာမှ တစ်လုံးချင်း . . .

"မင်း လုပ်ရဲ့လို့လား"

'ဟက်' ခနဲ သူရယ်လိုက်ကာ . . .

"ဆုံးဖြတ်ပြီးသွားပြီ ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

# XIV

မက်ဆေ့ချ် ပို့ပြီးသွားချိန်မှာ ဖုန်းကို ပိတ်လိုက်၏။ ပြီး အတ
တံကိုင်းပေါ် တင်ထားသော ကော်ဖီခွက်လေးကို တစ်ချက်ကြည့်ကာ
ဆိုင်ကယ်ကို စက်နှိုးလိုက်ပါသည်။ ပြီးတော့ ဂူးခနဲ မောင်းထွက်လိုက်
သည်။

ဝေလီဝေလင်းအချိန်ဆိုပေမဲ့ လမ်းပေါ်မှာ အနည်းငယ် စည်ကား
နေ၏။ လျှို့ဝှက်မြို့ရိုး၏ ဆဋ္ဌမမြောက်စာရွက်ထဲမှာ 'သင်ကြိုးစား အား
ထုတ်မှုကြောင့် ချစ်သူ၏ အသိအမှတ်ပြုခြင်းကို ခံရမည်'ဆိုတာပါသည်
ယနေ့သည် ဆန့်ကျင်ဘက်ကိုပြု၍ စမ်းသပ်မည့်နေ့ဖြစ်ရာ ပန်းဝါလ
သည်ကိုမစောင့်ဘဲ ဆိုင်ကယ်ကို မောင်းထွက်ခဲ့ခြင်းဖြစ်ပါသည်။

ချစ်သူ၏ အသိအမှတ်ပြုခြင်းကို မခံတော့။ ဟိုတယ်ရောက်
လျှင်လည်း လုပ်စရာတွေရှိသေးသည်။ အခန်းထဲ ပြန်ရောက်ရောက်ချင်း
ရေကို အရင်ချိုးလိုက်၏။ ပြီးတော့ အဝတ်အိတ်ရဲ့ ဟိုးအောက်ဆုံးထဲ
မှာထားထားသော တီရှပ်အနီကိုထုတ်ကာ ဝတ်လိုက်သည်။ အနီရောင်
ရောင်ခိုင်းထားသည့်အတွက် သူ၏ တတ်နိုင်သလောက် ဆန့်ကျင်မှုပ
ပဲ။



အဝတ်လဲပြီးချိန်မှာ စောထူးရောက်လာသည်။ စောထူးကို ကြည့်
လိုက်တော့ ပိုလို့ပင် ဆိုးသည်။ အကျႌအနီအပြင် ဦးထုပ်အနီ၊ ဖိနပ်အနီ
ကိုပါ စီးထားတော့ စောထူးခေါင်းမှ ဦးထုပ်ကိုယူကာ စောင်းလိုက်၏။
ဖိနပ်ကိုတော့ ကတ္တီပါလေးသာ ကောက်စွပ်လိုက်ပါသည်။ ဒါသည်
လည်း နီမြိုင်းမြိုင်းပါပဲ။

ထို့နောက်တော့ ကင်မရာကိုယူကာ ထွက်ခဲ့လိုက်တော့၏။ ဘာ
ပဲပြောပြော ဒီနေ့အတွက် ပုံကောင်း နှစ်ပုံ၊ သုံးပုံလောက်ရရန်တော့ ရည်
ရွယ်ထားသည်။ ဒီလိုနဲ့ စောထူးခေါ်ဆောင်ရာနောက် လိုက်ကာ ဓာတ်ပုံ
ရိုက်ခြင်းအမှုကို ပြုလိုက်တော့သည်။

တောင်ကြိုတောင်ကြား တောကြိုချုံကြားပါမကျန် လိုက်ကြည့်
ပေမဲ့ စွဲမက်လောက်ဖွယ် ပုံကောင်းမတွေ့။ ထမင်းစားတော့လည်း ငရုတ်
သီးရောင်တောက်နေသောဟင်းကို မှာစားသည်။ အနီရောင်ဖျော်ရည်ကို
သောက်သည်။ ဖရဲသီးစားသည်။ ရနိုင်သလောက် အနီရောင်ကို ရှာ
ဖွေစားသောက်ပါသည်။

လောလောဆယ် အခြေအနေထိတော့ အားလုံး အဆင်ပြေနေ
သည်။ တစ်စုံတစ်ရာ အနှောင့်အယှက်မရှိသေး။

ဒါပေမဲ့ မွန်းလွဲပိုင်းကိုရောက်တော့ တောင်ကုန်းတစ်ခုအတက်၌
သော်ဖြိုး ခြေချော်ကာကျသည်။ ဘယ်ဘက်ခြေမမှာ အနည်းငယ်ပဲ့သွား
၏။ ထို့ကြောင့် နီးစပ်ရာဆိုင်တစ်ဆိုင်မှာ ခြေထောက်ကို ရေဆေးပြီး
အနာကပ်ပလာစတာ ကပ်ရသည်။ သော်ဖြိုး ကိုယ့်ခြေထောက်ကိုယ် ငုံ့
ကြည့်ကာ . . .

"အခုလို သွေးထွက်သံယိုဖြစ်မဲ့ အကြောင်းကိုတော့ ဘာလို့ဆော်
မလာတာလဲ မသိဘူး"

"နည်းသေးလို့ နေမှာပေါ့ကွ"

ပြောပြီးစောထူးက ခပ်သော့သော့ရယ်၏။ သော်ဖြိုးလည်း လိုက်
ရယ်မိသည်။ ထိုစဉ်မှာပင် စောထူးဖုန်းမှာ ထမြည်လာသည်။ တောင်ဘီ



www.burmeseclassic.com

www.burmeseclassic.com

အိတ်ထဲမှ သူ့ဖုန်းကတော့ မြည်စရာမရှိ။ အကြောင်းတစ်ခုကြောင့် တစ်နေ့ကုန် ပိတ်ထားခြင်းဖြစ်သည်။ ဒါပေမဲ့ . . .

"သော်ဖြိုး . . . မင်းဖုန်း"

"ဘာ . . . "

တအံ့တသြဖြစ်မိတော့ . . .

"မင်းအမေဆက်တာ"

မျက်လုံးတို့ပြူးသွားကာ ကပျာကယာ ယူငင်လိုက်တော့ . . .

"ဟယ်လို . . ."

"အေး . . . သားလား"

"ဟုတ်ကဲ့ မေမေ"

သူ၏ ထူးသံဆုံးဆုံးချင်း . . .

"အမယ်လေး . . . သားရယ်၊ ဘာလို့ ဖုန်းပိတ်ထားရတာလဲ။ မေမေဖြင့် စိတ်ပူလိုက်ရတာ။ ပြင်ဦးလွင်ရောက်ပြီးတည်းက အိမ်ကို တစ်ခါမှ ဖုန်းမဆက်ဘူး။ အခု မေမေဖုန်းခေါ်တော့လည်း မရဘူး"

"သားဖုန်းက အားကုန်နေလို့ ပါ။ ဒါနဲ့ စောထူးဖုန်းကို မေမေ ဘယ်ကရတာလဲ"

"သားအခန်းထဲဝင်ပြီး ဖုန်းစာအုပ်ထဲ ရှာကြည့်တာပေါ့။ တော်သေးတယ် ရှာရှာဖွေဖွေ ဆက်လို့ရလို့။ သား နေကောင်းတယ်မလား"

"ကောင်းတယ် မေမေ။ မေမေရော . . . "

"အေး . . . အေး . . . ကောင်းတယ်။ သားကို ပြောစရာရှိလို့။ မနက်ဖြန် မင်းညီမဝတ်ရည်တို့ သူငယ်ချင်းတစ်စု ပြင်ဦးလွင်ကို လာလိမ့်မယ်"

"ဗျာ . . ."

အံ့သြရုံပင် မဟုတ်။ ခေါင်းနားပန်းပါ ကြီးသွားသည်။

"သူတို့က ဘာလာလုပ်မှာလဲ"



"အလည်လာတာပေါ့သားရဲ့။ အဲဒါ မနက်ဖြန်မနက် ငါးနာရီလောက် ပြင်ဦးလွင်ကို ရောက်လိမ့်မယ်။ သား သွားကြိုပြီး နေဖို့ထိုင်ဖို့ စီစဉ်ပေးလိုက်ချည်"

"ဟာဗျာ . . ."

စိတ်ဓာတ်ကျသွားရပါသည်။ ဝတ်ရည်ဆိုသော အရှုပ်မက ဘာလာရှုပ်ဦးမည်မသိ။

"ဘယ်နှယောက်တောင်လဲ၊ ဒီမှာ ဘယ်နှရက်နေမှာလဲ"

"ငါးယောက်လို့ပြောတာပဲ။ ပြင်ဦးလွင်မှာ ခုနစ်ရက်လောက် နေမယ်လို့တော့ ပြောတယ်။ သား သေချာစီစဉ်ပေးလိုက်နော်။ သူတို့ လျှောက်လည်ရင်လည်း လိုက်ပို့ပေးလိုက်။ ရန်မဖြစ်နဲ့နော် သား။ မေမေ ဝတ်ရည်ပြန်တိုင်တာ မကြားချင်ဘူး"

စိတ်ဓာတ်ကျလွန်းလို့ သက်ပြင်းပင် မချနိုင်တော့။ နေဖို့ထိုင်ဖို့ပင်မဟုတ်။ လည်ပတ်ဖို့ပါ စီစဉ်ပေးရဦးမည်။ သော်ဖြိုး ခေါင်းကိုသာ စိတ်ပျက်လက်ပျက် တဖျင်းဖျင်း ကုတ်မိလိုက်သည်။ မနက်ဖြန်မနက် (၅) နာရီတဲ့။

"သား . . . မေမေပြောတာကြားလား။ ကိုယ့်ညီမလေးကို စိတ်ပျက်အောင်မလုပ်နဲ့နော်။ သူတို့က တစ်ခါမှရောက်ဖူးတာ မဟုတ်ဘူး။ သားရှိနေတယ်ဆိုလို့ သားကိုအားကိုးပြီးလာမှာ"

သူငြိမ်နေမိတော့ . . .

"သား . . . သော်ဖြိုး၊ မေမေပြောတာ ကြားတယ်နော်"

နောက်ဆုံးတော့ . . .

"ဟုတ်ကဲ့ မေမေ"

"အေး . . . အေး . . . ဒါဆို မေမေဖုန်းချလိုက်တော့မယ်။ ကိုယ့်ဖုန်းကိုယ်လည်း အားသွင်းထားဦး"

ဆက်သွယ်မှု ပြီးဆုံးသွားစဉ် စောထူးက မချိမချဉ်ဖြင့် သူ့ကို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အန်တီက ဘာတဲ့လဲ"

သော်ဖြိုး သက်ပြင်းကိုချကာ အစအဆုံး ပြောပြလိုက်သည်။ ဝတ်ရည်ဆိုသည်မှာ သူနှင့် မောင်နှမဝမ်းကွဲတော်သူဖြစ်ပြီး မေမေ့အစ်မ မှမွေးထားသော တစ်ဦးတည်းသော သမီးဖြစ်သည်။ အရမ်းကလေးဆန် သလို၊ သူ့ကို အမြဲအနိုင်ယူ ဗိုလ်ကျနေကျ ကလေးမလည်းဖြစ်၏။ အသက်လည်း ငယ်သူမဟုတ်၊ တက္ကသိုလ်ပထမနှစ်သို့ပင် ရောက်နေ ပြီ။

"ဟူး . . . ဘာလာရှုပ်ဦးမည်မသိ"

ထူးထူးခြားခြားလည်း အံ့ဩမိသည်။ သူ့ဖုန်းပိတ်ထားတာ တောင် ရပ်ဝေးဖုန်းတစ်ခုက ရှောင်လွှဲလို့မရပါလား။

စကားဆုံးတော့ စောထူးက . . .

"မင်း ဘယ်လိုလုပ်မလဲ"

သော်ဖြိုး စိတ်ပျက်၊ လက်ပျက် ခေါင်းကိုခါရမ်းရင်း . . .

"မတတ်နိုင်ဘူးကွာ၊ သွားတော့ ကြိုပေးရမှာပဲ။ ကျန်တဲ့ကိစ္စ တွေတော့ မင်းကိုပဲ အားကိုးရလိမ့်မယ်"

ထိုစဉ်မှာပဲ သော်ဖြိုး တစ်စုံတစ်ရာကို သတိရလိုက်ကာ . . .

"ဟာ . . . ဟော့ကောင်၊ ဒီနေ့ ဘယ်နရက်နေ့လဲ"

"(၁၃) ရက်နေ့လေ"

သော်ဖြိုး စကားကို ရှေ့မဆက်နိုင်ဘဲ ခြေထောက်မှအနာကို ငုံ့ ကြည့်ကာ . . .

"ငါ သဘောပေါက်သွားပြီ"

"ဘာကိုလဲ"

"၄ ဂဏန်း"

စောထူး မျက်မှောင်ကုပ်သွားတော့ . . .

"တတိယ အုတ်ချပ်မှာ (၄) ဂဏန်းနဲ့ ပတ်သက်ပြီး ပါထား တယ်"



"ဟင်"

"ဟုတ်တယ်။ ဒီနေ့ (၁၃) ရက်ဆိုတော့ (၄) ဂဏန်းပဲ"

• • •

သေချာသည်ကတော့ တစ်နေကုန်သွားသည့်တိုင် ပုံကောင်း တစ်ပုံမျှ မရရှိခဲ့ခြင်းပင်။

ညနေရောက်တော့ ပန်းဝါတို့ ဆွယ်တာဆိုင်ရှေ့မှ ဖြတ်ပြန်ခဲ့ သည်။ ပန်းဝါကို မတွေ့ရပါ။ ဒါပေမဲ့ . . .

ဆိုင်ရှေ့မှာ ကားအကောင်းစားကြီးတစ်စီး ရပ်ထားသည်ကိုတော့ တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

# XXV

ညရောက်တော့ . . .

"ဘယ်လိုလဲ . . . ဟော့ကောင်၊ အပြင်ထွက်ဦးမှာလား"

နံရံရှေ့ရပ်ကာ စာရွက်တစ်ရွက်ကို ငုံ့ကြည့်နေရာမှ လှည့်လိုက်သည်။

"ထွက်မှာပေါ့ကွ၊ ငါတို့ လုပ်စရာရှိတာကို ဆက်လုပ်ရမှာပေါ့"

စောထူးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး . . .

"အခုချိန်ထိတော့ အေးဆေးပဲမလား"

"အေးဆေးပဲ"

"ဒါဆို ဘယ်သွားကြမလဲ"

သော်ဖြိုး အလျင်အမြန် စဉ်းစားလိုက်ပါသည်။ ခဏချင်းပင် နှလုံးသားရဲ့ ဘယ်ဘက်ထောင့်မှာ နေရာလေးတစ်ခုပေါ်လာတော့"

"ပန်းဝါတို့အိမ်ရှေ့ကို သွားမယ်"

• • •



ဇန်နဝါရီဆောင်းက ကြယ်ရောင် ပြိုးပြိုးပြက်ပြက်သော ညကောင်းကင်ကို အုပ်မိုးအေးမြနေသည်။ အချိန်စောသေးပေမဲ့ ယခုလို အေးစက်သော ညမျိုး၌ လူတွေက အမိုးအကာအောက်မှာသာ ကျင့်သားရနေကြသည်ထင်၏။ လမ်းပေါ်မှာ လူသူကင်းပြတ်လျက်ရှိသည်။

သော်ဖြိုးတို့ရောက်သွားတော့ ခြံဝန်းလေးတစ်ခုမှာ ဝါဖျော့ဖျော့ မီးလုံးလေးတွေထွန်းလို့ တိတ်ဆိတ်လျက်ရှိသည်။ ချစ်သူရှေ့တော်မှောက်ကို ရောက်လာခဲ့ပြီဖြစ်ပေမဲ့ ခြံဝန်းနှင့် အိမ်လေးတစ်လုံးကို ငေးကြည့်ရုံမှ တစ်ပါး သူ ဘာမှမလုပ်နိုင်ပါ။

အမှန်အတိုင်းပြောရလျှင် ပန်းဝါကို သူတွေ့ချင်နေပါသည်။ မနေ့ကပေးပို့ခဲ့သော စာလေးတစ်စောင်မှာ သူ့ဆန္ဒအမှန်ကို ဖွင့်ဟပြီးပြီမို့ တွေ့ချင်နေခြင်းလည်းဖြစ်သည်။ အချိန်စောသေးပေမဲ့ ပန်းဝါရဲ့တုံ့ပြန်မှု တစ်စုံတစ်ရာကို ရင်ဘတ်က ငံ့လင့်နေပြီဖြစ်၏။

တွေးရင်း ငေးရင်းနှင့်ပင် မက်ဆေ့ချ်တစ်စောင်ကို ပို့ဖြစ်သည်။

"အိပ်နေပြီလား"

အရှုံးအမဲသားကျွေးသလို တစ်ဖက်မှ တုံ့ပြန်မှုက ရောက်လာ၏။

"မအိပ်သေးဘူး"

သော်ဖြိုး အရဲစွန့်ကာ နောက်တစ်ကြောင်း ရိုက်ထည့်လိုက်သည်။

"အိမ်ရှေ့မှာ ရောက်နေတယ်"

ခဏချင်းပင် မီးလုံးလေးတစ်လုံး အပေါ်ထပ်မှာ လင်းသွားတာ မြင်ရသည်။ ပြီးတော့ ပြတင်းပေါက်ဖွင့်ကာ အရိပ်လေးတစ်ခု ပေါ်လာ၏။ သူ့ရဲ့နှလုံးသား ကျောက်ဆစ်ရုပ်လေးပါပဲ။ ချက်ချင်းပင် [illegible] မှာကိုင်ထားသောဖုန်းမှာ မြည်လာလေသည်။

ဖုန်းဖွင့်ဖွင့်ချင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒီအချိန်ကြီး ဘာလာလုပ်တာလဲ"

"ပန်းဝါကို တွေ့ချင်လို့"

"ကဲ . . ."

စကားလေးက တစ်ခွန်းတစ်စနှင့် ရပ်သွားသည်။ ပြတင်းပေါက်မှ သူမကိုယ်တစ်ဝက်လေးအား မြင်ရသည်မို့ ရင်ထဲမှာ မချင့်မရဲဖြစ်မိ၏။ မီးရောင်နောက်ခံနှင့် သူမ ဖုန်းပြောနေပုံမှာ ဗီသိုဗင်၏ တေးသွားတစ်ပုဒ်လို သူ့ရင်ကို တနုံ့နုံ့ ချည့်နဲ့စေ၏။

"အပြင်မှာ မအေးဘူးလား"

"ဟင့်အင်း . . . ရင်ထဲမှာ နွေးနေတာပဲ"

အတော်လှမ်းပေမဲ့ သူမ ပြုံးသွားတာကို မပီဝိုးတဝါးမြင်ရ၏။ တကယ်ပါပဲ ရင်ထဲမှာ တအုံ့နွေးနွေးဖြစ်နေသည်။

"ကိုယ်ပို့ပေးတဲ့ကော်ဖီကို ပန်းဝါ သောက်ရဲ့လားဟင်"

"မသောက်ပါဘူး"

"ဟင် . . ."

"မျိုချတယ်"

ပြီးတော့ သူမရဲ့ ရယ်သံလွင့်လွင့်လေးကို ဖုန်းထဲမှာ ကြားရသည်။

"ဘာလဲ . . . ကော်ဖီက ခါးနေလို့လား"

"မဟုတ်ဘူး . . . ။ ပုံတောင်ပုံညာကလာတဲ့ ကော်ဖီမဟုတ်လို့"

ရင်ထဲမှာ ရှိန်းမြသွားတာ မပြောလိုက်ပါနှင့်။ သူမအသံလေးက ချိုအီပျောင်းနွဲ့ကာ သူ့စိတ်ကို တစ်မျိုးတစ်မည် ဖွဲ့ဆောင်နေသည်။

"ကိုယ့်စာကို ဖတ်ပြီးသွားပြီပေါ့နော်"

"ဘာလဲ . . . လွန်ခဲ့တဲ့ နှစ်သန်းပေါင်းလေးဆယ်လောက်တုန်းက ရည်းစားစာလား"



သေချာပါသည်။ လိပ်ပြာလေးမှာ စကားလုံးလှလှလေးတွေနှင့် သူ့နှလုံးသားကို စုတ်ယူနေပေပြီ။

"ရှေးဟောင်းဆန်ပေမဲ့ နှလုံးသားအသစ်နဲ့ ရေးထားတာပါကွာ"

"အဲ့ . . ."

မပီမသ အသံလေးပြုရင်း သူ့ကိုလှမ်းကြည့်နေတာ တွေ့ရသည်။ လိပ်ပြာလေးရဲ့ အကြည့်တွေက သူ့ကိုယ်ပေါ်မှာ နက်နက်စူးလို့။ ဖုန်းကို နားမှာကပ်ထားရင်းနှင့် သူ ပြန်မော့ကြည့်မိသည်။ ကောင်မလေးရယ် စကားလုံးတွေ မဖွဲ့နွဲ့ပါနဲ့တော့။ ကိုယ့်နှလုံးသားက မင်းနဲ့မတွေ့ခင်ကထိ အသစ်စက်စက်ပါကွာ။

ပြတင်းဝမှာ တစ်ဝက်တစ်ပျက်နေလာသော လိပ်ပြာလေးရဲ့ ကိုယ်ခန္ဓာသေးသေးလေးကိုကြည့်ရင်း ထွေးပွေ့ချင်စိတ်တွေ တဖွားဖွားဖြစ်ပေါ်နေသည်။ လိပ်ပြာလေးရယ် ဖြစ်နိုင်ရင် ကိုယ့်ဆီ ပျံဝဲလာပါလား။

ဒါပေမဲ့ လိပ်ပြာလေးက ပါးနပ်လွန်းစွာ စကားလမ်းကြောင်းကို သိသိသာသာ လွှဲသွားသည်။

"ဒေါ်လေးကတောင် သူ့ကို မေးနေသေးတယ်၊ တွေ့ချင်လို့တဲ့"

"ဘယ်လို . . ."

နားမလည်စွာ ပြန်မေးလိုက်တော့ . . .

"ဟုတ်တယ်။ ဒေါ်လေးက သူ့ကို တွေ့ချင်တယ်ဆိုလို့ နေ့လယ်ကတောင် ဖုန်းဆက်သေးတယ်။ သူ့ဖုန်းက ပိတ်ထားတယ်နော်"

"ဩော် . . . အင်း . . . ဟုတ်တယ်"

"ပြီးတော့ ပန်းဝါလည်း သူနဲ့ စကားပြောချင်နေတာ"

"ဘုရားရေ . . ."

နားကြားများ လွဲလိုက်သလား၊ ကိုယ့်ကိုယ်ကိုယ် ပြန်[illegible]ပေမဲ့ သေချာပါသည်။ သူမ တကယ်ပြောလိုက်တာပါ။ လိပ်ပြာလေးက သူနဲ့ စကားပြောချင်တယ်ဆိုပါလား။ ဘာများပါလိမ့်[illegible]



www.burmeseclassic.com

www.burmeseclassic.com

"အခုပြောလေ . . ."

"ဟင့်အင်း . . . အခု မပြောချင်ဘူး။ နောက်နေ့မှ သေချာ တွေ့ပြီး ပြောမယ်"

ကောင်းကင်မှာ လတွေ အစင်းတစ်ရာလောက်သာကာ ကြယ်တွေ သူ့ကိုယ်ပေါ် တဖြုတ်ဖြုတ်ကြွေကျလာသည် ထင်မိသည်။

တွေ့ချင်တာပေါ့ကွယ်။ မင်းနဲ့အတူထိုင်ပြီး စကားတွေ အများကြီး ပြောချင်တာပေါ့။ မင်းရဲ့ ဖြူစင်လွန်းတဲ့ မျက်နှာလေးကိုကြည့်ပြီး ကမ္ဘာပေါ်က မိန်းမတွေအားလုံးကို ပြက်ရယ်ပြုချင်တာပေါ့။



ကောင်မလေးရယ် . . .

မင်းကို ချစ်တာ ပထမ၊ ဒုတိယနဲ့ တတိယအားလုံး
မင်းရဲ့ဖြူစင်မှုလေးတွေပါ။
အရောင်အသွေးတွေ၊ မာန်၊ မာန၊ အတ္တတွေ
စွန်းထင်းနေတဲ့ မျက်နှာတွေအားလုံးကို ကြည့်ပြီး
စိန်ခေါ်ရတယ်။
မင်းထက်လှပေမဲ့ . . .
သူတို့ မင်းလောက် မဖြူစင်ကြဘူး။



www.burmeseclassic.com

www.burmeseclassic.com

# XXVI

အခုခေတ်ကြီးမှာ အရောင်အသွေးမရှိ၊ လိုချင်တပ်မက်မှုမရှိ၊ မာန်မာနနဲ့ပြိုင်ဆိုင်မှုတွေမရှိတဲ့မျက်နှာ တော်တော်ရှားသွားပြီ ကောင်မလေးရဲ့။

ကိုယ်တောင် ကံကွက်ကြားပြီး မင်းရဲ့ ဖြူစင်ကြည်လင်မှုလေးတွေကို ရှာတွေ့ခဲ့တာပါ။

“ဘယ်တော့ တွေ့မှာလဲ”

သူမရဲ့ အဖြေစကား ထွက်မလာခဲ့ပါ။ သူမကပဲ မပြောတာလား။ သူပဲ မကြားတာလား။ ဒါမှမဟုတ် တိုက်တိုက်ဆိုင်ဆိုင် ဝင်ရောက် နှောင့်ယှက်လိုက်တဲ့ ကားမီးရောင်ကြီးတစ်ခုကြောင့်လားမသိပါဘူး။

ကားကြီးတစ်စီးက ရှေ့မီးနှစ်လုံးကို စုံထိုးရင်း သူ့ရှေ့မှာ ‘ကျွီ’ ခနဲ ရပ်သွားသည်။ နှောင့်ယှက်သူ တရားခံကို သော်ဖြိုး လှည့်ကြည့်လိုက်တော့ . . .

ချက်ချင်းပင် မှတ်မိလိုက်ပါသည်။ ညနေက ပန်းဝါတို့ ဆွယ်တာဆိုင်ရှေ့မှာ တွေ့ခဲ့သော ကားအကောင်းစားကြီးပါ။



ခပ်ပြင်းပြင်း တံခါးတွန်းဖွင့်သံနှင့်အတူ အလျှိုလျှိုဆင်းလာကြသော လူအချို့၊ အားလုံးပေါင်းလေးယောက်၊ လေးယောက်လုံးကို သူမသိပါ။ မောင်းသူနေရာမှ ဆင်းလာသော သားသားနားနားတစ်ယောက်က ရှေ့တိုးလာပြီ။

“မင်းသမီး အိမ်ရှေ့မှာ လာကြွေပြနေတဲ့ မင်းသားအသစ်နဲ့ တူတယ်ကွ”

ထိုပုဂ္ဂိုလ်စကားကြောင့် နောက်မှလိုက်လာသူ လူမိုက်ပုံစံသုံးယောက်က ရယ်ကျဲကျဲလုပ်သည်။

ထိုပုဂ္ဂိုလ်ကပင် ရှေ့သို့ တစ်လှမ်းထပ်တိုးလာကာ . . .

“မင်းဘယ်သူလဲ၊ ဒီမှာ ဘာလုပ်နေတာလဲ”

မေးပုံက လုံးဝ ရင့်လွန်းသည်မို့ သော်ဖြိုး ထောင်းခနဲ ဒေါသထွက်သွား၏။ ဒါပေမဲ့ ကိုယ့်နေရာမဟုတ်သည်မို့ စိတ်ကိုလျှော့ကာ

“ကောင်မလေးနဲ့ ဖုန်းပြောနေတာ”

သကောင့်သားမျက်နှာ တည်သွားသည်ကို တွေ့ရ၏။ စောထူးကိုလှမ်းကြည့်တော့ ခပ်လှမ်းလှမ်းမှောင်ရိပ်ထဲ၌ ဆိုင်ကယ်ပေါ်မှာ ထိုင်နေသည်။ သူ့ကိုသာ မဲနေသော လေးကောင်လုံး စောထူးကို မြင်ဟန်မတူ။

“မင်း ကောင်မလေးက ဒီအိမ်ကလား”

“ဟုတ်တယ်”

သူ ပြန်ဖြေလိုက်တော့ သကောင့်သားက နောက်လိုက်နောက်ပါတွေဘက်လှည့်ရင်း . . .

“သူ့ကောင်မလေးက ဒီ အိမ်ကတဲ့ ဟေ့ကောင်တွေရေ . . . ဟား . . . ဟား . . .ဟား . . .”

သော်ဖြိုးစကားအား ဟာသတစ်ပုဒ်လို ဝိုင်းရယ်ကြ၏။ သူကိုယ်တိုင်ကတော့ အခြောက်တိုက်ဝိုင်းရယ်သော လူလေးယောက်ကို ကြည့်ပြီး အံ့အားသင့်မိသည်။ ထိုစဉ်မှာပင် ရှေ့ဆုံးပုဂ္ဂိုလ်က အရယ်ကိုရပ်ပြီး သူ့နှင့်



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာချင်းဆိုင်ထိလုမတတ် တိုးလာကာ . . .

"မင်း ဒီနေရာကနေ အမြန်ဆုံး ထွက်သွားရင်ကောင်းမယ်"

ဒီလို အမိန့်ပေးမှုမျိုးကို တုံ့ပြန်နေကျ အပြုံးတစ်ခု မျက်နှာမှ ခနဲ့တဲ့တဲ့ ထွက်သွားသည်။ ကားမီးကြီး ရှေ့တည့်တည့်မှာ ဖြစ်နေတာမို့ အိမ်ပေါ်မှ ပန်းဝါလည်း မြင်နေမှာ သေချာသည်။ ဖုန်းကိုတော့ အခြေ အနေ တစ်မျိုးတစ်မည်ပြောင်းကတည်းက ပိတ်လိုက်တာမို့ သူတို့ပြော စကားတွေကို ပန်းဝါ ကြားရမှာ မဟုတ်။

သော်ဖြိုး 'ဟက်'ခနဲ တစ်ချက်ရယ်ကာ . . .

ဒီလမ်းက နိုင်ငံတော်အပိုင်လို့တော့ ထင်တာပဲ။ လမ်းထိပ်မှာ လည်း မင်းနာမည် ထိုးထားတာ မတွေ့မိဘူး။ ဒါနဲ့ မင်းနာမည် ဘယ်လို ခေါ်လဲ"

"ဘာကွ"

သကောင့်သားလက်က သူ့အင်္ကျီလည်ပင်းအား လှမ်းဆွဲချိန်

"ဟေ့ကောင် ရန်နောင် . . ."

ခပ်ကျယ်ကျယ် လှမ်းအော်ကာ စောထူးက ကားမီးရောင်အောက် သို့ တစ်လှမ်းချင်း လျှောက်လာသည်။ ရန်နောင်ဆိုသူ တုံ့ဆိုင်းသွားကာ အသံလာရာဆီ လှည့်ကြည့်သည်။ စောထူးကိုတွေ့တော့ မျက်နှာပျက် ကာ ကိုယ်ရှိန်သပ်သွား၏။ စောထူးက ခပ်တည်တည်ပင် ရှေ့တွဲကျသွား သော သော်ဖြိုးအင်္ကျီစကို နောက်ဘက်သို့ ပြန်ဆွဲကာ . . .

"ဒါ ငါ့သူငယ်ချင်း"

"သြော် . . . မင်းကို"

အခုမှ သေချာမြင်လိုက်ရသလို စောထူးကိုကြည့်ကာဆိုတော့-

"အေး . . . ဟုတ်တယ်"

ရန်နောင်ပင် မဟုတ်၊ နောက်ဘက်မှ လူမိုက်သုံးယောက်လည်း စောထူးကိုမြင်တော့ ကိုယ်ရှိန်သပ်သွားသည်ကို တွေ့ရ၏။

"အေးဆေးပေါ့ကွာ၊ ပါးစပ်နဲ့ပြောလည်း ရပါတယ်"



ခါးထောက်ကာ ဖြည်းဖြည်းချင်းပြောသော စောထူးစကားကို-

"ဟေ့ကောင် . . . မင်းသော်ဒါ ဘယ်ကကောင်လဲ။ စကားပြော တာ နားဝင်မချိုဘူး"

သူနှင့်စောထူး တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးမိ သည်။ စောထူးဇကို ကျောင်းကတည်းက သိထားသူမို့ ဒီနေရာမှာ စောထူး ဘာဆိုတာ သူသဘောပေါက်လိုက်၏။ ထိုစဉ်မှာပင် လက်ထဲမှဖုန်းမြည် လာတော့ . . .

"ခဏလေးကွ ငါ့ချစ်သူဆီက ဖုန်းလာနေတယ်"

ရိစောင်းစောင်းပြောကာ အိမ်လေးဆီလှမ်းကြည့်ပြီး ဖုန်းကို ဖွင့် လိုက်သည်။ ရန်နောင်ဆိုသူမှာ သူ့ကို စားတော့ဝါးတော့မတတ် မီးဝင်း ဝင်းတောက်ကြည့်လို့ . . .

"ပြန်တော့"

စကားလေးနှစ်လုံး ထင်မှတ်မထားစွာ တုံးတိတိ ထွက်လာသည်။ အနည်းငယ် အမိန့်ပေးသံ ဆန်နေသည်ဖြစ်ရာ . . .

"ဘာပြောတာလဲ"

သူ့ဘက်က ခပ်ဆတ်ဆတ် ပြန်မေးလိုက်မှ . . .

"ပန်းဝါကိုချစ်ရင် ပြန်ပါတော့နော်၊ မနက်ဖြန် ဖုန်းဆက်လိုက် မယ်။သိလား။ အဲ့ဒီကောင်နဲ့ ရန်ဖက်မဖြစ်နဲ့။ သူတို့က လူမိုက်တွေ"

ရင်ထဲမှာ ဘာကြောင့်မှန်းမသိ၊ ကြည်နူးသွားရကာ အိမ်အပေါ် ထပ်ဆီ လှမ်းကြည့်မိပါသည်။ ယခုအချိန်ထိ ပန်းဝါ အရိပ်လေးက ပြတင်း တံခါးမှာ ထင်ဟပ်နေဆဲ။

"ပန်းဝါစကားကို နားထောင်ပါနော်၊ သူ ပြန်လိုက်တော့"

ရပါတယ်။

ကြည်နူးစိတ်တွေနှင့် ဖုန်းကို ချပစ်လိုက်သည်။ ဒီလောက် လျှင်ဖြင့် ပန်းဝါသဘောထားကို နားလည်လိုက်ပြီ မဟုတ်ပါ ကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"စောထူး . . . ပြန်ရအောင်ကွာ"

သူ့မျက်နှာကိုကြည့်ပြီး စောထူးက သဘောပေါက်စွာ ခေါင်းကို ညိတ်သည်။ ပြီးတော့ မလိုတမာမျက်လုံးတွေနှင့် ကြည့်နေသော ရန်နောင်နှင့် ဘက်တော်သားများဘက်လှည့်ရင်း . . .

"နောက်မှ တွေ့ကြတာပေါ့ကွာ၊ ငါတို့ သွားတော့မယ်"

သူတို့နှစ်ယောက် ကားမီးရောင်အောက်မှ တစ်လှမ်းချင်း ထွက်ခဲ့လိုက်ပါတော့၏။ အားလုံး ရှောရှောရှူရှူပါပဲ။

လမ်းမှာ ဆိုင်ကယ်မောင်းရင်း စောထူးက အကြောင်းစုံကို ပြောပြသည်။

"ရန်နောင်ဆိုတဲ့ကောင်က မန္တလေးက။ သူ့မိဘတွေက မန္တလေးမှာ တော်တော်ချမ်းသာတယ်။ ပြီးခဲ့တဲ့သင်္ကြန်တုန်းက ဒီပြင်ဦးလွင်မှာပဲ ငါနဲ့ငြိဖူးတယ်။ ငချွတ်ပါကွာ။ နောက်လိုက်တွေအရှိန်နဲ့ မိုက်နေတာ။ ဘာကောင်မှမဟုတ်ဘူး"

ဒီလိုကောင်မျိုးကို သူလည်း ဘာကောင်မှ သဘောမထားပါပေ။ ဒါပေမဲ့ စောထူး၏ နောက်ထပ်စကားတစ်ခွန်းကတော့ စဉ်းစားဖို့ကောင်းသည်။

"မင်း ပန်းဝါနဲ့တော့ တစ်နည်းနည်း ပတ်သက်လိမ့်မယ်ထင်တယ်"

ဟုတ်မှာပါ။ ပတ်သက်မှုရှိလို့လည်း သူ့ကို အသားလွတ် ရန်လာရှာတာနေမှာပေါ့။ ဆိုင်ကယ်မောင်းနေရင်းနှင့်မို့ ဘာမဆိုင်၊ ညာမဆိုင် စောထူးက တဟားဟားအော်ရယ်သည်ကြောင့် . . .

"ဟေ့ဟောင် . . . ဘာရယ်တာလဲ"

စောထူးအဖြေက ရှင်းပါသည်။ ရိုးရိုးလေး . . .

"လျှို့ဝှက်မြို့ရိုးကို သတိရမိလို့ပါ"



## ဆဋ္ဌမအတ်ချပ်

အနီရောင်ရောင်ပါ။

အတိုက်အခံရှိမည်။ ရပ်ဝေးမှ ဖုန်းအဆက်အသွယ်ရမည်။ ထိုကိစ္စကြောင့် သင် ဗျာများရလိမ့်မည်။

ညဘက် အပြင်ထွက်ခြင်းကို ရှောင်ပါ။

ကာလအတန်ကြာ မြုပ်နေသော ဝေဒနာဟောင်းများ ပြန်ပေါ်တတ်သည်။

သင်၏ကြိုးစားအားထုတ်မှုကြောင့် ချစ်သူ၏ အသိအမှတ်ပြုခြင်းကို ခံရမည်။

ခေတ်ပုံကောင်းများ မရနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အတွေ့အကြုံအရ အမှားအယွင်းမရှိခဲ့ပါပေ။ ဒါပေမဲ့ နောက်ကျ ပြီး မှ ဖြစ်လာတာ တစ်ခုကိုလည်း ထည့်သွင်း အသိအမှတ်ပြုရမည် ဖြစ်သည်။

အဲဒါက . . .

အနီရောင်ပါသော ငရုတ်သီးစပ်တွေကိုပဲ စားလို့လား။မတည့် သော ဖျော်ရည်တွေပဲသောက်လို့လား မသိ။

ကာလအတန်ကြာပျောက်နေသော အံစာအိမ်ရောဂါမှာ ပြန် လည်ထကြွလာသည်။ ရေချိုးခန်းတွင်းဝင်၍ နှစ်ခါလောက် အန်ပြီးသွား ချိန်မှာတော့ လှိုင်ဟုက်မြို့ရိုးစတင်ရန် အချိန်က ရောက်ရှိလာပါတော့ သည်။

ဆယ့်နှစ်နာရီ ထိုးတော့မည်။





ဝမ်းမိုက်ဒုက္ခပေးမည်။

လုပ်စရာရှိသည်များကို ကိုယ်တိုင်ပြုလုပ်မှ အဆင်ပြေနိုင်မည်။

နေမွန်းမတည့်မီထိ သင့်ကံမှာ အကောင်းဘက်တွင်ရှိသည်။ မွန်း လွဲပိုင်းအပြင်မထွက်သင့်။

ကံကြမ္မာအကူးအပြောင်းတွင် အနေအထိုင် ဆင်ခြင်ပါ။

မနာလိုသူရှိနေသည်။ သတိထားပါ။



www.burmeseclassic.com

www.burmeseclassic.com

# XXVII

"ခွပ် . . ."

"ဟာ . . . ကုန်ပြီ"

စောထူး ခေါင်းနားပန်းကြီးသွားပါသည်။ ကော်ဖီခွက်လေးက မြေပေါ်တွင် တုံးလုံးပက်လက်လဲကာ ကော်ဖီတွေ မြေကြီးပေါ်မှာ ကျဲပြန့်ကုန်၏။ ဖြစ်ပျက်သွားသော လွဲမှားမှုကို ကြည့်ပြီး စောထူး မှင်တက်သွားသည်။

စိတ်ပျက်လက်ပျက် ဘေးဘီကို ကြည့်လိုက်တော့ မနက်တော်တော် လင်းချင်းနေပြီ။ ခက်ပြီ၊ သော်ဖြိုးစေခိုင်းမှုအရ မနက်တိုင်းတာဝန်ကို ဒီနေ့တစ်ရက်စာ သူ လွှဲပြောင်းယူထားခြင်းဖြစ်၏။ သော်ဖြိုးမှာတော့ ရန်ကုန်က လာမည့် ညီမတွေအုပ်စုကို ကားဂိတ်မှာ သွားကြိုနေရသည်။ ဘယ်လိုလုပ်ရမလဲ။

မှာထားသည့်အတိုင်း ခွက်ကို ဆိုင်ကယ်ပေါ်တင်ကာ ကော်ဖီလောင်းထည့်စဉ် နှင်းဖြင့် ချော်ကာ ပြုတ်ကျသွားခြင်းဖြစ်ပါသည်။ ကော်ဖီတွေ ပြောင်စင်အောင် တုံးလုံးပက်လက်လဲနေသော ကော်ဖီခွက်လေးကို



ကြည့်ကာ စောထူး ဆုံးဖြတ်ချက်တစ်ခုကို အလျင်အမြန်ချလိုက်၏။ ချက်ချင်းပင် ဆိုင်ကယ်ပေါ်တက်ကာ အနီးဆုံး လက်ဖက်ရည်ဆိုင်ဆီသို့ . . .

လက်ဖက်ရည်ဆိုင်ကိုတွေ့တော့ ဆိုင်တွင်းသို့ အလျင်အမြန်ဝင်ကာ ခုံသုတ်နေသော စားပွဲထိုးအား

"ညီလေး ကော်ဖီတစ်ခွက်လောက် မြန်မြန်လေးလုပ်ပါ"

"အစ်ကို . . . ကျွန်တော်တို့ဆိုင်က ကော်ဖီမရဘူး။ လက်ဖက်ရည်ပဲ ရတယ်"

စိတ်ဓာတ်ကျသွားရပါသည်။ အနီးအနားမှာလည်း တခြားလက်ဖက်ရည်ဆိုင်မရှိ။ အချိန်ကိုကြည့်လိုက်တော့ မနက် ခြောက်နာရီ ခွဲပြီးသွားပြီ။ အိပ်ရာထနောက်ကျ၍ မိုးလင်းမှ ပန်းဝါတို့ခြံရှေ့ကို ရောက်သည်။ ခြံရှေ့ရောက်တော့ ကော်ဖီခွက်က မှောက်ကျသည်။ အခု လက်ဖက်ရည်ဆိုင်မှာ ကော်ဖီလာဝယ်တော့ ကော်ဖီက မရ။

မနက်ခင်းက ဝေလီဝေလင်းကို အများကြီး ကျော်လို့နေပြီ။ မတတ်နိုင်တော့။

"အေးကွာ . . . လက်ဖက်ရည်ရလည်း လက်ဖက်ရည်သာ လုပ်တော့"

နောက်ဆုံးမှာတော့ ပန်းဝါတို့ခြံရှေ့ အုတ်တံတိုင်းပေါ်မှာ ခွက်လေးတစ်ခွက် ရောက်သွားခဲ့ပါသည်။ ကော်ဖီတော့မဟုတ်။ ဆိုင်ကဖျော်ပေးလိုက်သည့် ဆိုင်ဖျော်လက်ဖက်ရည်။

ဒါပေမဲ့ အစဉ်အလာမပျက် သော်ဖြိုး ဖုန်းနှင့်ပန်းဝါဆီသို့ မက်ဆေ့ချ် တစ်စောင်ရိုက်ထည့်လိုက်သည်။ အရင်လို morning coffee တော့မဟုတ်၊ နေရာဒေသ အပြောင်းအလဲလေးတော့ရှိသည်။

"Morning Tea ရပြီ"

• • •



www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ပြီး စောထူးကို မျှော်နေမိသည်။ ခုနစ်နာရီခွဲပြီးနေပြီ။ စောထူးပေါ်မလာသေး။ ဘာများ ဖြစ်နေလို့လဲ။ သော်ဖြိုးစိတ်ပူနေမိပါသည်။ အဆင်မပြေမှုများ ဖြစ်လို့လား။ ဒါမှမဟုတ် တစ်ခုခုများ လွဲချော်နေတာလား။

သူ ဟိုတယ်ကိုရောက်တာ ကြာလှပြီ။ ဝတ်ရည်တို့အုပ်စုပင် ယခုချိန်ဆို ယူထားသောအခန်း၌ ကိုယ်စီအိပ်နေကြလောက်ပြီ။ စောထူး ဘာလို့ ရောက်မလာသေးတာလဲ။ လမ်းလျှောက်လိုက်၊ နာရီကြည့်လိုက်၊ ဟိုတယ်အပြင်ဘက်ကို လှမ်းမျှော်ကြည့်လိုက်နှင့် ရှစ်နာရီ ထိုးခါနီး လောက်မှာ စပ်ဖြီးဖြီးမျက်နှာနှင့် စောထူးရောက်လာပါသည်။

စောထူးအား တွေ့တွေ့ချင်း . . .

"ဟေ့ကောင် . . . ဘယ်လိုလဲ၊ အဆင်ပြေလား"

စောထူးက အောင်နိုင်သူစစ်သူကြီးတစ်ယောက်လို ဂုဏ်ယူဝံ့ ကြွားစွာ ပြုံးရင်း . . .

"စောထူးပါကွ၊ ဒီလောက်ကတော့ အေးဆေးပါ"

ပုံစံနှင့်စကားကြောင့် ရင်ထဲမှ အလုံးကြီးတော့ ကျသွားသည်။ ဒါပေမဲ့ . . .

"ဒါဆို ဘာလို့ နောက်ကျနေတာလဲ၊ မင်းအခုမှ သွားပို့တာ မလား"

သူ့စကားကြောင့် စောထူးက စိတ်မရှည်သလို ခေါင်းကို ရမ်းရင်း

"ကျွတ် . . . မင်းကလည်း အဓိပ္ပာယ်မရှိတာ။ ပန်းဝါတို့ခြံရှေ့ ကို ပို့ပြီးတာ ကြာလှပြီ။ မင်းထက်တောင် စောဦးမယ်။ နောက်ကျတာ က ငါ လမ်းမှာ လက်ဖက်ရည်ဝင်သောက်နေလို့"

ခပ်တည်တည်ပြောသည်ကြောင့် သော်ဖြိုး ထပ်မမေးတော့။ စောထူးက မျက်နှာသေဖြင့် . . .

"မင်းညီမတွေရော ရောက်နေပြီလား၊ ရော့ . . . မင်းဖုန်း"

စောထူးပေးသော ဖုန်းအား လှမ်းယူပြီး . . .

"အခုချိန်ဆို အိပ်တောင်ပျော်နေလောက်ပြီ"



ထိုစဉ်မှာပင် ဖုန်းလေးက လက်တွင်းမှာ တုန်သွားသည်။ သော်ဖြိုး ကြည့်လိုက်တော့ . . .

"ဟာ . . . ပန်းဝါပါလား"

ရင်တွင်းမှာ ပျော်သွားပေမဲ့ စောထူးကတော့ မျက်နှာငယ်သွား၏။ မသိမသာ ပျက်အက်အက်ဖြစ်သွားသော စောထူးမျက်နှာကိုတော့ သော်ဖြိုး မမြင်လိုက်။ ထိုအခိုက် . . .

"ဒီနေ့တော့ ထူးထူးဆန်းဆန်းပါလား"

"ဟင် . . . ဘာဖြစ်လို့လဲ"

"သူက အပြောင်းအလဲလေးတွေ ဖန်တီးတတ်သားပဲ။ မဆိုးပါဘူး။ သူလာပို့တဲ့လက်ဖက်ရည်က သောက်လို့ကောင်းပါတယ်"

"ဘာဖြစ်တယ်"

နားမလည်နိုင်စွာ သူ့အသံ ကျယ်သွားတော့ . . .

"ဘာဖြစ်လို့ ထအော်တာလဲ"

တစ်ဖက်မှ ပန်းဝါရဲ့ အသံလေးက ပြုံးစုစုထွက်လာတော့ . . .

"ပန်း . . . ပန်းဝါ ဘာပြောလိုက်တာလဲဟင်၊ မကြားလိုက်လို့ ပြန်ပြောစမ်းပါ"

"သြော် . . . ဒီနေ့မနက် သူလာပို့ပေးတဲ့ လက်ဖက်ရည်က သောက်လို့ကောင်းတယ်လို့"

"ဟင် . . . ကော်ဖီမဟုတ်ဘူးလား"

ကြောင် တောင်တောင်ပြောရင်း စောထူးကိုကြည့်မိတော့ သကောင့်သားက မျောက်မကြီး ဝမ်းချုပ်သလို ပြောင်စပ်စပ်ဖြဲကာ မျက်နှာချိုသွေးသည်။

"ဟီး . . ."

သော်ဖြိုး မျက်လုံးပြူးသွားစဉ်မှာပဲ . . .

"ကဲ . . . မနက်စောစောစီးစီး လာနောက်မနေနဲ့၊ [illegible] လောက် ဆိုင်ကို လာခဲ့ပါလား။ ဒေါ်လေးနဲ့ မိတ်ဆက်[illegible]၊ [illegible] လည်း သူ့ကို ပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီနှင့်လက်ဖက်ရည် ဝေခွဲခက်နေသည်မို့ ဘာပြန်ပြောလို့ ပြောရမှန်းမသိ။ ပါးစပ်ကတော့ အဆင်ပြေရာ ထွက်သွားသည်။

"ဩော် . . . အင်း . . . ဟုတ် . . . ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ။ သော်ဖြိုး ဘာတွေဖြစ်နေတာလဲ"

သူမရဲ့ အသံစူးစူးကို ကြားရပြီးနောက်မှာတော့ အခြေအနေမှန်ကို သဘောပေါက်သွားပါသည်။ စိတ်နှင့်လူလည်း ပြန်ကပ်မိသွား၏။

"ဩော် . . . မဟုတ်ပါဘူး။ ပန်းဝါတို့ဆိုင်ကို လာခဲ့မယ်လို့ ပြောတာပါ"

"အဲဒါဆိုလည်း ပြီးရော၊ ဖုန်းချလိုက်တော့မယ်။ လက်ဖက်ရည် လာပို့ပေးတဲ့အတွက် ကျေးဇူးနော်"

ပြောပြီး ဖုန်းချမယ်ပြင်တော့ ပိုသေချာအောင်

"ပန်းဝါ ခဏလေး၊ ဒီနေ့မနက်လာပို့တာ ကော်ဖီမဟုတ်ဘူး၊ လက်ဖက်ရည်နော်"

သူမဘက်မှ စိတ်မရှည်တော့စွာ အသံတစ်ခု ချွန်ထွက်လာလေသည်။

"ကဲ . . . သော်ဖြိုး . . . ဘာဖြစ်နေတာလဲ။ ကိုယ်တိုင်လာပို့ပြီး ကော်ဖီလား၊ လက်ဖက်ရည်လား မသိဘူးလား။ ကြောင်တောင်တောင်နဲ့"

ပြောပြီး သူမဘက်မှ ဖုန်းကို ဂွပ်ခနဲ ချသွားပါသည်။ မီးဝင်းဝင်းတောက်မျက်လုံးတွေနှင့် စောထူးကိုလှမ်းကြည့်တော့ . . .

"အဟီး . . . ပန်းဝါက ဘာတဲ့လဲ"

မပြောမဆို နားရင်းကို ပိတ်အုပ်ကာ . . .

"ခွေးသား၊ မင်းကြီးတော်ကြီး အဆင်ပြေတာလား"

စိတ်ရှိလက်ရှိကို ဆဲရေးပစ်လိုက်သည်။



# XXVIII

"ဒါ ပန်းဝါရဲ့ ဒေါ်လေး၊ နာမည်က ဒေါ်လေးသိင်္ဂီတဲ့"

"ဟုတ်ကဲ့၊ ကျွန်တော့်နာမည် သော်ဖြိုးဝေပါ"

"အေးပါကွယ်၊ နာမည်ကို မမှတ်မိပေမဲ့ လူကိုတော့ သေချာမှတ်မိပါတယ်"

ဒေါ်လေးသိင်္ဂီစကားကြောင့် သူ ရှိရှိကျိုးကျိုးပြုံးပြ နှုတ်ဆက်မိသည်။ ပန်းဝါတို့ဆိုင်လေးကို အတွင်းရောက်မှ သတိထားကြည့်မိ၏။ ဆိုင်အပြင်အဆင်လေးက အတွင်းမှာ သပ်ရပ်ညီညာနေသည်။ ချိတ်ဆွဲထားသော ဆွယ်တာမျိုးစုံ၊ အရောင်အသွေး၊ အရွယ်အစားမျိုးစုံက သူ့နေရာနှင့်သူ ကြည့်လို့ကောင်းနေ၏။

ခင်းကျင်းထားသော စားပွဲ၊ ဗီရိုများမှာလည်း ဝင်ရောက်လာသူတိုင်းကို တစ်မျိုးတစ်မည် ဆွဲဆောင်မှုရှိစေပါသည်။ သူတို့လေးယောက်ကတော့ အတွင်းဘက် စားပွဲလေးတစ်လုံးဘေးမှာပင် ဝိုင်းထိုင်နေကြခြင်း ဖြစ်သည်။ လေးယောက်ဆိုသည်ကား ပန်းဝါ၊ ချယ်ရီဝင်း၊ ဒေါ်လေးသိင်္ဂီနှင့် သူပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပဲ ဒေါ်လေးသီဂီက သူ့ကိုကြည့်ကာ စကားဆို၏။

"ငါ့တူကို မနေ့ကတည်းက တွေ့ချင်နေတာ။ ဖုန်းဆက်ခိုင်းတာ ဖုန်းဆက်လို့မရဘူးဆိုလို့"

"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော် ဖုန်းပိတ်ထားလို့ပါ။ ဒါနဲ့ ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာက"

"ဟိုတစ်နေ့က ကိစ္စပေါ့ကွယ်။ ငါ့တူ ငွေလွှဲနောက်နေ့ ရွှေ့ခိုင်းတဲ့ ကိစ္စပေါ့"

သော်ဖြိုး မျက်လုံးပြူးသွားပြီး . . . .

"ဘာဖြစ်လို့လဲ အန်တီ"

"ဘာဖြစ်ရမှာလဲကွယ်။ ငါ့တူလာသွားတဲ့ ညနေကတည်းက လိမ္မော်သီးဈေးတွေ ကျသွားတာ အန်တီလည်း အဲ့ဒီ လိမ္မော်ခြံကို မဝယ်ဖြစ်တော့ဘူး။ တော်သေးတာပေါ့ကွယ်။ ငါ့တူတားလို့ပေါ့။ မဟုတ်ရင် ပိုက်ဆံတွေ ရှုံးရချည်ရဲ့။ အဲ့ဒီညနေကတည်းက အန်တီမှာ အရမ်းအံ့သြပြီး ဘယ်လိုဖြစ်သွားမှန်းကို မသိဘူး။ ငါ့တူကိုလည်း ဘာလို့ တားရတာလည်း မေးချင်နေတာ"

"ဟုတ်တယ်၊ ပန်းဝါကိုလည်း ဆိုင်ကယ်မစီးဖို့၊ ဘာလို့ လာတားရတာလဲ"

ချယ်ရီဝင်းကပါ ခပ်သွက်သွက် ဝင်မေးတော့ သော်ဖြိုး ရင်ထိတ်သွားသည်။ အမှန်အတိုင်း ပြောလို့တော့ မဖြစ်ပါ။ ထို့ကြောင့် အသင့်တော်ဆုံးအဖြေတစ်ခုကိုသာ ရွေးထုတ်ပေးလိုက်သည်။

"အဲ့ဒီကိစ္စတွေနဲ့ ပတ်သက်လို့ အခုချိန်မှာ ဘာမှတိတိကျကျ ပြောပြလို့မရသေးဘူး ဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်လည်း သေချာမသိသေးလို့ပါ။ သေချာသိပြီးတဲ့ တစ်နေ့မှာတော့ ကျွန်တော် အားလုံးကို မခြွင်းမချန် ပြောပြပါ့မယ်"

စကားဝိုင်းက မဆိုစလောက်လေး တိတ်ဆိတ်သွား၏။



တစ်အောင့်ကြာတော့ အန်တီသီဂီ၏ သက်ပြင်းချသံကို ကြားရသည်။ ထိုသက်ပြင်းချသံနှင့်အတူ

"အင်းပေါ့လေ . . . ။ အခက်အခဲ ရှိနေရင်လည်း အတင်းမမေး တော့ပါဘူး။ ဒါပေမဲ့ ငါ့တူ ကိုတော့ အန်တီ တကယ်ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့ . . . ရပါတယ်ဗျာ"

နားမလည်နိုင်သော အကြည့်တွေ ပန်းဝါနှင့် ချယ်ရီဝင်းတို့ထံမှ ရောက်လာသည်။ သော်ဖြိုး မသိသလိုသာ နေလိုက်မိတော့၏။ ခဏကြာတော့ ပန်းဝါက ထိုင်ရာမှထကာ အတွင်းခန်းထဲဝင်သွားသည်။ ပြန်ထွက်လာတော့ လက်တွင်းမှာ ကော်ဖီတစ်ခွက်ပါလာ၏။ သူ့ရှေ့ကိုချပေးတော့ . . .

"ဘာလဲ . . . အကြွေးဆပ်တာလား"

သူ့စကားကြောင့် ပန်းဝါ မျက်နှာ ရဲသွားပြီး အန်တီသီဂီကို အထိတ်တလန့် ကြည့်သည်။ ထိုအခါမှ သော်ဖြိုးလည်း သဘောပေါက်ကာ ဇက်ပုဝင်သွားရ၏။ ဟုတ်ပေသားပဲ။ သူတို့ရဲ့ ကော်ဖီယဉ်ကျေးမှုကို အန်တီသီဂီမှ မသိသည်ဘဲ။

ဒါပေမဲ့ အန်တီသီဂီက နားလည်မှုရှိပါသည်။ ဈေးဝယ်ပဲရောက်လာသလို၊ အလုပ်ကိစ္စပဲ ရှိသလိုလိုနှင့် မသိမသာရှောင်သွားသည်။ ထိုအခါမှ ပန်းဝါက အန်တီသီဂီနေရာတွင် ဝင်ထိုင်ကာ . . .

"ဒေါ်လေးရှိနေတာကို ဘာတွေ လျှောက်ပြောမှန်း မသိဘူး"

"အဟီး . . . မေ့သွားလို့"

မျက်စောင်းတစ်စုံက သူ့ထံ ဒိုင်းခနဲ ရောက်လာသည်။ ချယ်ရီဝင်းကလည်း အားကျမခံစွာ မျက်စောင်းဝိုင်းထိုးသည်။ ထို့ကြောင့် သူလည်း ဘာလုပ်ရမှန်းမသိ၊ ရှေ့ရောက်လာသော ကော်ဖီကိုသာ မော့သောက်လိုက်ပါ၏။ ထိုအခါမှပဲ . . .



www.burmeseclassic.com

www.burmeseclassic.com

"ညက ကိစ္စအတွက် သူ့ကို တောင်းပန်တယ်နော်"

အနည်းငယ်ကြောင်သွားသည်မှလွဲ၍ ပန်းဝါ ဘာကိုဆိုလိုသည် ဆိုတာ သဘောပေါက်ပါသည်။

"ရပါတယ်။ ကိစ္စမရှိပါဘူး။ ဒါမျိုးက ဖြစ်တတ်ပါတယ်။ ကျွန်တော်တို့ကလည်း သူများအိမ်ရှေ့မှာ ညကြီးအချိန်မတော် မတ်တတ်လာ ရပ်တာကိုး"

ပန်းဝါမျက်နှာလေး ပျက်ယွင်းအားငယ်သွားသည်ကို တွေ့ရ၏။ ပြီးတော့ တိုးရှုရှအသံလေးနှင့် တောင်းပန်သလိုဆိုသည်။

"မဟုတ်ပါဘူး၊ ရန်နောင်က အဲ့ဒီအတိုင်းပဲ။ ပန်းဝါနဲ့ပတ်သက်ရင် အကုန်လုံးကို ရန်လိုနေတာ"

ညိုးနွဲ့နွဲ့အသံလေးကို နားထောင်ရင်း . . .

"ပန်းဝါတို့နဲ့ တော်တော်ရင်းနှီးပုံပဲနော်။ မနေ့ညနေကလည်း ဒီဆိုင်ရှေ့မှာ သူ့ကားရပ်ထားတာတွေ့ရတယ်"

ဒီတစ်ခါတော့ ပန်းဝါအစား ချယ်ရီဝင်းက ဝင်ပြောသည်။

"ပန်းဝါကို ရန်နောင်က ကြိုက်နေတာလေ။ ကြာလှနေပြီ။ တက္ကသိုလ်နောက်ဆုံးနှစ်ကတည်းက"

ပန်းဝါ ဦးခေါင်းလေး အနည်းငယ်ငုံ့ကိုင်းသွားကြောင်း တွေ့ရသည်။ ချယ်ရီဝင်းကပင် . . .

"ရန်နောင့်မိဘတွေက တော်တော်ချမ်းသာတယ်။ ပြီးတော့ ဒီကောင်က တစ်ဦးတည်းသား၊ ဖွတ်တရွတ် အရမ်းလုပ်တဲ့ကောင်။ သူ့ကြောင့် ပန်းဝါ အရှက်ရတာမှ ခဏခဏပဲ"

"ဘာဖြစ်လို့လဲ"

"ဒီကောင်က စွာလည်းစွာတော့ ပန်းဝါနားကို ကပ်လာသမျှ လူတွေအားလုံးကို အမြဲ ပြဿနာရှာတယ်။ ရန်လုပ်တယ်လေ။ ဘယ်လိုပဲ ဖြစ်ဖြစ် ခေါင်းစဉ်က ပန်းဝါကြောင့်ဆိုတော့ အရှက်ရတာပေါ့။ ချယ်ရီတို့ ပန်းဝါတို့၊ ရန်နောင်တို့က ငယ်ငယ်ကတည်းက သူငယ်ချင်းတွေ မိဘ



တွေချင်းကလည်း ရင်းနှီးတော့ ဒီကောင်က အဲဒါကို အခွင့်ကောင်းယူနေတာ"

ကြားရတာ သိပ်နားဝင်မချိုပါပေ။

"ပန်းဝါ အခု ပြင်ဦးလွင်ကို လာနေတာလည်း အဲဒါပါတယ်။ မန္တလေးက မိဘတွေက ဒီကောင်နဲ့ပတ်သက်ပြီး ပန်းဝါကို နားချနေကြလို့"

"ဪ . . ."

ရင်ထဲမှာ နင့်ပိုးသွားရသည်။ ဘာကြောင့်မှန်းမသိ၊ မချင့်မရဲလည်း ဖြစ်သွား၏။ ဒါပေမဲ့ နားမလည်သော မြင်ကွင်းတစ်ရပ်ကိုတော့ ပန်းဝါကို ကြည့်ပြီး မေးမိသည်။

"ဒါနဲ့ မနေ့ညနေက သူ့ကားကို ဒီရှေ့မှာ တွေ့တာက"

ပန်းဝါ မျက်နှာလေးမော့လာပြီး

"ဒေါ်လေးကို လာနှုတ်ဆက်တာလေ။ သူရောက်နေတယ်ဆိုတာလည်း ပန်းဝါတို့သိအောင် လာပြတာပေါ့။ ဒေါ်လေးကတော့ အလိုက်အထိုက်ပါပဲ။ လူကြီးချင်း မျက်နှာမပျက်ချင်တာကလွဲပြီး ပန်းဝါဘက်မှာ ရှိပါတယ်"

တော်သေးတာပေါ့ဟု စိတ်ထဲမှာ ရေရွတ်မိလိုက်သည်။ ပြီးတော့ သက်ပြင်းတစ်ချက်ကိုလည်း ကြိတ်ချမိ၏။

ဘာပဲပြောပြော ရင်ထဲမှာ မောသွားတာတော့ သေချာပါသည်။

မေးစရာ မေးခွန်းတစ်ခုလည်း ထွက်လာသည်။ အဲဒါက . . .

ပန်းဝါကရော ဘယ်သူ့ဘက်မှာလဲ . . .

• • •

ဘယ်လိုပဲဖြစ်ဖြစ် ဆယ့်နှစ်နာရီ မထိုးခင်တော့ ဟိုတယ် ရောက်အောင် ပြန်ခဲ့သည်။ သတ္တမအုတ်ချပ်အရ နေမွန်းတည့်ပြီးချိန်မှာ သူ့ကံကြမ္မာ ဇာက်ထိုးဆင်းသွားပြီ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်ရောက်တော့ ချစ်လှစွာသော ညီမအစုတ်ပလုတ်လေးက ဆီးကြိုရန်တွေ့သည်။

"ကိုကို . . . ဘယ်တွေလျှောက်သွားနေတာလဲ"

အတူပါလာသော စောထူးက ဝင်နောက်၏။

"ကောင်မလေးဆီ သွားနေတာဟေ့။ နင့်အစ်ကို ပြင်ဦးလွင်မှာ ကောင်မလေးတွေ့နေပြီ"

"ဟင် . . . ဟုတ်လား"

တအံ့တသြမျက်နှာနှင့် ဝတ်ရည်ကဆိုတော့ . . .

"အလကားပါဟာ . . . ဒီကောင်က လျှောက်နောက်နေတာ"

ဒါပေမဲ့ သူ့မျက်နှာက မချိုမချဉ်ဖြစ်နေသည်ကြောင့်

"အံမယ် . . . မျက်နှာကြီးက လိမ်လည်း မလိမ်တတ်ဘဲနဲ့ လာလိမ်နေသေးတယ်။ ဘာမှ ဝတ်ရည်ကိုလာလိမ်မနေနဲ့ သိတယ်၊ သိတယ်။ ကိုကို့မျက်နှာကြီးကြည့်ပြီးတော့ကို သိတယ်"

တရားခံစစ်သလို အတင်းကြီး လာစစ်နေသည်ကြောင့် သော်ဖြိုး ရယ်လိုက်မိသည်။

"ကျွတ် . . . ဝတ်ရည်ကလည်း မဟုတ်ဘူးဆိုနေမှ"

"ကိုကိုနော် . . ."

ဝတ်ရည်က နှုတ်ခမ်းကိုစူ၍ . . .

"ဘယ်သူလဲ လိုက်ပြ၊ ဝတ်ရည် ကြည့်ချင်တယ်"

"ရော် . . ."

"ပြမှာလား၊ မပြဘူးလား"

"မပြဘူး"

ဝတ်ရည်က မျက်နှာကိုမဲ့ပြီး ခြေကိုဆောင့်ကာ . . .

"ပြီးရော ရတယ်။ အခုချက်ချင်းကို မေမေလေးနဲ့ တိုင်ပြောမှာ"



ပြောပြောဆိုဆို ဝတ်ရည်က ဖုန်းကိုထုတ်ကာ နံပါတ်နှိပ်တော့ သူ ချက်ချင်းတားလိုက်ရသည်။

"ဟာ . . . မလုပ်နဲ့၊ မလုပ်နဲ့"

ဝတ်ရည်အခေါ် မေမေလေးဆိုတာ သူ့အမေ ဒေါ်နှင်းရည် ဖြစ်ပါသည်။ ဒီသတင်းက မေမေ့ဆီပေါက်ကြားသွားလို့ မဖြစ်သေး။ ကြားကြားချင်း ဟုတ်တာ၊ မဟုတ်တာထား၊ ဟိုက ဝမ်းသာအားရနှင့် တစ်အုပ်ကြီးလိုက်လာမှာ သေချာသည်။

"အဲဒါဆိုရင် လိုက်ပြ"

အောင်နိုင်သော စစ်သူကြီးတစ်ယောက်လို မျက်နှာကိုမော့ရင်း နိုင်ကွက်နင်းကာ ပြောတော့ သော်ဖြိုးလျှော့လိုက်ရသည်။

"ညီမလေးကလည်း လိမ္မာပါတယ်ကွာ။ ဒီနေ့တော့ ထားလိုက်တော့ နေအရမ်းပူနေပြီ။ နောက်နေ့မှ လိုက်ပြမယ်နော်"

"တကယ်နော်"

သော်ဖြိုး ခေါင်းညိတ်ပြတော့ မယ်မင်းကြီးမလေး မျက်နှာပြုံးသွား၏။ ဒါနဲ့မပြီးသေး . . . ။

""ဒါဆို ဒီနေ့ ဝတ်ရည်တို့ကို ကန်တော်ကြီး လိုက်ပို့ပေး"

ဒီတစ်ခါမှ ခေါင်းနားပန်း တကယ်ကို ကြီးသွားတာပါ။ လုံးဝ မဖြစ်ပါ။ အချိန်က ဆယ့်နှစ်နာရီ ထိုးပြီးသွားလေပြီ။ ထို့ကြောင့် . . .

"မဖြစ်ဘူး ဝတ်ရည်ရဲ့။ ကိုကို ဗိုက်တွေ အရမ်းနာနေလို့ နားရအောင် ပြန်လာတာ။ ဆယ့်နှစ်နာရီလည်း ထိုးပြီးသွားပြီ"

ကုလိကုမာလုပ်လို့လားမသိ၊ ထိန်းထားတဲ့ကြားက စကားတစ်ခွန်းက လက်လွတ်စပယ် ထွက်သွားသည်။

"ဘာဖြစ်လဲ။ ဆယ့်နှစ်နာရီကျော်တော့ ပိုတောင်ကောင်းသေးတယ်။ ဓာတ်ပုံရိုက်လို့ လှတာပေါ့။ ကိုကိုလိုက်ပို့ပေးရမှာနော်။ ညီမလေးတို့ သူငယ်ချင်းငါးယောက်ကိုလည်း ဓာတ်ပုံရိုက်ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဆယ့်နှစ်နာရီကျော်ရင် ကိုကို အပြင်ထွက်လို့မရဘူး။ စောထူး လိုက်ပို့ပေးလိမ့်မယ်။ သွားချင်ရင် စောထူးနဲ့သွား။ ခတ်ပုံကိုလည်း သူ့ကိုသာ ရိုက်ခိုင်းလိုက်"

ပြောပြောဆိုဆို အလျင်အမြန်ပင် အခန်းတွင်း ပြေးဝင်လိုက်သည်။ တံခါးကိုလည်း အတွင်းမှ လော့ချလိုက်၏။ ဒါပေမဲ့ အပြင်ဘက်မှ စောထူး၏ တရားချသံကတော့ တံခါးကြားမှ တိုးဝင်လာပါသည်။

"ဟုတ်တယ် . . . မွန်းတည့်ကျော်သွားရင် ဒီကောင် အပြင်ထွက်လို့မရတော့ဘူး"

ထားလိုက်တော့။ စောထူး ကြည့်ကျက်ပြောလိမ့်မည်။

သော်ဖြိုး မောမောနဲ့ ခုတင်ပေါ် ပစ်လှဲချလိုက်ပါသည်။

ဒီနေ့ညနေတော့ လုံးဝ အပြင်မထွက်တော့ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ ပြီး ညဆယ့်နှစ်နာရီထိုးလျှင် ဘာအမောတွေ ထပ်ရောက်လာဦးမည်မသိ။

အေးလေ။

ဘဝဆိုတာ အမောတွေကြိတ်နင်းထားတဲ့ အဝေးပြေးလမ်းမကြီးတစ်ခုပဲ မဟုတ်ပေဘူးလား။

ဒါကြောင့် ရှေးလူကြီးတွေ ပြောကြတာပေါ့။

"ဘဝအမော"တဲ့။

သူကတော့ ဘဝအမောတွေကို ဖြတ်နင်းကျော်လွှားတတ်အောင် ကြိုးစားထားပါသည်။



တစ်ခါတလေတော့လည်း ဒုက္ခကို
တည်တည့်ကြည့်ပြီး မေးလိုက်ချင်တယ် . . .
'မင်းတတ်နိုင်တာ ဒါ အကုန်ပဲလားလို့'

ဒုက္ခဆိုတဲ့ နတ်ဆိုးရေ . . .
ငါ့အသက် ရှူသံတွေ မရပ်သရွေ့
'မင်းကို ငါအမြဲ နိုင်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com

# XXIX

"ဟိတ် . . . "

အနီးကပ်ကြားလိုက်ရသောအသံလေးကြောင့် လူပင်မဟုတ်၊ လက်မှာကိုင်ထားသော ကော်ဖီခွက်ပါ တုန်သွားသည်။ အသံကြားရာဘက် လှည့်ကြည့်လိုက်တော့ . . .

"ဟာ . . . ပန်းဝါ"

ဖြူလွှရှင်းသန့်သော မျက်နှာလေးက မနက်ခင်းနှင့်အပြိုင် ကျက်သရေရှိလို့နေပါသည်။ အချယ်အသကင်းသော မျက်နှာရှင်းရှင်းလေးကို မြင်လိုက်ရသည့်အတွက် ရင်ထဲမှာ အုံ့ဩဝမ်းသာစိတ်နှင့်အတူ အေးချမ်းသွားရသည်။ ကော်ဖီလာပို့မည်ဆိုတာသိ၍ စောင့်ဖမ်းတာ ဖြစ်နိုင်ပါသည်။

ပန်းဝါက ခြံတံခါးကိုဖွင့်ကာ အပြင်ထွက်လာပြီး သူ ခိုးဖမ်းမိသလို မျက်နှာဖြင့် . . .

"ဘာလာလုပ်တာလဲ"

"ကော်ဖီလာပို့တာလေ"



ရုပ်တည်ဖြင့် သူ ပြောလိုက်တော့ ပန်းဝါက ညစ်ကျယ်ကျယ်အမူအရာဖြင့် နှုတ်ခမ်းကို မဲ့ကာ . . .

"ဟွန်း . . . ဘယ်သူကသောက်မယ်ပြောလို့လဲ"

သူမ ပုံစံလေးကိုကြည့်ပြီး စိတ်ထဲမှာ မရိုးမရွဖြစ်သွားရ၏။

"မသောက်ဖူးလား"

စိုးရိမ်သလိုမေးတော့ လိပ်ပြာလေးက နှုတ်ခမ်းတစ်ဖက်ကို ဖွဖွကိုက်ရင်း . . .

"အဟင်း . . . သောက်တယ်"

သော်ဖြိုး စိတ်ကို အနိုင်နိုင် ထိန်းချုပ်လိုက်ရ၏။ပန်းဝါပုံစံလေးက သူ့စိတ်ကို တစ်မျိုးတမည် ဖျားယောင်းနေသည် မဟုတ်ပါလား။

အစိမ်းနရောင် ဂျင်းဘောင်းဘီရှည်လေးနှင့် အောက်ခံအရောင်မသိပေမဲ့ ဆွယ်တာအဖြူဆွတ်ဆွတ်လေးကို အပေါ်မှ ထပ်ဝတ်ထားသည်။ ပြီး ခေါင်းစွပ်အဖြူနှင့် အနီစင်းလေးကိုလည်း အုပ်ဆောင်ထားသေးရာ ပုံစံလေးက တုန္နိုင်းစရာမရှိအောင် လုံးဝ လတ်ဆတ်နေ၏။

မနက်ခင်းက သူမကြောင့် ပြည့်စုံသွားသည်ဆိုလျှင် ပိုမှန်ပေလိမ့်မည်။ ရင်ထဲကလိပ်ပြာကို နှလုံးသားနှင့် ငေးကြည့်နေရာမှ သော်ဖြိုးသတိဝင်သွားတော့ ခြစ်ညည်းရိုးပေါ်တင်အံ့ဆဲဆဲ ကော်ဖီခွက်လေးကို ပန်းဝါရှေ့သို့ တိုးပေးလိုက်သည်။

"ရော့ . . . ပန်းအတွက် morning coffee ၊ နေမထွက်ခင် သောက်လိုက်နော်"

လိပ်ပြာလေးက ပါးစုံလေးနှစ်ဖက် မို့တက်လာအောင် ပြုံးသည်။ ပြီးတော့ . . .

"ရော့ . . . ဒါက သူ့အတွက်"

ရှေ့ရောက်လာသော အရာလေးကို ကြည့်လိုက်တော့ . . .

ပဝါလေးတစ်ထည်၊ ရှင်းအောင်ပြောရပါက သိုးမွှေးဖြင့် ထိုးထားသော အဖြူရောင် မာဖလာလေး။



www.burmeseclassic.com

www.burmeseclassic.com

"ဒါက . . . "

"သူ့အတွက် ပန်းဝါကိုယ်တိုင် ထိုးထားတာ"

"ဟာ . . . "

ကိုယ့်နားကိုယ်ပင် မယုံချင်။ ပြီးတော့ ပန်းဝါလက်တွင်းမှ မာဖလာလေးကိုကြည့်ကာ ကြက် သေသေသွား၏။ ရင်ထဲမှာ ကြည်နူးမှုတွေ၊ ပျော်ရွှင်မှုတွေက ထင်မှတ်မထားစွာ ကဆုန်ပေါက်ကခုန်နေချေပြီ။

"ရော့ . . . "

နောက်တစ်ကြိမ်ပေးကမ်းမှု ဆုံးသွားစဉ်မှာတော့ လက်တွင်းသို့ မာဖလာလေးတစ်ထည်က မထိရက်မကိုင်ရက်စွာ ရောက်လို့လာပါသည်။ ပန်းဝါကိုကြည့်တော့ ရှက်ပြုံးတွေဝေသီပြီး ပန်းနုရောင်တွေစွန်းပေလို့။

"ဒီမာဖလာလေးကို သူ့လည်ပင်းမှာ ပတ်ထားရမှာနော်။ ဒါပဲ သွားတော့မယ်"

နှုတ်ခမ်းတစ်ဖက်ကိုကိုက်ရင်း လှစ်ခနဲ ပြေးထွက်တော့ . . .

"ဟော့ . . . နေဦးလေ"

တားမြစ်စကားကြောင့် ပြေးလက်စခြေလှမ်းလေး ရပ်သွားပါသည်။ သော်ဖြိုး မရှိုမချဉ်ပြုံးရင်း . . .

"ကော်ဖီယူသွားဦး"

ᄌ ᄌ ᄌ



# XXX

အပြန်လမ်းတစ်လျှောက်မှာတော့ ဘဝမှာ မပျော်ရွှင်ခဲ့ဖူးသော အပျော်တွေက သူ့ဘေးပတ်ပတ်လည်မှာ စွန်းပေလျက်ပါလာသည်။ လည်ပင်းမှာ မာဖလာအဖြူရောင်လေးက ဆိုင်ကယ်အရှိန်နှင့် တလူလူလွင့်လို့။

ရင်ခွင်၏ဘယ်ဘက်တစ်နေရာမှာလည်း တဒုန်းဒုန်းအော်မြည်ကာနေသည်။ ကိုယ့်ကိုယ်ကိုယ် ရှိနေတယ်လို့ပင်မထင်တော့။

ဟိုတယ်ကိုပြန်ရောက်တော့ စားသောက်ခန်းမမှာ တည်းခိုသူတွေ breakfast စားနေကြပြီ။ အပျော်တွေဖြင့် လှေကားအတိုင်းတက်သွားကာ အခန်းတံခါးကိုဖွင့်လိုက်တော့ . . .

တံခါးဖွင့်ဖွင့်ချင်း မြင်ရသည်ကား . . .

"ဟယ် . . . ကိုကို"

ဝတ်ရည်က ထိုင်ခုံမှဆတ်ခနဲမတ်တပ်ရပ်ကာ သူ့ကို ငေးကြောင်ကာ ကြည့်နေ၏။ သော်ဖြိုး မျက်မှောင်ကြုတ်သွားကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဝတ်ရည်၊ ကိုကို့အခန်းထဲ ဘာဝင်လုပ်နေတာလဲ"

ဝတ်ရည်ပုံစံက တစ်ခုခုကို ထိတ်ထိတ်ပျာပျာဖြစ်ကာ မလုံမလဲ။

"မလုပ်ပါဘူး ကိုကိုရဲ့။ ဟို . . . ဟိုဟာ . . ."

စကားက တစ်ဝက်တစ်ပျက်နှင့်ရပ်ကာ ဖင်ကုတ်ခေါင်းကုတ်ဖြင့် ဂနာမငြိမ်ဖြစ်နေပြီးမှ . . .

"အခန်းထဲမှာ ကိုကို့ရည်းစားဓာတ်ပုံများရှိမလားလို့ ဝင်ကြည့်တာ။ ဘာမှမဟုတ်ဘူး။ သွားတော့မယ်"

ပြောပြောဆိုဆို လှစ်ခနဲပြေးထွက်သွား၏။ အခန်းဝမှာရပ်နေသောသူ့ကိုပင် ဝင်တိုက်သွားသေးသည်။ တစ်ခုခုတော့တစ်ခုခုပင်ဖြစ်သော်လည်း ဘာမှန်းသူမသိလိုက်။ ဝတ်ရည်ကတော့ သူမအခန်းရှိရာသို့ပြေးသွားကာ အတွင်းဝင်ပြီး တံခါးကိုဝုန်းခနဲ ဆွဲပိတ်လိုက်ပါသည်။ သော့်ဖြုံးမှာတော့ . . .

"ဒီကောင်မလေး ငါ့အခန်းထဲကို ဘာဝင်လုပ်တာလဲ"

တစ်ယောက်တည်းရေရွတ်ရင်း အခန်းတွင်းဝင်ကာကြည့်လိုက်၏။ ဘာမှတော့ လက်ရာခြေရာမပျက်ပါ။ သူထားခဲ့သလိုပင် အရာအားလုံးကရှိနေသည်။ နံရံမှာကပ်ထားသော လျှို့ဝှက်မြို့ရိုးစာရွက်များကိုကြည့်လိုက်တော့လည်း နဂိုအတိုင်း။

ဒီတော့လည်း ဘာမှန်းမသိသည်မို့ ဘာမှန်းမသိသလိုသာထားလိုက်ပါသည်။ ဒါပေမဲ့ ညက လောလောလတ်လတ်ထားခဲ့သော အဠမ အုတ်ချက်စာရွက်လေးကိုတော့ သေချာထပ်ကြည့်မိ၏။ ထိုစာရွက်ထဲမှာ ထူးဆန်းသောစာသားတစ်ကြောင်းက ပါနေသည်။ သူ ထိတ်လန့်နေတာလည်း ထိုစာကြောင်းပဲဖြစ်သည်။

ဒီနေ့တော့ ဘာတွေဖြစ်လာဦးမည်မသိ။

နောက်ဆုံးတော့ ခုတင်ပေါ်ကိုသာ လှဲချမိတော့သည်။ အခန်းမျက်နှာကျက်အားကြည့်ရင်း မျက်လုံးတွင်းမှာ ပန်းဝါရပ်ပုံလေးကို မြင်



ယောင်လာသည်။ လည်ပင်းမှ မာဖလာလေးကိုကိုင်ပြီးတော့လည်း ရင်တွင်းမှာ တစိမ့်စိမ့်ကြည်နူးနေ၏။

ချစ်တယ် ပန်းဝါရယ်။

သူ့စကားကို နားထောင်သူမရှိပေမဲ့ တစ်ကိုယ်တည်းကျေနပ်နေမိသည်။ ဒီနေ့တော့ ဘယ်မှသွားလာစရာမရှိ။ ဝတ်ရည်တို့အုပ်စု လည်ပတ်ဖို့အတွက်လည်း စောထူးမှပင် တာဝန်ယူပို့ဆောင်ပေးပေလိမ့်မည်။

အခြေအနေမကောင်းပါက ဝတ်ရည်၏စိတ်ကောက်ခြင်းကို ခံရနိုင်သည်။ ဒီထက်ပိုဆိုးပါက မေမေရဲ့ဆူငေါက်ခြင်းကို ခံရနိုင်ပါ၏။ ကိစ္စမရှိပါ။

• • •

ဘယ်လိုဘယ်လို အိပ်ပျော်သွားသည်မသိ။ ဖုန်းမြည်သံကြောင့် နိုးသွားသည်။ ဖုန်းကိုယူကိုင်လိုက်တော့ . . .

နားနှင့်ဖုန်း ကပ်မိမိချင်း . . .

"ဟေ့ကောင် . . . မင်း ဆေးရုံကိုအမြန်ဆုံးလာခဲ့တော့"

" . . . . "

စောထူး၏ အလျင်စလိုစကားကြောင့် အံ့သြသွားစဉ် . . .

"မင်းညီမဝတ်ရည် ပွဲကောက်ရေတံခွန်မှာ ကျောက်တုံးပေါ်က ခြေချော်ကျလို့ ခေါင်းပေါက်သွားတယ်"

"ဘာ . . ."

ဝုန်းခနဲထထိုင်လိုက်တော့ ရင်ဝကို အလုံးကြီးတစ်လုံးက လာဆောင့်သည်။ တစ်ကိုယ်လုံးပင် ကျင်တက်သွားလားမသိတော့ပါ။ မျက်လုံးတို့က ချက်ချင်းပင် နံရံဆီမှစာရွက်လေးဆီရောက်သွားတော့ . . .

စာလေးတစ်ကြောင်းက ဆီးကြိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com

အဌမအုတ်ချပ်မှ တတိယမြောက်စာကြောင်းလေး။ အသစ်အဆန်းတော့မဟုတ်။ ဒါပေမဲ့ . . .

'သင် ဆေးရုံသို့သွားရမည်'

သူ့ညီမလေးဝတ်ရည်မှာ တန်ဆာခံဖြစ်သွားခဲ့ချေပြီ။

* * *



# XXXI

ခေါင်းမှာပတ်တီးအဖွေးသားနှင့် ခုတင်ပေါ်လှဲနေသော ညီမဖြစ်သူ၏ မျက်နှာနွမ်းနွမ်းလေးကိုကြည့်ကာ သက်ပြင်းချမိသည်။ ဝတ်ရည်သူငယ်ချင်း လေးယောက်လုံးမှာလည်း ခုတင်ဘေးမှာ ဝိုင်းထိုင်နေကြ၏။ အကုန်လုံး၏မျက်နှာတွေမှာ ပျက်ယွင်းနေပါသည်။

အပျော်လာကြသော သူတို့ရဲ့ခရီးမှာ စိတ်မကောင်းမှုတွေ ကြုံတွေ့နေရသည်မဟုတ်ပါလား။ စိုးရိမ်စရာမရှိတော့ပေမဲ့ အကုန်လုံးက ပူပန်စိတ်တွေမပြယ်သေး။ ရန်ကုန်မှ လူကြီးတွေကိုတော့ သူဖုန်းဆက်အကြောင်းမကြားထား။ တော်ကြာ အကုန်လုံးစိတ်ပူပြီး လိုက်လာကြဦးမည်။

ညီမဖြစ်သူ၏ လက်သေးသေးလေးကိုကိုင်ကာ သော်ဖြိုး စိတ်မကောင်းခြင်းကြီးစွာဖြစ်မိသည်။ တစ်စုံတစ်ရာကိုလည်း စိတ်ထဲမှာတွေးရခက်နေ၏။ ထိုအရာက ယခု ဝတ်ရည်ခေါင်းပေါက်သွားခြင်းကိစ္စမှာ သာမန်ဖြစ်ရိုးဖြစ်စဉ်လား၊ ဒါမှမဟုတ် တစ်စုံတစ်ရာပယောဂလား။



www.burmeseclassic.com

www.burmeseclassic.com

ဝတ်ရည်ကတော့ မျက်လုံးလေးကိုမှိတ်ဆင်းကာ အနားယူနေသည်။ ထိုစဉ်မှာပင် ဝတ်ရည်လက်ဖဝါးလေးက ကိုင်ထားသောသူ့လက်ကို မသိမသာဖျစ်ညှစ်သည်။ မျက်လုံးလေးဖွင့်လာကာ နွမ်းလျလျ သူ့ကို ခေါ်၏။

"ကိုကို . . ."

"ဘာလဲ ညီမလေး၊ ကိုကိုရှိတယ်။ ပြောလေ . . . ညီမလေး ဘာပြောချင်လို့လဲ"

ဝတ်ရည်ထံမှ ထူးဆန်းသောအကြည့်တွေကိုရသည်။ တောင်းပန်သလိုလို၊ အဆူခံရမည့်ကလေးငယ်တစ်ယောက်က လူကြီးကိုကြည့်သည့် အသနားခံအကြည့်မျိုး။

"ညီမလေး . . . ပြောလေ"

သို့ပေမဲ့ ဝတ်ရည်ထံမှ စကားသံထွက်မလာပါ။ ခေါင်းကို မသိမသာရမ်းပြီး မျက်လုံးပြန်မှိတ်သွားသည်။ ထိုစဉ်မှာပဲ နောက်မှာရှိနေသူစောထူးက သူ့လက်မောင်းကိုလှမ်းပုတ်သည်။ ကြည့်လိုက်တော့ . . .

အပြင်သွားရအောင်ဟူသည့်ပုံစံမျိုး သူ့ကို အမူအရာလုပ်ပြ၏။ စောထူးပုံစံကြည့်ရသည်မှာလည်း သူ့ကို တစ်စုံတစ်ခုပြောချင်နေဟန်ရှိသည်ကြောင့် သူ ခေါင်းညိတ်ပြလိုက်တော့ . . .

စောထူးက အရင်ဆုံးထွက်သွားပါသည်။ အပြင်ရောက်ရောက်ချင်းမှာပင် . . .

"စောထူး . . . ဘယ်လိုဖြစ်တာလဲကွာ"

ပြန်ဖြေသံမရှိ။ ပျက်တက်တက်မျက်နှာနဲ့ စောထူးက ထိုင်ခုံပေါ် ထိုင်ချသည်။ စောထူးပုံစံက တစ်စုံတစ်ရာပြောဆိုဖို့အတွက် အားယူနေဟန်ရှိ၏။ သော်ဖြိုး မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်စဉ်မှာပဲ . .

"အမှန်အတိုင်းပြောရရင်တော့ ငါ့အပြစ်ပါ သော်ဖြိုးရာ . . ."

ထူးဆန်းသော စောထူးစကားကြောင့် . . .

"ဘာဖြစ်လို့လဲ"



စောထူးက အင်္ကျီအိတ်ကပ်တွင်းမှ တစ်စုံတစ်ရာကိုနှိုက်ယူသည်။ ကြည့်လိုက်တော့ တွန့်ကြေနေသော လက်တစ်ဝါးသာသာ စက္ကူအပြာလေးတစ်ရွက်။

အလျင်စလို စုတ်ဖြဲပစ်ထားသောပုံစံဖြစ်သည်။

"ဒါက . . ."

"လှိုဝှက်မြို့ရိုးထဲက ဖြဲထားတဲ့စာရွက်ပဲ"

"ဘာ . . ."

တုန်လှုပ်စွာ အသံကျယ်သွားတော့ . . .

"ဟုတ်တယ်။ ဒါ လှိုဝှက်မြို့ရိုးထဲက ဝတ်ရည်ဖြဲထားတဲ့စာရွက်။ ဒီစာရွက်ကိုဖြဲလိုက်လို့ ဝတ်ရည်အခုလိုဖြစ်သွားတာ . . .

"ဘာ . . ."

သော်ဖြိုး စကားသံမထွက်နိုင်တော့ပါ။ ပြူးကျယ်သောမျက်လုံးတွေနဲ့ပဲ စောထူးကို ကြည့်မိပါတော့သည်။

"မနေ့က ဝတ်ရည် မင်းကို ကန်တော်ကြီးလိုက်ပို့နိုင်းတော့ ဆယ့်နှစ်နာရီထိုးပြီးသွားပြီဆိုပြီး မငြင်းတယ်လေ။ အဲ့ဒါကို ဘာကြောင့်လဲဆိုပြီးတော့ ဝတ်ရည် ငါ့ကိုမေးတယ်။ ပထမတော့ ငါလည်း လွှဲပြောတာပေါ့ကွာ။ ဒါပေမဲ့ ဝတ်ရည်က မယုံဘူး။ နောက်ဆုံး အတင်မေးလို့ ဝတ်ရည်တစ်ယောက်တည်းကို ငါ အကြောင်းစုံ ပြောပြလိုက်တယ်။ အဲ့ဒီထဲမှာ လှိုဝှက်မြို့ရိုးစာရွက်ပြဲသွားလို့ ထူးအောင် အရေးပေါ်ဆေးရုံတင်လိုက်ရတဲ့အကြောင်းတွေ ပါတယ်။ အမှန်တော့ ငါက သူကြောက်သွားအောင် ပြောလိုက်တာ။ ဒါပေမဲ့ . . ."

စောထူးက စကားကို တစ်ဝက်တစ်ပျက်နှင့်ရပ်ပြီး သူ့ကိုကြည့်သည်။ သော်ဖြိုး စိတ်ဝင်တစားနားထောင်နေတာကို တွေ့တော့မှ . . .

"သူ ဒီစာရွက်ကို ဘယ်လိုဘယ်လို ဖြဲလိုက်တယ်ဆိုတာကိုတော့ ငါမသိဘူးပေါ့ကွာ။ ငါက စာရွက်ရမှသိတာ။ သူ ရေထဲပြုတ်ကျပြီး ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ထိသွားတော့ အဝတ်အစားတွေရေစိုကုန်တယ်လေ။ ရေစိုအင်္ကျီထဲက သူ့သူငယ်ချင်းတွေထုတ်ကြည့်လို့ ငါတွေ့ခဲ့တာပဲ။ မသင်္ကာတာနဲ့ မင်းမလာခင် ငါမေးကြည့်တော့ ဝတ်ရည် အားလုံးကိုဝန်ခံတယ်။ ရည်ရွယ်ချက်ကတော့ အခုခေတ်ကလေးတွေ လက်သုံးစကားပေါ့ကွာ။ စမ်းကြည့်တာတဲ့"

ရေစိုစာရွက်လေးကို သော်ဖြိုးကိုင်၍သာ ကြက်သေသေနေမိတော့သည်။ ပြီး မနက်က ဝတ်ရည် သူ့အခန်းထဲရောက်နေပုံတွေ၊ သူ့ကိုတွေ့တော့ သူခိုးလူမိသလို ပျာယီးပျာယာနဲ့ အခန်းထဲကထွက်သွားပုံတွေကို ပြန်မြင်မိသည်။

"အခု လှိုင်ဝှက်မြို့ရိုးက ဘယ်နရွက်ရောက်သွားပြီလဲ"

"ညက အဋ္ဌမအုတ်ချပ်ပြီးသွားပြီ။ ဒီနေ့ည နဝမအုတ်ချပ်"

"သုံးရွက်ပဲကျန်တော့တာပေါ့"

"အေး . . . ဟုတ်တယ်"

စောထူးအကြည့်တို့ တည်တံ့စွာ သူ့ဆီရောက်လာသည်။ ပြီးတော့ . . .

"ငါစိုးရိမ်တာ အဲ့ဒါပဲ"

"ဘာကိုလဲ"

နားမလည်စွာ သူပြန်မေးလိုက်တော့ . . .

"လှိုင်ဝှက်မြို့ရိုးစာအုပ်ကို လက်ဝယ်ပိုင်ဆိုင်ထားသူတစ်ယောက်ရဲ့ နောက်ဆုံးဇာတ်သိမ်း . . ."

"ဘာ . . ."

"လှိုင်ဝှက်မြို့ရိုးနဲ့ တိုက်ရိုက်ပတ်သက်သူနှစ်ယောက်ကတော့ ငါတို့ရှေ့မှာတင် ဒုက္ခဆိုးတွေကြုံသွားရပြီ။ သူတို့ထက်ပိုပြီး တိုက်ရိုက်ပတ်သက်နေတာ မင်း . . ."

သော်ဖြိုး ရင်တစ်ချက်ဒိုင်းခနဲဆောင့်ခုန်သွားတော့ . . .



"နှစ်ယောက်စလုံး အဆိုးတွေပဲဖြစ်ခဲ့တာ။ မင်းကိုလည်း သူတို့လိုဖြစ်မှာ ငါစိုးရိမ်နေတယ်"

သူတို့နှစ်ဦး၏မျက်လုံးများ အချိန်အတော်ကြာ ဆုံမိသွားကြပါသည်။ တစ်ဦးရဲ့ဆိုလိုရင်းကို နောက်တစ်ဦးက တွေးဆချင့်ချိန်ထားသလိုမျိုး။

တစ်စက္ကန့် . . .

နှစ်စက္ကန့် . . .

သုံးစက္ကန့် . . .

"မင်း ဘာလုပ်ချင်လို့လဲ"

"အဲ့လိုကိစ္စတွေနဲ့ပတ်သက်လို့ ငါ့အမေအရမ်းအားကိုးတဲ့ ဆရာတစ်ယောက်ရှိတယ်"

" . . . . "

"သူ့ဆီသွားပြီး လှိုင်ဝှက်မြို့ရိုးကို ပြကြည့်ချင်တယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

နဝမ အုတ်ချပ်

တောင်ကုန်းပေါ်မှအိမ်လေးသို့ သင့်ချစ်သူကိုခေါ်သွားပါ။
မထင်မှတ်ဘဲ သင်လိုချင်သောအဖြေရလိမ့်မည်။
မနာလိုသူ ဒုက္ခပေးမည်။



# XXXII

လူခေါ်ဘဲလ်မြည်သံကြောင့် မျက်နှာသစ်နေရာမှ ပန်းဝါ ဆတ်ခနဲခါးမတ်သွားသည်။ ပြီး ဒီလိုမနက်စောစောစီးစီး လူခေါ်ဘဲလ်တီးသူမှာ မည်သူဖြစ်ကြောင်းကိုလည်း အလိုလိုသိလိုက်၏။ သော်ဖြိုးမှလွဲ၍ တခြားသူမဖြစ်နိုင်ပါ။

ဘာကြောင့် ဖုန်းမဆက်ဘဲ ဘဲလ်တီးရပါသနည်း။ အိမ်တွင်းမှ လျှပ်စစ်ခေါင်းလောင်းလေးမှာ တချွင်ချွင်အော်မြည်နေဆဲ။ ဒေါ်လေးသိလျှင် ပြဿနာတက်တော့မည်။ ထို့ကြောင့် . . .

ရေချိုးခန်းတွင်းမှ သူမ အလျင်အမြန်ထွက်ကာ ဧည့်ခန်းကို အပြေးအလွှားဖြတ်ကျော်လိုက်သည်။ ပြီးတော့ တွေ့ကရာဖိနပ်ကောက်စွပ်ကာ အိမ်တွင်းမှအပြေးထွက်ခဲ့ပါတော့သည်။ ဒေါ်လေးမသိရန် အမြန်ဆုံး ဘဲလ်မြည်သံရပ်မှဖြစ်မည်မို့ မျက်နှာပင်မသုတ်အား။ ဖြူဆွတ်ဆွတ်မျက်နှာလေးမှာ ရေမှုန်ရေမွှားတွေကပ်ငြိနေသည်။

ခြံဝကိုရောက်တော့ တံခါးကို အလျင်အမြန်ဖွင့်ကာ တွေ့[illegible] ချင်း ပြစ်တင်စကားဆိုလိုက်တော့ . . .

"ဘာဖြစ်လို့ ဘဲလ်တီးရတာလဲ။ တော်ကြာ ဒေါ်လေးသိ . . ."

www.burmeseclassic.com

"ပန်းဝါ ကိုယ့်ကိုယုံတယ်မလား"

သူမစကားမဆုံးခင် ထွက်လာသောသူ့စကားကြောင့် . . .

"ရှင် . . ."

"ပန်းဝါ ကိုယ့်ကို ယုံတယ်မလား"

မျက်နှာကိုတည်ကာ အလျင်စလိုဟန်နှင့် ပြောသည်ကြောင့် ကြောင်တောင်တောင်ဖြင့် သူမ ခေါင်းညိတ်မိသွားလားမသိလိုက်။

ပန်းဝါဆီမှာ အသိအမှတ်ပြုမှုကိုရလျှင်ရချင်း ပန်းဝါလက်ကို လှမ်းဆွဲလိုက်ပါသည်။ ပြီးတော့ . . .

"ပန်းဝါ ဘာမှမဖြစ်စေရဘူး။ ကိုယ် အာမခံတယ်။ လာ . . ."

လက်ကိုဆွဲကာ ရပ်ထားသောဆိုင်ကယ်ပေါ် ဆွဲတင်လိုက်၏။ ပြီး သူကိုယ်တိုင်လည်း ဆိုင်ကယ်ပေါ် အလျင်အမြန်တက်ကာ မောင်းထွက်ခဲ့လိုက်ပါသည်။

'ဂူး'ခနဲမောင်းထွက်သွားသော ဆိုင်ကယ်အရှိန်ကြောင့် ပန်းဝါ လက်နှစ်ဖက်မှာ သူ့ခါးကို အတင်းအကြပ်သိုင်းဖက်လာပါသည်။ ပြီးတော့ ကြောက်လန့်စိုးထိတ်နေသော အသံပြာပြာနဲ့ . . .

"ဟယ် . . . ဘယ်လဲ။ ဘယ်ကိုသွားမလို့လဲ သော်ဖြိုး"

ဆိုင်ကယ်အရှိန်ကိုထပ်တင်ကာ အံကိုတင်းတင်းကြိတ်လိုက်၏။ ပန်းဝါရဲ့လက်တစ်ဖက်က သူ့ကျောကုန်းအား တဘုန်းဘုန်းထုရိုက်လာကာ . . .

"သော်ဖြိုး . . . ပန်းဝါကိုဖြေပါဦး၊ ပန်းဝါကို ဘယ်ခေါ်သွားမလို့လဲ"

လက်မှနာရီကိုကြည့်လိုက်တော့ အချိန်မှာ ငါးမိနစ်သာသာ လောက်သာ ရတော့သည်။ ထို့ကြောင့် လီဗာကို ခပ်ပြင်းပြင်းဆွဲလိုက်တော့ . . .

"သော်ဖြိုး . . . ပန်းဝါမေးနေတယ်နော်။ ပန်းဝါကို ဘယ်ခေါ်သွားမလို့လဲ။ အခုပြောပြ"



သော်ဖြိုး ငြိမ်နေဆဲ။

"သော်ဖြိုး . . . ပန်းဝါကို ဘယ်ခေါ်သွားမလို့လဲ မပြောဘူးလား။ မပြောရင် ပန်းဝါ ဆိုင်ကယ်ပေါ်ကခုန်ချမှာ"

အသံမှာ အနည်းငယ်မာပြီး ငိုသံပါစွက်လာသည်ကြောင့် ဆိုင်ကယ်အရှိန်ကို မဆိုစလောက်လေး လျှော့ချလိုက်ကာ . . .

"ပန်းဝါကို ကော်ဖီလိုက်တိုက်မလို့"

"ဘာ . . ."

"ကိုယ် အာမခံတယ်။ ပန်းဝါ ဘာမှမဖြစ်စေရဘူး။ ပန်းဝါကို အကောင်းဆုံးအရသာနဲ့ ကော်ဖီတစ်ခွက်တိုက်ချင်လို့"

"ဘုရားရေ . . . ဒီပုံစံနဲ့"

ပန်းဝါ ပြောပြောဆိုဆို ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်လိုက်ပါသည်။ အိပ်ရာကနိုးထကာစ မဖြီးမသင်ရသေးသော ဆံပင်၊ မျက်နှာသစ်ပြီး ရေပင်မသုတ်ရသေးသော မျက်နှာပြောင်ရှင်းရှင်း၊ အကျီလက်ရှည်ပွပွ၊ ဘောင်းဘီရှည်ပွပွနဲ့ ညအိပ်ဝတ်စုံ။ ပိုဆိုးသည်က အိမ်နေရင်းစီးသည့် သိုးမွေးကွင်းထိုးဖိနပ်။

ဒီပုံစံနှင့် ကော်ဖီလိုက်သောက်ရမတဲ့။ ဘုရား . . . ဘုရား၊ သော်ဖြိုး ဘယ်ဆိုင်ကိုများ ခေါ်သွားမှာလဲ။

"ကျွတ် . . . ဒုက္ခပါပဲ။ ခေါ်လေးသိရင် သတ်တော့မယ်။ ပြီးတော့ ဒီပုံစံကြီးနဲ့ ဘယ်ဆိုင်မှာ ကော်ဖီလိုက်သောက်ရမှာလဲ"

နောက်ဖက်မှ တတွတ်တွတ်ပြောရင်းပါလာတော့ သော်ဖြိုး စိတ်မရှည်စွာ လီဗာကိုဆောင့်ဆွဲလိုက်သည်။ ထိုအခါမှာတော့ . . .

'အဲ့'ဟု မသိမသာရေရွတ်ကာ လက်နှစ်ဖက်က သူ့ခါးကို ခပ်တင်းတင်းတိုးဖက်၏။ သော်ဖြိုး မျက်နှာကိုပြုံးရင်း အလျင်အမြန်ဆုံး အရှိန်နှင့် လေကိုထိုးခွဲလိုက်ပါတော့သည်။ နှင်းတွေအစုလိုက် အပြုံလိုက် ကျဆင်းနေပေမဲ့ ဆိုင်ကယ်အရှိန်ကို လျှော့မပေးမိ။



www.burmeseclassic.com

www.burmeseclassic.com

မကြာခင် နေထွက်လာတော့မည်။ နေထွက်လို့မရသေး။ နေမထွက်ခင် အမီရောက်အောင်သွားရမည်။

ဒီလိုနှင့် အချိန်တစ်ခုကြာမြင့်ပြီးသွားစဉ်မှာတော့ . . .

တောင်ကုန်းပေါ်ထိရောက်အောင် ဆိုင်ကယ်ကိုမောင်းတက်လိုက်သည်။ ထင်းရှူးတောစပ်ကိုရောက်တော့ ဆိုင်ကယ်ကိုရပ်လိုက်၏။ ဆိုင်ကယ်ပေါ်မှဆင်းဆင်းချင်း နောက်ဖက်ဆီလှမ်းကြည့်လိုက်တော့ ...

"ဟာ . . ."

အရှေ့ဘက်ကောင်းကင်မှာ ရောင်နီထွက်တော့မည်။ ကြက်ဥနှစ်ရောင်တိမ်တိုက်တွေ ခင်းကျင်းကာ အနီရောင်တိမ်ပွင့်တွေ အစုလိုက်၊ အစုလိုက်ပွင့်လို့ . . . ။

နှင်းလွှာပါးပါးကတော့ သူတို့ကြားမှာခံနေဆဲ။

"ပန်းဝါ၊ မြန်မြန်"

ပန်းဝါလက်ကို ခပ်တင်းတင်းဆွဲကာ ထင်းရှူးတောတွင်း ဖြတ်ပြေးဝင်လိုက်သည်။ ဘာမှန်းညာမှန်းမသိစွာ ပကတိရိုးသားသောမျက်နှာလေးနဲ့ ပန်းဝါမှာလည်း သူ့နောက်မှအပြေးပါလာ၏။ သော်ဖြိုး မြေရှင်းချက်တွေ၊ ထင်မြင်ချက်တွေ ဘာတစ်ခုမှမပေးတော့ . . .။

နှင်းရည်လူးနေသော မြက်ခင်းတွေကိုနင်းဖြတ်ကာ ခြေလှမ်းအချို့ လှမ်းပြီးသွားချိန်မှာတော့ . . .

သူတို့ ကမ္ဘာသစ်တစ်ခုကို မြင်လိုက်ရပါပြီ။ နှင်းမှုန်ဖွဲဖွဲအောက်မှာ ဝါးတဲလေးတစ်လုံး။ မလှမ်းမကမ်းရှေ့ဘက်ဆီမှာ မီးတောက်တလူလူလွင့်နေသော မီးပုံလေးတစ်ပုံ။ ဒီတစ်ခါတော့ မီးပုံလေးက သော်ဖြိုး ပထမဆုံးအကြိမ်ရောက်ခဲ့တုန်းကလို သူတစ်ခုတည်းမဟုတ်တော့။ မီးတောက်လေးအလယ်တည့်တည့်မှာ မီးခိုးတွေပြည့်ကြပ်နေသော ရေနွေးအိုးလေးတစ်အိုး တုတ်လျှိုတည်ထားသည်ကို တွေ့ရသည်။

ထိုအရာတွေရဲ့ဟိုဘက်မှာက တောင်ကုန်းမြင့်လေးတစ်ခုနှင့် ရိုးတံကျဲကျဲသစ်ခြောက်ပင်ကြီး။



ပန်းဝါလက်ကိုဆွဲကာ ထိုသစ်ပင်ကြီးဆီရောက်အောင် သော်ဖြိုးအပြေးသွားလိုက်ပါတော့သည်။ ပန်းဝါမှာလည်း သူဆွဲခေါ်ရာနောက် အမောတကောဖြင့်ပါလာ၏။ တောင်ထိပ်ရောက်တော့ . . .

ပန်းဝါလက်ကိုလွှတ်ပေးပြီးချင်းမှာပဲ အမောစို့လှမတတ် ပန်းဝါ မောဟိုက်သွားလေတော့၏။ မျက်လုံးကိုမှိတ်ဆင်းကာ ရင်ဘတ်ကိုလက်ဖြင့်ဖိရင်း အမောတကော အသက်ရှူနေသည်။ သော်ဖြိုး သက်ပြင်းကိုချမိလိုက်၏။ တော်သေးသည်။ သူတို့ နောက်မကျသေး။

နာရီကိုကြည့်လိုက်တော့ မိနစ်ဝက်မျှသာလိုတော့သည်။ ထိုအခါမှာတော့ . . .

"ပန်းဝါ အောက်ကိုကြည့်လိုက်"

သူ့စကားကြောင့် မောပန်းလွန်း၍ မှိတ်ဆင်းထားသောမျက်လုံးလေး ဖြည်းဖြည်းချင်းဖွင့်ဟသွားစဉ် . . .

"အို့ . . ."

သူမ မြင်ရသည်ကား . . .

မျက်စိတစ်ဆုံး ရှည်လျားသောစိုက်ခင်းကြီးတစ်ခု။ ထိုစိုက်ခင်းကြီးပေါ် အုပ်မိုးဖြန့်ကျက်နေသော နှင်းငွေ့နှင်းပြင်တွေ၊ တိမ်တွေကို အပေါ်စီးမှမြင်လိုက်ရသလို (သို့) ကောင်းကင်တိမ်တိုက်တွေက မြေပြင်ပေါ် တစ်ပြင်လုံးအိကျလာသလို မြင်တွေ့လိုက်ရသည်။

အဖြူရောင်ပိတ်ခင်းကြီးတစ်ခု တငွေ့ငွေ့ရှန်းကြွနေတာနှင့်ပင်တူနေသေးတော့၏။ အခိုးအငွေ့တွေ တလူလူလွင့်လို့၊ မျောလို့။ စိုက်ခင်းစိမ်းတွေပေါ် အုပ်မိုးဖုံးလွှမ်းလို့။

ပန်းဝါ စကားမဆိုနိုင်တော့ပါ။ မောနေသောအမောတွေပင် ဘယ်နားပျောက်ရှသွားသည် မသိတော့။

"ပန်းဝါ သေချာကြည့်နော်"

သူ့စကားဆုံးလျှင်ဆုံးချင်းမှာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်မှ ရောင်စဉ်တန်းတွေ သူတို့ရှေ့တော်မှောက်အရောက် တစ်ပေါက်ချင်းထိုးဆင်းလာပါတော့၏။

"အို့ . . . ဘုရားရေ"

ကပျာကယာ လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်စုတင်လိုက်တော့...

မီးတန်းရှည်ကြီးတစ်ခုမှာ အနီးဆုံးမှစ၍ တစ်လုံးချင်းဆင့်ကဲဆင့်ကဲပွင့်သွားလိုက်သလို နေရောင်ကျဆင်းလာပုံမှာလည်း အနီးဆုံးမှဟိုး . . . အဝေးဆီသို့ တစ်ပေါက်ချင်း၊ တစ်ဆင့်ချင်း လှိုင်းလိမ့်သလိုလိမ့်ဆင်းသွားသည်။

လှလိုက်သည့်ဖြစ်ချင်း။ ယခုမှ ပတ်ဝန်းကျင်က အားလုံးပြည့်စုံသွားသလို။ နေရောင်အောက်မှာ နှင်းငွေ့များ ပြေးလွှားတိုးဝှေ့နေကြသည်ကိုလည်း အနီးကပ်မြင်ရ၏။

အံ့သြကြည်နူးမှုများနှင့်ရှိနေသော ပန်းဝါကိုကြည့်ကာ သော်ဖြိုး နောက်ဖက်ကို လှည့်ထွက်ခဲ့ပါသည်။ တစ်အောင့်ကြာတော့ အငွေ့တထောင်းထောင်းထနေသော ခွက်လေးနှစ်ခွက်ကိုကိုင်ရင်း ပြန်ရောက်လာ၏။ သို့တိုင်အောင် ပန်းဝါမှာ ယခုချိန်ထိ တုပ်တုပ်မျှမလှုပ်။

သဘာဝပန်းချီကားတစ်ချပ်ကို ရင်သပ်ရှုမောခံစားနေသည် (သို့) ပျော်ဝင်နေသည်။

"ပန်းဝါ"

ခေါ်သံကြောင့် မျက်နှာလေး သူ့ဘက်လှည့်လာစဉ် . . .

"ပန်းဝါအတွက် morning coffee"

ပန်းဝါက သူ့လက်တွင်းမှ ကော်ဖီခွက်ကို လှမ်းမယူပါ။ အဓိပ္ပာယ်မဖော်တတ်သော အပြုံးတစ်ခုနှင့် သူ့ကိုစိုက်ကြည့်နေပါသည်။ သော်ဖြိုး မထင်မရှားပြုံးလိုက်ရင်း . . .

"ဒါ ပန်းဝါကြည့်ချင်တဲ့ ရှုခင်းမလား"

ပြန်မဖြေ။ ဒါပေမဲ့ နှုတ်ခမ်းလေးတစ်ဖက်ကိုတော့ ဖိကိုက်ထားသည်။



"ဒါ ပြင်ဦးလွင်ကော်ဖီလို့ခေါ်တယ်။ ပြင်ဦးလွင်မှာသီးတဲ့ ကော်ဖီစစ်စစ်ရယ်၊ ပြင်ဦးလွင်ထွက် နွားနို့စစ်စစ်ရယ်ကို ပေါင်းဖျော်ထားတာ။ အရမ်းကောင်းတယ်။ ဒီလိုကော်ဖီမျိုး ပြင်ဦးလွင်ကလွဲပြီး ဘယ်မှာမှမရဘူး"

နှုတ်ခမ်းကိုကိုက်ထားလျက်မှ ကော်ဖီခွက်ကို လှမ်းယူသည်။ ငတုံးတစ်ယောက်မဟုတ်ပါက ဒီအခြေအနေ၏ အတိမ်အနက်ကို နားလည်သင့်ပါသည်။ သူ ငတုံးတစ်ယောက်မဟုတ်ပါ။ ထို့ကြောင့် ဒီအချိန်က အဖြေတောင်းဖို့ အကောင်းဆုံးအချိန်ဆိုတာ နားလည်လိုက်ပါသည်။

"တကယ်တော့ ပန်းဝါနဲ့မနက်ခင်းတိုင်း အခုလို ကော်ဖီအတူတူသောက်ခွင့်ရချင်တာပါ"

mode အပြည့်နဲ့ပြောပြီး ပန်းဝါကိုကြည့်တော့ ပန်းဝါက မျက်လုံးလေးဝင့်ကာ တစ်စုံတစ်ရာကိုငေးနေသည်။ ဒါ ရှက်နေတာပဲဟု အလိုလိုသိလိုက်သည်ကြောင့် အိုက်တင်ကို Tempo ထပ်တင်ကာ မျက်နှာကိုအိုချရင်း . . .

"ပြောပြီးသားကိုပဲ ထပ်ပြောပါရစေ။ ပန်းဝါကို ကိုယ်အရမ်းချစ်တယ်။ ကိုယ့်ကိုယ်လည်း ပြန်ချစ်မယ်မလားဟင်"

"ဟယ် . . . ချစ်စရာလေးတွေတော့"

လုံးဝလွဲသွားသော ပန်းဝါစကားကြောင့် တင်ထားသော mode တွေ ပြုတ်ကျကာ . . . 'ဘာလဲဟ' စိတ်မှာ ရေရွတ်ရင်း ပန်းဝါကြည့်ရာဆီလိုက်ကြည့်မိတော့ . . .

တောင်ကုန်းပေါ်ကသာ ခုန်ချလိုက်ချင်တော့သည်။ လွဲမှားသွားသော အခြေအနေတစ်ရပ်ကိုလည်း ချက်ချင်းနားလည်လိုက်၏။ ဒါပေမဲ့ သော်ဖြိုးပဲလေ . . .

"ဟေး . . ."

ကြောက်ခမန်းလိလိ အသံပြဲကြီးနဲ့ထအော်တော့ နံဘေးမှ ပန်းဝါပါးစပ်ဟောင်းလောင်း ပွင့်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ပန်းဝါက ငါ့ကိုချစ်တယ်တဲ့ကွ။ ဟေး . . ."

"ဟင် . . ."

ဒီတစ်ခါတော့ ဟောင်းလောင်းပွင့်နေသော ပါးစပ်လေး ပိတ်သွားသည်။ ပြီး ချက်ချင်းပင် . . .

"ဘယ် . . . ဘယ်လို . . ."

"ပန်းဝါက အဖြေပေးလိုက်ပြီ။ ချစ်တယ်တဲ့"

အရှုးကွက်နင်းကာ တစ်ယောက်တည်းအော်နေလိုက်သည်။ ဘလိုင်းကြီးထပြီး အူမြူးနေသော သူ့ကိုကြည့်ပြီး ပန်းဝါက . . .

"ဘယ်လို . . . ပန်းဝါက သူ့ကို အဖြေပေးလိုက်တယ်။ ဟုတ်လား"

"ဟုတ်တယ်လေ"

"အယ် . . . ဘယ်တုန်းကလဲ"

'လာနောက်မနေနဲ့' ဟူသောပုံစံမျိုးနှင့် သော်ဖြိုး ပြုံးလိုက်ကာ ရယ်ချင်ပက်ကျိမျက်နှာနှင့် ပန်းဝါကိုကြည့်ပြီး . . .

"ခုနတုန်းကလေ။ ကိုယ့်အဖြေတောင်းတော့ ပန်းဝါပဲ ကိုယ်ကိုယ့် ချစ်စရာလေးဆို"

"ဟင် . . ."

သူမ မျက်လုံးလေးပြူးကာ စဉ်းစားသွားသည်။ မကြာလိုက် အဖြစ်မှန်ကိုသဘောပေါက်ကာ . . .

"အာ . . . မဟုတ်ဘူး။ ပန်းဝါက ဟိုမှာနားနေတဲ့ လိပ်ပြာလေးတွေကိုပြောတာ"

ပျာပျာသလဲဖြင့် အခုထက်တိုင် အမြင်ကတ်စွာရှိနေသေးသော လိပ်ပြာနှစ်ကောင်ကို လက်ညှိုးထိုးပြတော့ . . .

"ပန်းဝါနော် . . . အရှုးကွက်လာမနင်းနဲ့၊ မရဘူး။ ပြောပြီးစလစ်ပဲ"



ရှပ်တည်နှင့်ဆိုတော့ ပန်းဝါမှာ သူ့ကိုကြည့်ပြီး ရယ်ပါသည်။ ပြီး နှုတ်ခမ်းကိုမဲ့ကာ အရယ်တစ်ဝက်နှင့် သူ့ကို ရွှန်းရွှန်းစားစားကြည့်နေ၏။ ထိုစဉ်မှာပင် ကံကြမ္မာကြီးက သူ့ကို စစ်ကူလွှတ်ပေးလိုက်ပါသည်။

"မမနော် . . . ဦးဦးကို လူလည်မကျနဲ့။ မမ ဦးဦးကိုချစ်စရာ လေးလို့ပြောတာ မီးမီးကြားတယ်"

နောက်ဘက်ဆီမှ မပီကလာပီကလာအသံကြောင့် လှည့်ကြည့်လိုက်တော့ . . .

ကယ်တင်ရှင်မောင်နှမနှစ်ယောက်ကို တွေ့ရ၏။ ဟိုတစ်ခါ သူဓာတ်ပုံရိုက်ပေးခဲ့သည့် ကလေးနှစ်ယောက်။

"ဟုတ်တယ်၊ သားလည်းကြားတယ်"

လူလည်ကျရင်ပဲ ရန်တွေ့တော့မယ်ပုံစံနှင့် ကလေးမလေးက ခါးထောက်ကာ နှုတ်ခမ်းစူပြီးရပ်နေသည်။ နှစ်ဦးစလုံးရဲ့ပုံစံတွေက သော်ဖြိုးဘက်မှာ အပြည့်အဝရှိနေသလို။

ပထမတော့ ပန်းဝါကြောင်သွား၏။ ပြီးမှ ခါးထောက်ကာရပ်နေသော ကလေးနှစ်ယောက်ကိုကြည့်ကာ တသိမ့်သိမ့်ရယ်ပါတော့သည်။

ဒီလိုပါပဲ။

ကံကြမ္မာက တစ်ခါတစ်ရံမှာ ထင်မှတ်မထားစွာ မျက်နှာသာ ပေးတတ်သည်။ ထိုကယ်တင်ရှင်ကလေးနှစ်ယောက်ကြောင့်ပဲ ပြောရပါမည်။ ပန်းဝါ သူ့ကို အဖြေပေးခြင်း၊ မပေးခြင်းကိစ္စမှာ ဟိုလိုလို၊ ဒီလိုလိုနှင့် အတည်ဖြစ်သွား၏။

ဒီတော့ အရဲကိုးကာ ပန်းဝါကိုယ်လုံးလေးကို ထွေးပွေ့ပစ်လိုက်သည်။ ရှက်မျက်နှာရဲရဲကို အတင်းခေါင်းငုံ့ရှောင်လွှဲထားသည်မှလွဲ၍ ရင်ခွင်တွင်းမှ ရုန်းမထွက်ပါချေ။

ပြီးတော့ သူမပြောနေကျစကားလေးတစ်ခွန်းကိုလည်း တိုးတိုး ပြော၏။



www.burmeseclassic.com

www.burmeseclassic.com

"လူလည်ကြီး"

တဲ့။

သူ့ကို လူလည်ကြီးပြောသည်ကြောင့်တော့ ငြင်းမည်မဟုတ်ပါချေ။

ဒီလိုပါပဲ . . .

အချစ်ဆိုတာ တစ်ခါတစ်ရံ လူလည်ကျမှ အဆင်ပြေတတ်သည် မဟုတ်ပါလား။

❧ ❧ ❧



သူတို့နှစ်ဦး ဆိုင်ကယ်တစ်စီးဖြင့် အချိန်အတော်ကြာအောင် မြို့အနှံ့လည်မိကြသည်။ နှစ်ဦးစလုံးက မရရှိခဲ့ဖူးသော အဆင့်မြင့်ခံစားမှုတွေနှင့် တက်ကြွလို့။

ဒါပေမဲ့ . . .

သူတို့နောက်မှာ ထက်ကြပ်မကွာ လိုက်ပါစောင့်ကြည့်နေသူ တစ်ဦး ရှိသည်ဆိုတာကိုတော့ သတိမထားမိခဲ့။

ဒါသည်ပင် . . .

သူတို့ရဲ့ ကံဆိုးမှုဖြစ်လေသည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

# XXXIII

အပြင်ဘက်ဆီမှ ပုစဉ်းရင်ကွဲအော်သံတွေကို ဆူညံစွာကြားနေရ၏။ လေရှိန်ကြောင့် အချင်းချင်းပွတ်တိုက်နေသော သစ်ရွက်ခတ်သံတွေကိုလည်း ကြားရသည်။ အပြင်မှာ အေးချမ်းလှပေမဲ့ တဲလေးတစ်လုံးအတွင်းမှာ သူနှင့်စောထူးနှစ်ယောက် နွေးနွေးထွေးထွေးဖြစ်နေသည်။

မြို့နှင့်အလှမ်းဝေးသော ရွာလေးတစ်ရွာမှ ခြံကြီးတစ်ခြံအတွင်းသို့ ရောက်နေကြခြင်းဖြစ်သည်။ စောထူးရဲ့ဆက်သန်မှုကြောင့် သူတို့ကိုးကွယ်သည်ဆိုသော ဆရာတစ်ဦးဆီသို့ ရောက်နေကြတာပါ။ ပြင်ဦးလွင်အနီးအနားမှ ရွာတစ်ရွာဖြစ်ပေမဲ့ ဘယ်ရွာလဲ သူမသိ။ ရောက်ရှိရာနေရာကတော့ သစ်ပင်ဝါးပင် အုပ်အုပ်ဆိုင်းဆိုင်းနှင့် တောဆန်ဆန်ဖြစ်သည်။

ပိုးကောင်မွှားကောင်အော်မြည်သံတွေက အပြင်ဘက်မှာ ဆူဆူညံနေ၏။ စောထူး ပြောဆိုမှုအရတော့ ယခုရောက်နေသော ဆရာကြီးရဲ့နာမည်မှာ ဆရာကြီးဦးထွန်းညိုဟု သိရသည်။ တပည့်တစ်ဦးနှင့်နေထိုင်ပြီး ထိုတပည့်မှာတော့ အိမ်ပေါက်ဝတွင်ထိုင်ကာနေသည်။



အိမ်မှာ ဝါးတဲသာသာမျှပင်ဖြစ်ပြီး ခေါင်းရင်းဘက်တစ်ခြမ်းလုံးက ဘုရားစင်၊ နတ်စင်များနှင့် ပြည့်နေသည်။ ဖယောင်းတိုင်နှင့် အမွှေးတိုင်ကို မပြတ်ပူဇော်ထားသည်ကြောင့် တစ်အိမ်လုံး အမွှေးတိုင်ငွေ့တွေ ဖုံးလွှမ်းနေကာ အသက်ရှူပင်ကြပ်သလိုလို ဖြစ်မိသည်။ ပြီးတော့ အမွှေးတာတ်ရရန် သူတို့နောက်ဖက်မှာလည်း မီးသွေးဖိုတစ်ဖို ဖိုထားသေး၏။

သူတို့ရောက်နေတာ အချိန်တော်တော်ကြာနေပါပြီ။ ဆရာကြီးနှင့် မတွေ့ရသေး။ အဓိဋ္ဌာန်ပုတီးစိပ်နေသည်ဆို၏။ အိမ်ခန်းတစ်ခန်းသာရှိသည်မို့ ထိုအခန်းထဲမှာသာ ဖြစ်နိုင်ပါသည်။ သူတို့ ညကိုးနာရီကတည်းက ရောက်နေတာပါ။ အခု ဆယ်နာရီခွဲတော့မည်။

သော်ဖြိုး စိတ်မရှည်နိုင်တော့စွာ . . .

"ဟော့ကောင်၊ ဘယ်လိုလဲ။ အခုထိ ထွက်မလာသေးဘူး။ မင်းဟာက ဟုတ်ရောဟုတ်သေးရဲ့လား"

စောထူးက အသံကြားသွားမှာစိုးသလို မျက်နှာရိပ်မျက်နှာကဲဖြင့် သူ့ဘက်လှည့်လာကာ . . .

"ခဏလေးသည်းခံစမ်းပါကွာ။ မကြာပါဘူး"

သူ့တို့ပြောစကားကို အိမ်ပေါက်ဝမှာထိုင်နေသူ တပည့်က ကြားသွားသည်ထင်၏။

"ဆရာကြီး အဓိဋ္ဌာန်ပြည့်တော့မှာ အစ်ကို။ ခဏလေးပဲ၊ တစ်အောင့်နေထွက်လာလိမ့်မယ်"

မတတ်နိုင်တော့။ စောင့်လက်စနှင့် ဆက်သာစောင့်ရတော့မည်။ ဆယ်မိနစ်လောက် ထပ်ကြာသွားမည်ထင်၏။ အတွင်းဘက်ဆီမှ လှုပ်ရှားသံသဲ့သဲ့ကို ကြားလိုက်ရပါသည်။ ပြီးတော့ အပြင်ဘက်ဆီလျှောက်လာသော ခြေသံရှပ်ရှပ်ကိုလည်း ကြားရသည်။ ဆရာကြီး ထွက်လာပြီထင်သည်။ ထင်သည့်အတိုင်းပါပဲ။

ကာထားသောလိုက်ကာလေး လှုပ်ရှားသွားသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

ယောဂီရောင်ထက်အောက်ဝတ်စုံနှင့် ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို တွေ့လိုက်ရလေသည်။ ထိုလူကြီးက သူတို့နှစ်ဦးအားကြည့်ရင်း ခေါင်းညိတ်သည်။ စောထူးက ခြေကိုပြင်ထိုင်ကာ လက်အုပ်ချီတော့ သူလည်း ဘာမှန်းညာမှန်းမသိ လက်အုပ်ချီလိုက်ရသည်။

ဆရာကြီးက ခေါင်းရင်းဘက်မှာ ဝင်ထိုင်ပါသည်။ ပုံစံကြည့်ရတာ အသက်ငါးဆယ်လောက်ရှိမည်ထင်ရ၏။ ဥပမိရုပ်ခန့်ခန့်ညားညားရှိကာ ခေါင်းပေါင်းကို ပေါင်းထားသည်။ လည်ပင်းမှာလည်း မည်းပြောင်နက်ချောနေသော ပုတီးကြီးကြီးတစ်ကုံးကို ဆွဲထားသည်။ ထူးခြားသည်က ဆရာကြီးဦးထွန်းညို၏ မျက်နှာမှာ တခြားဆရာတွေလို အမွေးအမှင်များ မရှိခြင်းပင်။

ညိုမှောင်မှောင်မျက်နှာထားနှင့် တည်တည်တံ့တံ့ရှိသည်ကြောင့် အနေအထိုင်ကောင်းသော ဆရာတစ်ဦးဖြစ်ကြောင်း သော်ဖြိုး သတိထားမိ၏။ ဆရာကြီးထိုင်ပြီးတော့ တပည့်ဖြစ်သူက သူတို့နောက်ဖက်မှာရှိနေသော မီးသွေးဖိုကို ဆရာကြီးနံဘေးသို့ ယူလာပေးသည်။

ထိုစဉ်မှာပဲ ဆရာကြီးက စောထူးကိုကြည့်ကာ . . .

"မင်းအမေ လွှတ်လိုက်တာလား"

"မဟုတ်ဘူး အဘ၊ ကျွန်တော်တို့ကိစ္စနဲ့ ကျွန်တော်တို့လာတာ"

"အိမ်း . . . ဆိုစမ်းပါဦး၊ လာရင်းကိစ္စ"

ဒီတော့မှ စောထူးက လက်တွင်းမှ 'လျှို့ဝှက်မြို့ရိုး' စာအုပ်လေးကိုယူကာ ဆရာကြီးလက်တွင်းသို့ ထည့်ပေး၏။ ပြီးတော့ စာအုပ်ရလာသည်မှစလို့ အကြောင်းစုံအား ဆရာကြီးကို ရှိရိုကျိုးကျိုးပြောပြလိုက်ပါသည်။

ပထမတော့ ဆရာကြီးက စာအုပ်ကိုလှန်မကြည့်ပေမဲ့ စောထူးပြောသမျှကို ဆုံးအောင်နားထောင်သည်။ ပြောနေစဉ်တစ်လျှောက်လုံးမှာလည်း တည်တည်ငြိမ်ငြိမ်ပင်ဖြစ်၏။



စကားဆုံးတော့ ဆရာကြီးက ပထမစာရွက်ကိုလှန်ကြည့်သည်။ ထိုစာရွက်မှာပင် မျက်မှောင်ကြုတ်သွားသည်ကိုတွေ့ရသည်။ ပြီးတော့ နောက်တစ်ရွက် . . .

သော်ဖြိုးမှာ ဆရာကြီး၏ပုံသဏ္ဍာန်အား မပြတ်အကဲခတ်နေသူမို့ မျက်မှောင်ကြုတ်လိုက်၊ ခေါင်းရမ်းလိုက်၊ မျက်စိစုံမှိတ်ကာ ငြိမ်သွားလိုက်ဖြစ်နေသည်ကို အသေအချာတွေ့ရ၏။ ယခုချိန်ထိ ဆရာကြီးက စာအုပ်နှင့်ပတ်သက်၍ တစ်ခွန်းမျှမပြောသေး။ ဒါပေမဲ့ နောက်ဆုံးစာရွက်သို့ရောက်သွားစဉ်မှာတော့ . . .

အကြီးအကျယ်ကို မျက်နှာပျက်ယွင်းသွားပါသည်။ ပြီးတော့ ဖျတ်ခနဲဆိုသလို သူ့ကို စူးစူးရှရှလှမ်းကြည့်သည်။ ထိုခဏမှာပဲ ဆရာကြီးမှာ စာအုပ်ကို အလန့်တကြားပိတ်လိုက်တော့၏။

ပြီးတော့ . . .

"ဒါ . . . အန္တရာယ်ပဲ"

"ဗျာ . . ."

"မကြာခင်မှာ မင်းဆီကို မကောင်းတဲ့ကံကြမ္မာတွေ ဒီစာအုပ်က ခေါ်လာလိမ့်မယ်"

"ဗျာ . . ."

နှစ်ခါမြောက် 'ဗျာ' မိသွားတော့ . . .

"ဟုတ်တယ်၊ ဒီစာအုပ်က လက်ဝယ်ပိုင်ဆိုင်ထားသူကိုရော၊ ပါဝင်ပတ်သတ်နေသူအားလုံးကိုရော အန္တရာယ်ပေးမှာ"

မျက်လုံးတွေ အရောင်တောက်ပြီးပြောနေသော ဆရာကြီးကို ကြည့်ကာ ကြက်သေ,သေသွားစဉ် . . .

"ဒုက္ခတွေရောက်မလာခင် အမြန်ဖျက်ဆီးပစ်လိုက်တော့"

ပြောပြောဆိုဆို ဆရာကြီးက သရဲသဘက်တစ်ကောင်အလား စာအုပ်ကို မီးဖိုပေါ်ပစ်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . ."

"ဟင် . . ."

သူနဲ့စောထူး မျက်လုံးပြူးကာ ကျောက်ရုပ်လိုတောင့်မတ်သွား၏။ မီးခဲရဲရဲပေါ်ရောက်သွားသော စာအုပ်လေးကို မီးတောက်တစ်ခုက ဟုပ်ခနဲလာဟပ်သည်။

ထိုစဉ်မှာပင် ဘယ်ကမှန်းမသိသောအားတစ်ခုက သူ့ကို ရုန်းကြွသွားစေကာ ဖျတ်ခနဲခုန်ထပြီး မီးတောက်လောင်စပြုနေသော စာအုပ်ကို အလျင်မြန်ဆုံး ဖမ်းဆွဲလိုက်ပါသည်။

စာအုပ်နှင့်လက် ထိကိုင်ပြီးပြီးချင်း ကြမ်းပြင်ပေါ်ရိုက်ချလိုက်၏။ စာအုပ်မှာစွဲလောင်နေသော မီးပွားတွေ ဖွဲခနဲ လွင့်စင်သွားသည်။ ပြီးတော့ . . .

နောက်ပြီးတော့ . . .

စောထူးမှာ ကြောင်အလျက်။ မည်သူမျှလည်း သူ့ကို မတားဆီးလိုက်နိုင်။ ထိုခဏ ဆရာကြီးဆီမှ ပြတ်သားလှသောအသံတစ်ခု . . .

"မင်းထွက်သွားတော့ . . ."

သူမော့ကြည့်လိုက်တော့ နောက်တစ်ခွန်း . . .

"အခုချက်ချင်း ထွက်သွားတော့"



# XXXIV

မတတ်နိုင်ပါ။ သူတို့နှစ်ဦး ကုပ်ကုပ်ရုပ်ရုပ်ဖြင့် ဆရာကြီးဦးထွန်းညိုခြံဝင်းတွင်းမှ ထွက်ခဲ့ရသည်။ စောထူးမှာ မျက်နှာပျက်ယွင်းနေ၏။ သူ့ကိုတော့ ဘာမျှမပြော။

ဆိုင်ကယ်ကို ခြံတွင်းမှ မောင်းထွက်ကာ ရွာထဲလမ်းပေါ်တက်လိုက်သည်။ ပြီးတော့ မြို့ထဲပြန်သော လမ်းမကြီးဆီရောက်အောင် ဦးတည်လိုက်စဉ် . . .

နောက်ဘက်မှ အော်ဟစ်သံ၊ ညာသံပေးလှုပ်ရှားသံ၊ သံချောင်းခေါက်သံများကို တစ်ခဲနက် ကြားလိုက်ရလေသည်။ ကြက်သီးတို့ ဖျင်းခနဲသီကာ ကျောချမ်းသွားသည်။ စောထူးဆိုင်ကယ်မှာလည်း အလိုလိုရပ်သွား၏။

"ဟော့ကောင် . . . ဘာဖြစ်တာလဲ"

စောထူးက နောက်လှည့်ကာမေးတော့ . . .

"မသိပါဘူး . . . ရွာထဲက ထွက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်မှန်းမသိ စောထူးက ဆိုင်ကယ်ကို ရှာထဲဘက်ပြန်လှည့်ကာ လာရာလမ်းအတိုင်း အပြင်းမောင်းလိုက်၏။ မကြာမီမှာပင် တွေ့လိုက်ရလေပြီ။

တစ်နေရာဆီသို့ အပြေးအလွှားသွားနေကြသော လူအုပ်ကြီး။ ပုံစံတွေကြည့်ရတာ ထိတ်ထိတ်ပျာပျာဖြင့် ကြောက်ရွံ့တုန်လှုပ်လို့။

နီးစပ်ရာလူတစ်ယောက်နံဘေးသို့ ဆိုင်ကယ်ကိုကပ်ကာ မေးလိုက်တော့ . . .

"ဦးလေး . . . ဘာဖြစ်လို့လဲ"

"ဆရာကြီးဦးထွန်းညိုအိမ် မီးလောင်လို့"

"ဗျာ . . . "

"ဟိုမှာ မီးတောက်တွေ"

ညွှန်ပြရာဆီ ကြည့်လိုက်တော့ . . .

နှစ်ဦးစလုံး သွေးပျက်လုလုပင် တုန်လှုပ်သွားရပါတော့သည်။

စောထူးမှာ အသက်ရှူရပ်သွားမတတ်။

သူကတော့ လက်ထဲမှ စာအုပ်လေးကို ကြောက်ကြောက်လန့်လန့် ကြည့်မိသည်။

စာအုပ်လေး၏အောက်ဖက် အနားစတွေမှာ မီးကျွမ်းလောင်ထားပါသည်။



ဒါသည်ပင် သူတို့ရဲ့ ပထမဆုံးကံဆိုးမှုဖြစ်ကြောင်း သတိပြုခဲ့မိကောင်းသည်။

သို့ပေမဲ့ . . .

လျှို့ဝှက်မြို့ရိုး၏ ဆယ်ရွက်မြောက်ကံကြမ္မာအား ကိုယ်တိုင်ကိုယ်ကျ ထိကိုင်လိုက်မိစဉ်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



သင့်ချစ်သူ ဖမ်းဆီးချုပ်နှောင်ခြင်းခံနေရသည်။
နှစ်နာရီအတွင်း ကယ်တင်ပါ။
မဟုတ်ပါက ဝေးကွာရလိမ့်မည်။



# XXXIV

"ဟင် . . . "

စာအုပ်ကိုပစ်ချကာ လူက ထူပူသွားသည်။ တစ်ကိုယ်လုံးလည်း တင်းကြပ်သလိုဖြစ်သွား၏။ စောထူးကိုကြည့်လိုက်တော့ သူ့အတိုင်း ထိတ်လန့်မှင်တက်ကာနေသည်။ ထိုစဉ်မှာပင် ဖုန်းမြည်သံတစ်ခု။

အလျင်စလို ကောက်ကိုင်လိုက်တော့ . . .

"သော်ဖြိုး . . . သော်ဖြိုးလားဟင်။ အခုဖုန်းကိုင်ထားတာ သော်ဖြိုးလား"

ထိတ်လန့်တုန်ခါလျက်ရှိသော မိန်းမသံတစ်သံကြောင့် . . .

"ဟုတ်ပါတယ် . . . ။ ကျွန်တော် သော်ဖြိုးပါ"

"သော်ဖြိုး . . . ချယ်ရီပါ၊ ချယ်ရီဝင်း။ ပန်းဝါ . . . ပန်းဝါ အကြောင်း . . . "

စကားမဆုံးခင် လူက တုန်ခါသွားကာ . . .

"ပန်းဝါ ဘာဖြစ်လို့လဲ ချယ်ရီ။ ပန်းဝါ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

“ပန်းဝါ အိမ်ကပျောက်သွားလို့”

“ဟင် . . . ”

“ဟုတ်တယ် . . .။ ဒေါ်လေးနေမကောင်းလို့ ဆေးသွားဝယ်တာ တစ်နာရီလောက်ကြာနေပြီ အိမ်ကို ပြန်ရောက်မလာလို့”

“ဘာဖြစ်တယ် . . . တစ်နာရီလောက်ရှိနေပြီ”

“ဟုတ်တယ်။ တစ်နာရီလောက် ရှိနေပြီ။ ချယ်ရီလည်း စိတ်ပူတာနဲ့ ဆေးဆိုင်လိုက်မေးကြည့်တော့ ပန်းဝါ ဆေးဆိုင်ကို ရောက်မလာဘူးတဲ့”

“ဘာ . . . ”

သူ၏အော်သံကျယ်ကြီးကြောင့် စောထူး မျက်လုံးပြူးသွားသည်။ တစ်ဖက်မှ ချယ်ရီဝင်းလည်း တော်တော် တုန်လှုပ်သွားသည်ထင်သည်။ စကားသံ ထပ်ထွက်မလာ။ လိုအပ်သော အမေးစကားတစ်ခုကို သူမေးလိုက်သည်။ ပြီးတော့ ဖုန်းကိုလည်း Speaker ဖွင့်လိုက်၏။

“ပန်းဝါ အိမ်ကထွက်မသွားခင် ဘာတွေထူးခြားသေးလဲ”

“ဘာမှမထူးခြားဘူး။ ဒေါ်လေးနေမကောင်းလို့ ဆေးသွားဝယ်ရုံသက်သက်ပဲ။ ဝတ်သွားတာတောင် အိမ်နေရင်း အဝတ်အစားနဲ့”

သူနဲ့စောထူး တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားသည်။

“ချယ်ရီတို့ကို ကူညီပါဦး သော်ဖြိုးရယ်။ အိမ်မှာ မိန်းကလေးတွေချည်းပဲရှိတော့ ဘာလုပ်ရမှန်းလည်းမသိဘူး။ ဒီမှာ ဒေါ်လေးလည်း တော်တော်စိတ်ပူနေပြီ”

ပြောရင်းနှင့် ချယ်ရီဝင်းအသံမှာ တိမ်ဝင်သွားပါသည်။ ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိ။ ကိုယ်ကိုယ်တိုင် တယုတယစိုက်ပျိုးထားသော ပန်းပင်လေးအား သူများဆွဲနှုတ်ခြင်း ခံလိုက်ရသလို။

“သော်ဖြိုး . . . ကူညီပါနော်။ ပန်းဝါကို အမြန်ဆုံးတွေ့အောင် ပြန်ရှာပေးပါ။ ချယ်ရီထင်တာကတော့ . . . ”

အဆင်ပြေအောင် ပြောဆိုပြီး ဖုန်းချလိုက်သည်။ ရင်တွေ ပရမ်း



ပတာခုန်နေသည်။ ပြီးတော့ လောလောလတ်လတ်ရထားသော ချစ်သူလေးအတွက်လည်း အတိုင်းထက်အလွန် စိုးရိမ်သွားရကာ . . .

ထိုစဉ်မှာပင် စောထူး၏အမေးစကားသံတစ်ခု . . .

“ဟေ့ကောင် . . . ဘာလုပ်ကြမလဲ”

“မင်း ဘယ်သူလို့ထင်လဲ”

အမေးကို အမေးဖြင့် တုံ့ပြန်လိုက်ပေမဲ့ စောထူးဆီမှလည်း အဖြေတစ်ခု ချက်ချင်းထွက်လာသည်။

“ငါကတော့ ဟိုကောင်လို့ပဲထင်တယ်”

“ဟုတ်တယ် . . . ရန်နောင်ပဲဖြစ်လိမ့်မယ်”

သူနှင့်ပန်းဝါ ချစ်သူတွေဖြစ်သွားကြတာကိုသိ၍ ရန်နောင် အခုလိုလုပ်သွားတာလား၊ ပန်းဝါပျောက်သွားပုံမှာ သာမန်အကြောင်းကိစ္စတစ်ခု ရှိကောင်းရှိနိုင်ပေမဲ့ လျှို့ဝှက်မြို့ရိုးကတော့ မှားယွင်းမည်မဟုတ်ပါ။

ဖမ်းဆီးချုပ်နှောင်ခြင်း ခံနေရသည်ဆိုတာကိုကြည့်၍ သေချာနေသည်။ ပြီးတော့ ချယ်ရီဝင်းရဲ့ ထင်မြင်ချက်။ ဟုတ်ပါသည်။ ရန်နောင်ပဲဖြစ်ပါလိမ့်မည်။ ရန်နောင်လို ဖွတ်တရွတ်လုပ်တတ်သောလူမျိုးသာ အခုလိုကိစ္စမျိုးလုပ်ဖို့ စိတ်ကူးမိမည်မဟုတ်ပါလား။

“ခက်တာက ငါတို့ ဘယ်ကိုလိုက်ရှာရမှာလဲ။ ရန်နောင် ဘယ်ကိုခေါ်သွားလဲမှမသိတာ”

စောထူးစကားကြောင့် စဉ်းစားရကြပ်သွားသည်။ ဒါပေမဲ့ နောက်ထပ်ဖုန်းမြည်သံတစ်ခု ထပ်ကြားရပါသည်။ ကြည့်လိုက်တော့ လူပါမြောက်တက်သွားသလား ထင်ရသည်။

ပန်းဝါဖုန်း။

ဝုန်းဒိုင်းကြဲသွားသော စိတ်တွေနှင့်အတူ ဖုန်းကိုဖွင့်လိုက်တော့ အရင်ဆုံးကြားရသည်ကား ရှိုက်ကြီးတငင် ငိုရှိုက်သံ။ ပြီးတော့ ငိုသံရောသောစကားတွေ မပီမသထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ပန်းဝါကို ကယ်ပါဦး သော်ဖြိုးရယ်။ ပန်းဝါ အဖမ်းခံထားရတယ်။ ပန်းဝါကို လာကယ်ပါ"

Speaker ထဲမှ ပန်းဝါငိုရှိုက်သံတွေကို အတိုင်းသားကြားရတော့ နှုတ်ခမ်းတို့ ဆွံ့အ,ကာချက်ချင်း စကားပြောမထွက်။ စောထူးက ဖုန်းခနဲ အနားရောက်လာကာ . . .

"ပန်းဝါဘယ်မှာလဲ . . . ပန်းဝါကို ဘယ်သူဖမ်းထားတာလဲ"

ပထမကြားရတာက ငိုသံတွေ။ ပြီးတော့ အားတင်းပြီးပြောနေရသော စကားသံ . . .

"ရန်နောင်ခေါ်သွားတာ။ ခေါ်လေးအတွက် ဆေးသွားဝယ်တုန်း လူသုံးယောက် ပန်းဝါကို ကားပေါ်အတင်းဆွဲခေါ်သွားတာပဲ။ ဘယ်သူတွေမှန်းမသိဘူး။ ရန်းလို့လည်းမရဘူး။ ဒီရောက်မှ ရန်နောင်မှန်းသိတာ။ သူ . . . သူ . . . ပန်းဝါကို ခိုးပြေးလာတာတဲ့"

"ဘာ . . . "

နှုတ်မှ ထိုမျှသာ ထွက်နိုင်ပါတော့သည်။ မသိစိတ်က ရုန်းကြွလာသော အားတစ်ခုကြောင့် စကားတွေ အလျင်စလို ထွက်သွား၏။

"ပန်းဝါ အခုဘယ်မှာလဲ။ သူ ပန်းဝါကို ဘယ်နေရာ ခေါ်သွားတာလဲ"

"ပန်းဝါမသိဘူး။ အခန်းတစ်ခန်းထဲ ရောက်နေတာပဲသိတယ်"

"ရန်နောင်ရော . . . "

"ပန်းဝါကို အခန်းထဲထည့်ပြီး ကားနဲ့ထွက်သွားတာ အခုထိ ပြန်မလာသေးဘူး။ အခန်းထဲမှာ ပန်းဝါတစ်ယောက်တည်း"

အားငယ်မှုတွေ၊ စိုးရွံ့ကြောက်လန့်မှုတွေနှင့် ငိုပြန်ပါသည်။ သော်ဖြိုး အနည်းငယ်တော့ စိတ်အေးသွားရ၏။ ဒါပေမဲ့ သူ့အတွက် အချိန်သိပ်မရှိ။ လှိုင်ဝှက်မြို့ရိုးက သူ့ကို အချိန်နှစ်နာရီသာ ပေးထားသည်။ ထိုနှစ်နာရီအတွင်းမှာ ပန်းဝါကို ကယ်ထုတ်နိုင်ပါမှ။



"ပန်းဝါ . . . အခုရှိနေတဲ့ အခန်းက ဘယ်လိုအခန်းလဲ။ ဘယ်လိုပုံစံမျိုးလဲ"

တစ်အောင့်ကြာတော့ . . .

"အခန်းက ဟိုတယ်ခန်းလိုမျိုးပဲ။ ဟုတ်တယ် . . . ပန်းဝါကို ထည့်ထားတာ ဟိုတယ်ခန်းထဲမှာ"

"ပြီးတော့ရော . . . "

သူ၏စကားပြောလောသွားမှုကြောင့် ပန်းဝါ နားမလည်နိုင်ဖြစ်သွားပုံရ၏။ ထို့ကြောင့် . . .

"အပြင် . . . အပြင်ဘက်ကိုမေးတာ။ အပြင်ဘက်မှာ ဘာတွေရှိလဲ"

"အပြင်မှာ . . . ဟုတ်လား။ အပြင်က အခန်းတံခါးပိတ်ထားတယ်လေ။ ဘယ်လိုလုပ် . . . "

သော်ဖြိုး စိတ်မရှည်နိုင်တော့ . . .

"ပြတင်းပေါက်မရှိဘူးလား။ ပြတင်းပေါက်ကို ဖွင့်ကြည့်လေ"

အသံကျယ်သွားမှုကြောင့် တစ်ဖက်မှ ငြိမ်သွားသည်။ ပြီးမှ ကြောက်ကြောက်ရွံ့ရွံ့ပုံစံလေးနှင့် . . .

"သြော် . . . ဟုတ် . . . ဟုတ်ကဲ့ . . . ပန်းဝါကြည့်ပေးမယ်နော်။ ပြတင်းပေါက်ရှိတယ်"

ငိုသံပျောက်ပြီး စိုးရွံ့ရွံ့အသံလေး ထွက်လာသည်။ ပြီးတော့ ပြေးလွှားလှုပ်ရှားသံကိုလည်း ကြားရသည်။ ပြတင်းတံခါးဖွင့်သံကို ကြားပြီးနောက် လေတိုးသံတချို့ ဖုန်းထဲဝင်လာ၏။ ပြီးနောက် . . .

"အပြင်မှာ မှောင်မည်းနေတာပဲ။ သစ်ပင်တွေပဲတွေ့တယ်"

"ထပ်ကြည့်ဦး . . . ဘာမြင်ရလဲ"

"တောင်ကုန်းတစ်ခုကို မြင်တယ်။ အခု ပန်းဝါရှိနေတာလည်း တောင်ကုန်းပေါ်က အခန်းထဲမှာ။ အောက်ဖက်မှာ သစ်ပင်တွေရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ဟိုတယ်ဘန်ဂလိုတွေကို တွေ့တယ်။ ပန်းဝါရှိနေတာလည်း ဘန်ဂလိုတစ်ခုထင်တာပဲ"

"ဟုတ်ပြီ . . . ထပ်ကြည့်ကြည့်ဦး"

ဒီတစ်ခါတော့ တော်တော်ကြာသွား၏။ ပြတင်းပေါက်မှမြင်ရသမျှ တစ်ခုပြီးတစ်ခု ရသလောက် လိုက်ကြည့်နေဟန်ရှိသည်။ သော်ဖြိုး မနေနိုင်တော့ . . .

"ပန်းဝါ . . . ဘာတွေမြင်ရလဲ။ ထပ်ကြည့်ဦးလေ . . . ဘာထပ်တွေ့လဲ"

"ဆက်သွယ်ရေးတိုင် အမြင့်ကြီးကို မြင်ရတယ်"

"ဘာ . . . "

"ဆက်သွယ်ရေးတိုင်အမြင့်ကြီး။ ထိပ်ဘက်မှာ မီးနီတစ်လုံး ထွန်းထားတယ်"

"ငါသိပြီ"

စောထူး၏အသံ ဆုံးလျှင်ဆုံးသွားချင်း သူ့အကြည့်တွေ မျှော်လင့်ချက်ဖြင့် ဝင်းလက်သွားသည်။ စောထူးက နှုတ်ခမ်းကို တင်းတင်းစေ့ကာ ခေါင်းညိတ်ပြ၏။ ထို့ကြောင့် အလျင်စလိုပင် . . .

"ပန်းဝါ ဘာမှမပူနဲ့တော့။ စိတ်ကို အေးအေးထား။ ကိုယ်တို့ အခုချက်ချင်း ပန်းဝါရှိတဲ့နေရာကို လာခဲ့မယ်"

ထို့နောက်တော့ . . .



# XXXVI

"ဒီဟိုတယ်ပဲ"

စောထူးညွှန်ပြသော ဟိုတယ်ကိုကြည့်ပြီး သော်ဖြိုး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ ဟိုတယ်တည်ဆောက်ပုံက တောင်ကုန်းမြင့်လေးများပေါ်တွင် ဘန်ဂလိုများလို သူ့နေရာနှင့်သူ တည်ဆောက်ထားခြင်းဖြစ်ပြီး မြေဧက အကျယ်အဝန်း တော်တော်ရှိ၏။

သူတို့ရပ်နေရာနှင့် အတော်လှမ်းလှမ်းတွင် ဆက်သွယ်ရေးတိုင်မြင့်ကြီးရှိသည်။ ပြီးတော့ ပန်းဝါပြောသလို ထိပ်ပိုင်းမှာ မီးအနီတစ်လုံးကို ထွန်းထား၏။

"ဒါ ရန်နောင့်အဖေပိုင်တဲ့ ဟိုတယ်ပဲ။ ဒီကောင် ပန်းဝါကို ဟိုးတောင်ကုန်းပေါ်က ဘန်ဂလိုထဲမှာ ထည့်ထားတာဖြစ်မယ်"

စောထူးညွှန်ပြရာ ဘန်ဂလိုကိုကြည့်ပြီး ချင့်တွက်ကြည့်လိုက်သည်။ ဖြစ်နိုင်ပါသည်။ ဘေးပေါက်ကကြည့်လျှင် ဆက်သွယ်ရေးတိုင်ကြီးကို ရှင်းရှင်းလင်းလင်း မြင်ရနိုင်သည်။ ဟိုတယ်ရှေ့တည့်တည့်မှာ

www.burmeseclassic.com

www.burmeseclassic.com

ရောက်နေခြင်းမဟုတ်သည့်အတွက် ဟိုတယ်နာမည်ကိုတော့ မသိရ။ သူတို့ရောက်နေသောနေရာသည် ဟိုတယ်နှင့်ဆောင်ချင်းကပ်လျက် လမ်းချိုလေးတစ်ခုအတွင်းမှာဖြစ်သည်။

ဆိုင်ကယ်ကိုတော့ ခပ်လှမ်းလှမ်းကတည်းက မီးပိတ်မောင်းလာသည်မို့ သူတို့ရောက်နေတာကို ဘယ်သူမှ သတိထားမိဟန်မတူပါ။

"ဘယ်လိုလဲ ဝင်ကြမလား"

စောထူးစကားဆုံးတော့ အံကို တစ်ချက်ကြိတ်ကာ . . .

"ဝင်ကြတာပေါ့"

ကံကောင်းသည်က ဟိုတယ်ခြံစည်းရိုးမှာ အုတ်မြင့်ကာထားခြင်းမဟုတ်။ ခြံစည်းရိုးပင်များ တန်းစီစိုက်ထားခြင်းဖြစ်သည်မို့ သူတို့အတွက် အခက်အခဲသိပ်မရှိပါချေ။ ဒါပေမဲ့ သူတို့နှစ်ဦး တောင်ကုန်းထိပ် ဘန်ဂလိုလေးနှင့် အနီးဆုံးနေရာရောက်အောင် ခြံစည်းရိုးအတိုင်း ခပ်သွက်သွက် လျှောက်သွားလိုက်သည်။

အနီးဆုံးနေရာရောက်တော့ ပတ်ဝန်းကျင်ကို ခဏစောင့်ကြည့်လိုက်၏။ ဟိုတယ်ခြံဝန်းတစ်ခုလုံးက မီးမှိန်မှိန်ထွန်းထားပြီး တိတ်ဆိတ်လျက်ရှိနေသည်။ အကောင်းဆုံးအခြေအနေတစ်ခုအား တွက်ချက်ပြီးသွားစဉ်မှာတော့ သော်ဖြိုး ခြံစည်းရိုးကို ကျော်ဝင်လိုက်သည်။ သူ့နောက်မှာ စောထူး။

အတွင်းကိုရောက်တော့ ခြေသံကို ဖွနိုင်သမျှဖွရင်း ကိုယ်ကိုကိုင်းကာ အမြန်ဆုံး လျှောက်လှမ်းသွားလိုက်သည်။ ခဏအတွင်းမှာပင် ပန်းဝါရှိသည်ထင်ရသော ဘန်ဂလိုလေးအောက်ဖက်သို့ ရောက်လာသည်။ ပြီးတော့ တောင်ကုန်းကို အရိပ်ကွယ်ကာ ပြေးတက်လိုက်၏။

နံရံကို ကျောကပ်ပြီးချိန်မှာတော့ ပထမအဆင့် ပြီးဆုံးသွားချေပြီ။ စောထူးကလည်း သူနှင့်ထက်ကြပ်မကွာ ဘန်ဂလိုနံရံမှာ ကျောကပ်လျက်။ ပြီးတော့ ရှေ့ဘက်ပိုင်းဆီသို့ တစ်ရွေ့ချင်း။



ရှေ့ပိုင်းဆီရောက်စဉ်မှာပင် အတွင်း၌ ပန်းဝါရှိသည်ဆိုတာ တပ်အပ်သိလိုက်သည်။ အကြောင်းကား အခန်းရှေ့တည့်တည့်မှာ လူတစ်ယောက် ခုံဖြင့်ထိုင်ကာ ဘီယာသောက်နေ၏။ နံဘေးခုံပေါ်မှာလည်း ဘီယာပုလင်းခွံ နှစ်လုံး၊ သုံးလုံးကို တွေ့ရသည်။ ရန်နောင်ရဲ့လက်ပါးစေ တစ်ယောက် ပန်းဝါကို စောင့်ကြည့်ရန် အစောင့်ခိုင်းထားခြင်းဖြစ်နိုင်ပါသည်။

သော်ဖြိုး တားဆီးချိန်မရလိုက်ပါ။ စိတ်မြန်လက်မြန်ရှိသော စောထူးမှာ နီးစပ်ရာ ဘီယာပုလင်းခွံတစ်လုံးကို ဆွဲယူ၍ . . .

"ခွပ်"

တစ်ချက်တည်းဖြင့် ကိစ္စချောသွားသည်။ တံခါးစောင့်လူမိုက်မှာ စောထူးလက်ချက်ဖြင့် ကောင်းစားသွား၏။ အသံပင်မထွက်နိုင်။

ဒီတော့မှ နှစ်ယောက်သား အလျင်အမြန်ပင် အခန်းရှေ့သို့ပတ်ဝင်ကာ ပိတ်ထားသောတံခါးအား . . .

"ဒေါက် . . . ဒေါက် . . . ပန်းဝါ . . . ပန်းဝါရှိလား . . . ဒေါက် . . . ဒေါက် . . . အထဲမှာ ပန်းဝါရှိလား"

ခဏချင်းပင် အတွင်းဘက်ဆီမှ အသံလေးသဲ့သဲ့ တိုးထွက်လာပါသည်။

"သော်ဖြိုး . . . သော်ဖြိုးလားဟင်"

"ဟုတ်တယ် ပန်းဝါ။ ကိုယ် အပြင်မှာရောက်နေပြီ"

သူနှင့်စောထူး တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားစဉ်မှာပဲ . . .

"ပန်းဝါ နောက်ဆုတ်"

"ဝုန်း"

ခြေဖြင့်ကန်လိုက်မှုကြောင့် အခန်းတံခါးမှာ ဝုန်းခနဲပွင့်သွားသည်။ တံခါးပွင့်လျှင်ပွင့်သွားချင်း မြင်လိုက်ရသည်ကား အံ့ဩဝမ်းသာ စိတ်တွေ သုံမွှမ်းနေသော ပန်းဝါမျက်နှာလေး။ သူ အချိန်မဆွဲတော့ –



www.burmeseclassic.com

www.burmeseclassic.com

ပန်းဝါလက်တစ်ဖက်ကို ဆတ်ခနဲကောက်ဆွဲကာ ပြေးထွက်လိုက်ပါတော့သည်။ တံခါးပတ္တာပြုတ်ပြီး ပွင့်သွားသံကျယ်ကြီးက ခြံဝန်းတစ်ခုလုံးကို ဖုံးလွှမ်းသွား၏။ ချက်ချင်းပဲ အရှေ့ဘက်ဟိုတယ်ကြီးဆီမှ လူပ်ရှားပြောဆိုသံတွေ ဆူညံလာ၏။ ပြီးတော့ အရင်မှိန်မှိန်ထွန်းထားသောခြံထဲမှ မီးတွေ ထိန်လင်းလာသည်။

သော်ဖြိုး ဘာမှတွေးမနေတော့ပါ။ လာလမ်းအတိုင်း ပန်းဝါလက်ကိုဆွဲကာ အားကုန်ပြေးထွက်ခဲ့ပါတော့၏။ သူတို့နှစ်ဦးနောက်မှာ စောထူး။

ခြံစည်းရိုးအား ဖြတ်ကျော်ပြီးချိန်မှာတော့ ဆိုင်ကယ်နှစ်စီးပေါ် လူသုံးယောက် ရောက်ရှိသွားချေပြီ။ သူ့နောက်မှာ ပန်းဝါ။ စောထူးက တစ်စီးသပ်သပ်။ ခဏတွင်းမှာပဲ ဆိုင်ကယ်နှစ်စီးက မီးစုံထိုးကာ အားကုန်မောင်းထွက်သွားပါ၏။ လမ်းသွယ်မှ လမ်းမကြီးပေါ်ရောက်တော့ ပိုလို့ပင် မြန်သထက်မြန်အောင် ကြိုးစားလိုက်သည်။

ဒါပေမဲ့ သူတို့သုံးယောက်လုံး ရန်နောင့်စက်ကွင်းမှ လွယ်လွယ်နှင့် မလွတ်ခဲ့ပါ။ ခဏချင်းမှာပင် နောက်ဘက်ဆီမှ ဆိုင်ကယ်သံတွေ၊ အော်ဟစ်သံတွေ ဆူညံစွာ ကြားရပါတော့၏။ ရန်နောင့်တပည့်တွေနောက်က လိုက်လာချေပြီ။

ပိုဆိုးသည်က လမ်းဆုံတစ်ခုရောက်စဉ်မှာပင် နောက်ဖက်ဆီမှ ချိုးကွေ့ဝင်လာသော ကားမီးရောင်ကြီးတစ်ခုနှင့်အတူ . . .

ရန်နောင်ပါ ပါလာခဲ့ပြီ။

ဆိုင်ကယ်နှစ်စီးက ညလမ်းမပေါ်မှာ တရိပ်ရိပ်ပြေးနေ၏။ နောက်မှာက တက်ကုန်၊ ရှက်ကုန်ဖွင့်လိုက်လာသော ကားကြီးတစ်စီးနှင့် ဆိုင်ကယ်အုပ်လိုက်ကြီး။ လီဗာကို မိုင်ကုန်ဆွဲထားပေမဲ့ ဒီအတိုင်းဆက်သွားပါက ရေရှည်မှာ မလွတ်နိုင်ဘူးဆိုတာကိုသာ တွေးမိသည်။

နောက်မှ ပန်းဝါကလည်း သူ့ခါးကို လွတ်ထွက်မတတ် ဖက်ထား၏။ ဘယ်လိုမှ အမိခံလို့မဖြစ်။ ပြီးတော့ ပန်းဝါကို ရန်နောင့်လက်



တွင်းသို့ အပါခံလို့မဖြစ်။ ရှေ့အတော်ဝေးဝေးမှာ လမ်းနှစ်သွယ်ကို မြင်ရသည်။ တိုင်ပင်စရာမလိုပါ။ ထိုလမ်းနှစ်သွယ်သို့ ရောက်စဉ်မှာပင် သူနှင့်စောထူးမှာ တစ်ယောက်တစ်လမ်းစီ ချိုးဝင်ပြီးသားဖြစ်သွားလေပြီ။

နောက်မှ ကားကြီးနှင့် ဆိုင်ကယ်တစ်အုပ်ကတော့ ညာသံပေးနေကြဆဲ။ ညာဘက်လမ်းထဲသို့ ဝင်ပြီးသွားချိန်မှာ ကားမီးရောင်မှအပါး ဆိုင်ကယ်သံတွေ မကြားရတော့။ ရန်နောင်တစ်ယောက်သာ သူတို့နောက်သို့လိုက်လာပြီး ဆိုင်ကယ်တစ်အုပ်က စောထူးနောက်သို့ ပါသွားချေပြီ။

ဒီတစ်ခါလည်း ပထမနည်းကိုပင် သုံးရန် ဆုံးဖြတ်လိုက်သည်။ ဆိုင်ကယ်အား တွေ့တွေ့ချင်း ဘယ်ဘက်လမ်းချိုးထဲသို့ ချိုးကွေ့ဝင်လိုက်ပါသည်။ လမ်းဖြောင့်အတိုင်း မောင်းပြေးပါက ရန်နောင့်ကားအကောင်းစားကြီးကို လွတ်အောင်မောင်းဖို့ ဘယ်လိုမှမလွတ်။

ထို့ကြောင့် ကားမဝင်နိုင်သော လမ်းသွယ်လေးများကို ရွေးကာ မောင်းပြေးရန် စဉ်းစားသည်။ ရန်နောင်က မျက်ခြည်ပြတ်မခံပါ။ သူချိုးကွေ့ဝင်ရာလမ်းအတိုင်း ထက်ကြပ်မကွာ ပါလာသည်။ တွေ့ရသော နောက်တစ်လမ်းကို ချိုးကွေ့လိုက်ပြန်ပါ၏။ မကြာလိုက် ကားမီးရောင်ကြီးက နောက်ဖက်မှ ပါလာနေဆဲ။

သိပ်မမောင်းလိုက်ရ။ ခဏချင်းပင် နောက်ဘက်ဆီမှ အလင်းရောင်ပျောက်သွား၏။

"ဟယ် . . . နောက်က လိုက်မလာတော့ဘူးတော့"

ပန်းဝါစကားကြောင့် မောင်းနေရာမှ နောက်ဘက်သို့ ခေါင်းငဲ့ကြည့်စဉ် မည်းမှောင်သော ကတ္တရာလမ်းမကြီးသာ တွေ့ရသည်။

"ဆက်မလိုက်တော့ဘူးနဲ့ တူတယ်"

ပန်းဝါရဲ့ ဝမ်းသာဟန်ရှာသောစကားကို ကြားရပေမဲ့ သော်ဖြိုး ရင်မအေးနိုင်ပါ။ ခေါင်းထဲမှာ စဉ်းစားစရာတွေ ဝင်လာ၏။ ဘာသဘောလဲ။ ရန်နောင် ဘာလို့ ဆက်လိုက်မလာတာလဲ။ ဤလမ်းက



www.burmeseclassic.com

www.burmeseclassic.com

ကားတစ်စီးမောင်းရန်တော့ ကောင်းကောင်းဝင်ဆန့်သေးသည်။ ဒါကို ဘာလို့ ဆက်မလိုက်တော့တာလဲ။

ရန်နောင် လွယ်လွယ်နှင့် လက်လျှော့မှာမဟုတ်ဆိုတာတော့ သေချာသည်။ ဆက်မလိုက်ဘဲ နောက်က လုံးဝပျောက်သွားသောကိစ္စသည် ငဲ့စားဖို့တော့ ကောင်းနေ၏။ ထိုစဉ်မှာပင် ပန်းဝါရဲ့ပါးပြင်လေးက သူ့ကျောကုန်းကို ဖိကပ်လာသည်။ အသည်းအသန် ကိုယ်လွတ်ရုန်းခဲ့ရမှုကြောင့် စိတ်ပင်ပန်းမွန်းကြပ်သွားသည်ထင်၏။

သူလည်း သက်ပြင်းလေးလေးကို ချမိသည်။ ပြီးတော့ သူ့ခါးကို တင်းတင်းပွေ့ဖက်ထားသော ပန်းဝါလက်လေးပေါ်သို့လည်း သူ့လက်တစ်ဖက်ကို ဆုပ်ကိုင်နှစ်သိမ့်မိသည်။ စိတ်တော့ မအေးနိုင်သေး။

ရန်နောင်ပျောက်သွားတာ သွေးရိုးသားရိုး ဟုတ်မဟုတ်ဆိုတာ ဆုံးဖြတ်ဖို့ စောနေသေးသည်။ ဘာပဲပြောပြော ရန်နောင်က သူ့ထက် ပြင်ဦးလွင်မြေပုံကို ကြေညက်ထားသည်မဟုတ်ပါလား။

ရှေ့မှာ လမ်းဆုံတစ်ခုရှိ၏။ ဘယ်ဘက်သို့ ချိုးကွေ့ဝင်၍မရဆိုတာတော့ အလိုလိုသိသည်။ မဟုတ်လျှင် ရန်နောင့်ပိုင်နက်အတွင်းသို့ ပြန်ရောက်သွားလိမ့်မည်။ တည့်တည့်သာ ဆက်မောင်းရပေမည်။ ဤဒုက္ခဆိုးထဲမှ ဝေးသထက်ဝေးအောင် ပြေးထွက်ရမည်။

လီဗာကို ဆောင့်ဆွဲကာ အရှိန်ထပ်တင်လိုက်သည်။ ဆိုင်ကယ်က လေးညို့မှပစ်လိုက်သော မြားတစ်စင်းလို လေကိုခွဲကာ ပြေးထွက်သွား၏။

ဒါပေမဲ့ . . .

လမ်းဆုံကိုဖြတ်အကျော် . . .

နှစ်လမ်းဆုံရာရှေ့တည့်တည့်သို့ သူတို့ဆိုင်ကယ်လေးအရောက်-

ရိပ်ခနဲမြင်လိုက်ရသော ကားမီးရောင်ကြီးတစ်ခုနှင့်အတူ . . .

ဘယ်ဘက်လမ်းချိုးဆီမှ အရှိန်ပြင်းစွာ မောင်းဝင်လာသော ရန်နောင့်ကားကြီးသည်ကား . . .

သူတို့နှစ်ဦးမောင်းနှင်လာရာ ဆိုင်ကယ်လေးဆီသို့ . . .

"ဝုန်း . . . "

ကြောက်ခမန်းလိလိ တိုက်မိသံကြီးတစ်ခု အရှိန်ပြင်းစွာထွက်သွားသည်။

အရာရာသည် . . .

လွင့်စင်ကာကျသွား၏။

ጞ ጞ ጞ



www.burmeseclassic.com

www.burmeseclassic.com

# XXXVII

တကယ်တော့ လျှို့ဝှက်မြို့ရိုးအား ဆုံးအောင်ဖတ်မကြည့်ခြင်းကပင် သူတို့အမှားဖြစ်ပါသည်။ ချစ်သူအတွက် စိုးရိမ်ပူပန်မှုတွေလွန်ကဲကာ တစ်ဝက်တစ်ပျက်နှင့် စာအုပ်ကို ပစ်ချလိုက်၏။

လျှို့ဝှက်မြို့ရိုးမှာကား နောက်ထပ်ပေါ်လာသော စာကြောင်းအချို့ရှိနေသေးသည်။ ဒါကို သူ ဂရုမထားမိလိုက်။

အကယ်၍ လျှို့ဝှက်မြို့ရိုးကိုသာ ဆုံးအောင်ဖတ်ဖြစ်ခဲ့မည်ဆိုပါလျှင် . . .





သင်ချစ်သူ ဖမ်းဆီးချုပ်နှောင်းခြင်း ခံနေရသည်။
နှစ်နာရီအတွင်း ကယ်တင်ပါ။
မဟုတ်ပါက ဝေးကွာရလိမ့်မည်။
ကား၊ ယာဉ်၊ ဆိုင်ကယ် ရှောင်ကြဉ်ပါ။ ထိခိုက်ကိန်းရှိသည်။
ထိခိုက်ပါက အသက်အန္တရာယ် စိုးရိမ်ရသည်။
ဆေးရုံရောက်မည်။
သင့်အတွက် ကံကြမ္မာ (ငါးဆယ်/ငါးဆယ်)



www.burmeseclassic.com

www.burmeseclassic.com

စောထူးတစ်ယောက်တည်း ဆေးရုံခန်းထဲမှာ ဂနာမငြိမ်ဖြစ်နေသည်။ စိတ်လှုပ်ရှားလွန်းသည့်ကြောင့် ခုံမှာပင် မထိုင်နိုင်။ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

နံဘေးရှိ ခုတင်ပေါ်မှာကား ပတ်တီးပေါင်းများစွာနှင့် အသက်ရှူပိုက်တပ်ထားရသော သော်ဖြိုး။ တစ်မိုးလင်းပြီး၍ တစ်မိုးချုပ်တာကောင် သော်ဖြိုး သတိရမလာသေး။ သူတစ်ယောက်တည်းလား . . . မဟုတ်ပါ။

တူညီစွာ ထိခိုက်ခဲ့သူ ပန်းဝါမှာလည်း သတိမရသေးဟု သိရသည်။ ဒါပေမဲ့ ပန်းဝါအခန်းထဲမှာတော့ သူမရဲ့ အိမ်သူအိမ်သားတွေ အစုံအညီရောက်ရှိကာနေပြီ။ သော်ဖြိုးအခန်းထဲမှာတော့ သူတစ်ယောက်တည်း။ ဘယ်သူ့ကိုမှ စောထူးအကြောင်း မကြားရသေး။

အကြောင်းမကြားရဲဟု ဆိုလျှင် ပို၍မှန်ပေလိမ့်မည်။

ဝတ်ရည်တို့အုပ်စု လွန်ခဲ့သောရက်က ပြန်သွားခြင်းကပင် တော်သေးသည်ဆိုရမည်။ ပြီးတော့ တစ်စုံတစ်ရာအဆုံးအဖြတ်ကို သူစောင့်ကြည့်ချင်သေး၏။ စောထူးလက်တွင်းမှာ စာအုပ်လေးတစ်အုပ်ကို ကျစ်



ကျစ်ပါအောင် ဆုပ်ထားသည်။ လမ်းလျှောက်နေရင်းနှင့်လည်း အခန်းနံရံမှ နာရီအား ရင်တထိတ်ထိတ် စောင့်ကြည့်မိ၏။

ဆယ့်နှစ်နာရီထိုးတော့မည်။

လျှို့ဝှက်မြို့ရိုးမှာ နောက်ဆုံးစာရွက်တစ်ရွက်သာ ကျန်တော့၏။ ထိုစာရွက်က သော်ဖြိုးကံကြမ္မာအတွက် ဘာကိုဆုံးဖြတ်ပေးမှာလဲ။

ရှင်းအောင်ပြောရပါက နောက်ဆုံးအုတ်ချပ်။

www.burmeseclassic.com

www.burmeseclassic.com

## XXXVIII

လျှို့ဝှက်မြို့ရိုးကို လက်ဝယ်ပိုင်ဆိုင်ထားသူတစ်ယောက်ရဲ့ နောက်ဆုံးဇာတ်သိမ်းက ဘာလဲ။

အကောင်းလား၊ အဆိုးလား။

သော်ဖြိုး သတိပြန်ရမှာလား၊ ဒါမှမဟုတ် . . .

စောထူး နာရီကိုကြည့်၍သာ ရင်မောနေမိသည်။ မကြာတော့ နာရီလက်တံတွေက စောင့်မျှော်နေသော နေရာတစ်ခုကို ရောက်တော့မည်။ နေ့ရက်တစ်ခုနှင့်တစ်ခုကို ကူးပြောင်းပေးတော့မည်။ ထို့အတူ သော်ဖြိုးရဲ့ကံကြမ္မာကို ဆုံးဖြတ်ပေးတော့မည်။ သော်ဖြိုးရဲ့မနက်ဖြန်ဟာ ဘာလဲ။

ဆယ့်တစ်ရက်တိတိ ကိုယ့်ရဲ့မနက်ဖြန်ကို သိခွင့်ရတဲ့လူတစ်ယောက်ဟာ ဆယ့်နှစ်ရက်အတွက် မနက်ဖြန်ရော ရှိနေဦးမှာလား။

ဆယ့်နှစ်နာရီ ထိုးချေပြီ။



ထို့အတူ ဆေးရုံခန်းလေးက လျှပ်စစ်မီးတို့ မှောင်ကျသွားသည်။ ဖယောင်းတိုင်မီးလေးတစ်စရဲ့ နောက်မှာတော့ . . .

"ဟာ . . . ဘယ်လိုဖြစ်တာလဲ"

တအံ့တသြ ရေရွတ်သံတစ်ခု။

စောထူး ချက်ချင်းပင် နာရီကိုလှမ်းကြည့်တော့ ဆယ့်နှစ်နာရီထိုးပြီးနေပြီ။ မယုံကြည်နိုင်စွာ လက်မှနာရီကို ငုံ့ကြည့်တော့လည်း လွဲမှားစရာမရှိပါ။ ဆယ့်နှစ်နာရီထိုးပြီး၍ စက္ကန့်တောင် ရွှေ့နေပြီ။

ဒါကို . . .

နံရံမှာ ဘာတစ်လုံးမျှ ပေါ်မလာပါချေ။ ဘယ်လိုဖြစ်တာလဲ၊ ကြည့်နေရင်းနှင့် လူက ကြောင်သွား၏။ ဘာများလွဲမှားနေလို့လဲ ဆဆ ဝါးဝါးလည်း ဖြစ်သွားသည်။

သူနှင့်သော်ဖြိုး အကြိမ်ကြိမ်လုပ်ဆောင်ဖူးသော ကိစ္စတစ်ခုပါပဲ။ လုပ်ရိုးလုပ်စဉ်အတိုင်း လွဲမှားစရာမရှိပါ။ ဒါကို ဘာလို့ . . .

ကြောင်အ,ရင်းနှင့်ပင် နာရီက တစ်မိနစ်ပြည့်သွားချေပြီ။

ပြီးနောက် နောက်တစ်မိနစ်။

"သွားပြီ"

လူက အခုမှပင် မီးလောင်ခံရသလို စပ်ဖျင်းထူပူသွားတာပါ။ ဘာလုပ်လို့ ဘာကိုင်ရမှန်းပင်မသိတော့။ ဒီည ဆုံးဖြတ်ချက်ကို သိချင်သည့်အတွက် ရန်ကုန်မှ သော်ဖြိုးနှင့် ပတ်သက်သူအားလုံးကိုပင် အကြောင်းကြားမထားခဲ့။

ယခုတော့ . . .

စောထူး စိတ်ရှုပ်ရှုပ်နှင့် ထိုင်နေရာမှ ထလိုက်၏။ ခုတင်ပေါ်မှာ အသက်ရှုပိုက်တန်းလန်းနှင့် ယခုတိုင် သတိမရသေးသော သော်ဖြိုးကိုကြည့်၍လည်း စိတ်မကောင်းဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

မျက်ရည်တို့ ချက်ချင်းလည်လာပြီး အံကိုကြိတ်ကာ . . .

"ဘယ်လိုဖြစ်ရတာလဲကွာ . . .။ ဒီနေ့မှ ဘာလို့ ပေါ်မလာရတာလဲ"

မချင့်မရဲပြန်ထိုင်ချကာ စာအုပ်ကို ထပ်စမ်းသပ်ကြည့်ပေမဲ့ ထူးခြားမှုတစ်စုံတစ်ရာ ရှိမလာပါချေ။ အချိန်ကား ဆယ့်နှစ်နာရီကို တော်တော်စွန်းသွားခဲ့ပြီ။

စောထူး စိတ်မထိန်းနိုင်တော့ဘဲ စာအုပ်အား နံရံဆီ အားကုန်ဝင့်ပေါက်လိုက်၏။ စာအုပ်က နံရံကိုရိုက်ပြီး 'ဘုတ် . . .' ဟု အော်မြည်ကာ ပြုတ်ကျသွားသည်။ ထို့နောက်မှာတော့ ခုတင်ပေါ်မှ မေ့မျောနေသော သူငယ်ချင်းကိုကြည့်ကာ စောထူး ရှိုက်ကြီးတငင် ငိုကြွေးမိပါတော့သည်။

"သူငယ်ချင်းရယ် . . . မင်းကံကောင်းပါစေ။ ငါကတော့ ဆုတောင်းပေးဖို့ပဲ တတ်နိုင်တော့တယ်"

မည်မျှကြာကြာ ငိုကြွေးနေမိသည် မသိပါ။ နံရံက တစ်နာရီထိုးပြီဖြစ်ကြောင်း အချက်ပေးတော့ စောထူး ထိုင်နေရာမှ ထလိုက်သည်။ ပြီးတော့ ပိတ်ထားဆဲဖြစ်သော လျှပ်စစ်မီးအချို့ကို ပြန်ဖွင့်လိုက်ပါသည်။


လျှို့ဝှက်မြို့ရိုးဟူသော စာအုပ်လေးက ယခုထက်တိုင် ကြမ်းပြင်ပေါ်မှာ လဲလျောင်းနေဆဲ။ နောက်ဆုံးတော့ မတတ်သာတော့ဘဲ စောထူး စာအုပ်လေးကို ပြန်ကောက်လိုက်ရပါသည်။ စာအုပ်လေး လက်တွင်းရောက်လာတော့ ထူးခြားမှုတစ်ခုကို တွေ့ရ၏။

အဲဒါက . . .

စာရွက်လေးတစ်ရွက်၏ အနားစမှာ လန်နေသည်။

ဒီလိုမျိုး . . .





စာအုပ်မျက်နှာဖုံးနှင့် တွဲချုပ်ထားသော စာရွက်တစ်ရွက်ဖြစ်သည်။ ရှင်းအောင်ပြောရပါက မျက်နှာဖုံးခိုင်ခံ့ရန်၊ ရေခံသဘောမျိုး အတွင်းစာရွက်သားနှင့် တွဲချုပ်ထားခြင်း၊

ယခု ထိုစာရွက်လေးက မသိမသာလေး

ကော်ကွာကာ လန်နေသည်။

ဘာရယ်မဟုတ် စောထူး ခွာကြည့်လိုက်တော့ . . .

'ဗြဲ' ခနဲထွက်သွားသော ကော်ကွာသံတစ်ချက်နှင့်အတူ စာရွက်လေးက မျက်နှာဖုံးမှ ကွာသွားပါသည်။ ထိုအခါမှာတော့ . . .

အတွင်း၌ပေါ်လာသည်ကား . . .

လုံးဝ ထင်မှတ်မထားဘဲ . . .

"ဟာ . . ."



www.burmeseclassic.com

www.burmeseclassic.com

## လျှို့ဝှက်မြို့ရိုး

❖ နာမည်ရေးထိုးသူသည် ဤစာအုပ်၏ ပိုင်ရှင်ဖြစ်သည်။ ဤစာအုပ်ထဲ သင်၏မနက်ဖြန်ကို ဖော်ပြလိမ့်မည်။

## ပြုလုပ်ပုံ

❖ မှောင်မဲနေသောအခန်းထဲတွင် ဖယောင်းတိုင်မီးကို ထွန်းပါ။ ဖယောင်းတိုင်မီး၏ရှေ့၌ ပထမနေ့အတွက် ပထမဆုံးစာရွက်ကို ဖြန့်ထောင်ပါ။ ထိုအခါ ဖယောင်းတိုင်မီးက စာရွက်ကိုထိုးဖောက်ပြီး မျက်နှာချင်းဆိုင်နံရံ၌ စာကြောင်းများ ပေါ် လိမ့်မည်။ ထိုစာကြောင်းများကပင် ထိုနေ့တစ်နေ့တာအတွက် သင်ကြုံတွေ့ရင်ဆိုင်ရမည့် အကြောင်းအရာများဖြစ်၏။

## အချိန်ကန့်သတ်ချက်

❖ ညဆယ့်နှစ်နာရီနှင့် ဆယ့်နှစ်နာရီ တစ်မိနစ်ကြားတာလေ။

## နောက်ဆုံးအုတ်ချပ်

❖ ရေစိုမှ စာပေါ် လိမ့်မည်။

❖ စာအုပ်ကို ဖျက်ဆီးခြင်းမပြုရ။ စာအုပ်အားဖျက်ဆီးစဉ် မိမိစိတ်၌ရှိသော စိတ်အတိုင်းအတာနှင့် ညီမျှသောဒုက္ခကို ခံစားရမည်။

စွန့်ပစ်က စွန့်ပစ်နိုင်သည်။ မဖျက်ဆီးရ။



BURMESE CLASSIC .com

ဒါဟာ လျှို့ဝှက်မြို့ရိုးရဲ့ မာတိကာလား၊

ဒါမှမဟုတ် သတိပေးချက်လား။

ဒီလိုအရေးကြီးသောစာရွက်က ဘာလို့ မျက်နှာဖုံးအတွင်းဘက်မှာ ကပ်နေရပါသနည်း။

အစကတည်းက ကပ်ထားတာလား၊ ဒါမှမဟုတ် အရင်ပိုင်ရှင် ကပ်ခဲ့တာလား။

စောထူး ဘာဘာညာညာ စဉ်းစားမနေတော့ . . .

ဝင်းတောက်သောမျက်လုံးတွေနှင့် လုပ်စရာရှိတာကို လုပ်လိုက်သည်။

အနီး၌ရှိသော ရေသန့်ဘူးအဖုံးကိုဖွင့်ကာ နောက်ဆုံးစာရွက်ပေါ် လောင်းချလိုက်စဉ်မှာတော့ . . .

သီတာရေကြည်က စာရွက်လေးအနှံ့ စိုစွတ်ကာသွား၏။

ခဏအကြာမှာ . . .

ခဲနဲ့ရေးထားသလို၊

(သို့)

စုတ်နဲ့ ခြယ်ထားသလို ရှေးဟောင်းဆန်ဆန် လက်ရေးလှသားတချို့ပေါ်လာပါသည်။

ထင်ထင်ရှားရှားမဟုတ်ပေမဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးအုတ်ချပ်

နှစ်ဦးစလုံး အသက်ရှင်လိမ့်မည်။



"ဟင်း . . . . ငါ့နယ်မြေ"



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်လကြာပြီးနောက် . . .



# XXXIX

တောင်ကုန်းပေါ်သို့ ဆိုင်ကယ်လေးတစ်စီး မောင်းတက်လာသည်။ ဆိုင်ကယ်ပေါ်မှာ လူနှစ်ယောက်ပါလာ၏။ ကောင်လေးနှင့် ကောင်မလေး၊ ချစ်သူနှစ်ဦး ဖြစ်ပုံရလေသည်။

ကောင်လေးက ကောင်မလေးကို 'ဝါလေး' ဟုခေါ်၍ ကောင်မလေးက ကောင်လေးကို 'ကိုကို' ဟု ပြန်ခေါ်သံကြားရသည်။ (အခေါ်အဝေါ်ပြောင်းလိုက်ခြင်း ဖြစ်နိုင်ပါသည်။) တောင်ကုန်းထိပ်ကိုရောက်တော့ ဆိုင်ကယ်လေး ရပ်သွား၏။ ပြီး နှစ်ဦးသား ဆိုင်ကယ်ပေါ်မှ ဆင်းကာ တစ်နေရာဆီသို့ လျှောက်လှမ်းသွားကြသည်။

ကောင်လေး၏လက်တွင်းမှာ စာအုပ်တစ်အုပ် ပါလာပါသည်။

ကမ်းပါးစွန်းကိုရောက်တော့ ခြေစုံရပ်လိုက်သည်ကို တွေ့ရသည်။ တစ်ဦးကိုတစ်ဦးလည်း လေးလေးနက်နက် ကြည့်မိကြ၏။

မကြာလိုက် . . .

ကောင်လေး၏လက်တစ်ဖက် လှုပ်ရှားသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်လေးတစ်အုပ်မှာ လေထဲ၌ တလူလူလွင့်လို့ . . .

ᄍ ᄍ ᄍ

**သိုးဆောင်း**

မြန်မာစံတော်ချိန် မွန်းလွဲတစ်နာရီ

နှစ်ဆယ့်ငါးမိနစ် ရှိပါပြီခင်ဗျာ။



BURMESE CLASSIC .com

THOE SAUNG

# သိုးဆောင်း

ဟောဒါလက်ယာတောင်ဘက်ပါ။

လုံးချင်းဝတ္ထုသစ်

TWO THAMIFF PUBLISHING HOUSE

01 242219 09 5101290

www.burmeseclassic.com